

ဝိဇ္ဇကတ္တိယ သောကာနာနာ နယ ကောဝိဒ။
နိကာ ယဏ္ဏော-ပါရဂူ။ ဖြစ်တော်မူသော။ အဂ္ဂ မဟာ ပဏ္ဍိတ
ဘွဲ့တံဆိပ်တော်ရှ။


မန်လည်ဆရာတော်ဘုရားကြီး

အောက်မြန်မာနိုင်ငံသို့-ကြွတော်မူရာ
ခရီးစဉ်။ အလှူငွေစာရင်း။ အကျဉ်းသြဝါဒစာတမ်း။
ပုဆိန်ခွန်ရမင်္ဂလာ စတိုတော်အကြောင်း။ အဖေး-အဖြေများနှင့်။
ပုဂံတော်ဘွဲ့ဆင်ကြခြင်း-ကဗျာများပါ။

မန်လည်ဥဒါန်းသြဘာကဗျာကျမ်း။

၁၂၀၂-ခုနှစ်အတွင်း။

ပထမနှိပ်ခြင်း-စာအုပ်ငယ်(၁၅၀၀)



ဘိုးငွေ (၀-၀) ။ကသုဒ္ဓိစကြာဘုန်းစာတိုက်။ သင်တောစာရေး-မောင်ဘကြီး
ထိုးရိုက်ရှုံးပါသည်။

PRINTED AND PUBLISHED BY MAUNG KA,

မာတိကာညွှန်းချက်။

စဉ်	အကြောင်းအရာများ။	စာမျက်နှာနံပါတ်။
၁	မနဆည်ဆရာတော်ဘုရားကြီး။ အောက်နိုင်ငံသို့ကြွတော် မူရာမှာ။ ကျောင်းဝေါသို့- ဖြန်လည်ဆိုက်ရောက် တော်မူ၍။ ဒါယကာတို့ ပူဇော်ကန်တော့ကြသော သြဘာစာတမ်း	၂၀
၂	မနလည်ဆရာတော်ဘုရား။ ကွန်ခဲသော-ခရီးစဉ်။ စခန်းများဖျါးနိုင်ရာရီစဉ်းချပ်	၃၁
၃	၎င်း ခရီးစဉ်။ အင်းတော် မြို့သူကြီး ရေး သံပေါက်	၃၃
၄	၎င်း သစ် တောဝန်ထော ကိုမင်းစာရေး- မောင်ဘကြီး ရေးသားသော-ခရီးစဉ်အကျယ် လက်ခံတေးထပ်လေးချိုးများ	၃၇
၅	သစ်တောဝန်ထောက်မင်း-ဦးဘိုးသင်း K.S.M., A.T.M. ဘွဲ့ခံ-ရေးသားသောဂုဏ်တော်ဘွဲ့နှင့် အရပ်ရပ်မြို့ရွာကရေးသားကြသော ဘုန်းတော်ဘွဲ့များ	၄၂
၆	ရှေးမဆွက။ ဒသသိလ။ လူတို့- မစောင့်အပ် ကြောင်း။ပုဆိန်ဦးပဒုမကိုယ်တော်ကကန့်ကွက် သည်ကို။မနလည်ဆရာတော်ဘုရား ဖြေဆိုရေး သားသော-အဆိုး-၄-ပိုဒ်	၅၀
၇	မနလည် ဆရာတော် ဘုရား က။ ကုသိုလ် ရ ကြောင်း။ ကလျာဏကာရီအဖြေ- အနုဂ္ဂဟာစာ တမ်းအမိန့်တော်။	၅၂

စဉ်ပြ	အကြောင်းအရာများ။	စာမျက်နှာနံပါတ်။
၁၀	ဂင်းအမိန့်တော်ဆုံးဖြတ်ချက်ကို။ သဘောမကျကြောင်း။ ပုဆိန်မြို။ ဆေးဆရာ-မောင်ကလေးလျှောက်ချက် ...	၇၄
၁၁	ပုဆိန်မြို။ မောင်ဘိုးလှိုင်။ မောင်ကလေးတို့ကလည်း။ ဂင်းကိုဖြေဆိုနိုင်သူ ပေါ်ထွက်ဂ-။ ငွေ(၂၀၀)ဆုပေးမည့်ကြော်ငြာစာ ...	၇၆
၁၂	ဦးရေ-၁၀-၁၁-အရ။ မနုဏည် ဆရာတော်ဘုရားကြီး။ ဒုတိယဆုံးဖြတ်ချက် အမိန့်တော်စာတမ်း	၇၈
၁၃	ဂင်းစာကို။ ပုဆိန်ဆရာမြင်ဂ။ ဖြေဆိုကန့်ကွက်သောစာများ	၈၄
၁၄	ပုဆိန်မြို။ဦးအာသံ ကိုယ်တော်ကထည်း။ မောင်လှိုင်။ မောင်ကလေးတို့အ-တွက်။မနုလည် ဆရာတော်ထံ။အမိန့်တော်စာတမ်းကို။ ကန့်ကွက်ဖြေဆိုသော-တေးကဗျာအချို-၅-ပိုဒ် ...	၉၄
၁၅	မနုလည်ဆရာတော်ဘုရားကြီးက။ပြန်လှန်၍ရေးသားလိုက်သော။ ကုသိုလ်ဝေဝါဒ'အချို အဝိုဒ် ၂၀-အကြောင်း ...	၉၅
၁၆	ဂင်းနောက်။ဆရာမြ။ မောင်လှိုင်။ မောင်ကလေးတို့က။ပြန်လှန် ရေးသားလိုက်သော- အချို-၄ ပိုဒ်။	၉၉

စဉ်	အကြောင်းအရာများ။	စာမျက်နှာနံပါတ်။
၁၇	သစ်တောဝန်ထောက်မင်း-ဦးတိုးသင်းကာပုထိန်ဦးပဒုမထံ၊ ၁၄-၁-၁၉၂၀- ရက်နေ့တွင်။ မနှလည်ဆရာတော်ဘုရားနှင့်။ပုထိန်ဦးပဒုမပါ။ လူများနှင့်တကွ။ အစောင်းအချိတ်တေးကဗျာ။ရေးသားသည်ကို။ကျမ်းဂန်မှတပါး။ အခြားအပိုအအားစောင်းအချိတ်များမရေးသားရန် လျှောံသောစာ	၁၀၂
၁၈	ပုထိန်ဆရာမြိုကာ၊ ဤစာအရ။"မနှလည်ဆရာတော်ဝန်ခံ ကနှတော့မည်ဟု။ မနှလည် ဆရာတော်-သပ္ပါ။ရိသဖြစ်ကြောင်း။ထုတ်ဝေသော ကြော်ငြာစာ	၁၀၄
၁၉	သစ်တောဝန်ထောက်မင်းက။ရင်းကြော်ငြာအရမဟုတ်မမှန်ကြောင်း ဖြေဆိုသော။ တေးထပ်သဖြန်လေးချိုးများ	၁၀၆
၂၀	ဦးရေ-၁၆-အဝေ။မနှထည်ဆရာတော်ဘုရားက။ ဖြေဆိုတော်မမှချင်းကြောင့်။သစ်တောဝန်ထောံမင်းက။ပဌမအပိုဒ်(၅)နှင့်။ ဒုတိယနောံ(၂)ပိုဒ်။ (၆)ပိုဒ်အတွက် ဖြေဆိုသော။ သဖြန်တေးထပ်အချိုးများ။	၁၀၈
၂၁	ဆရာတော်ဘုရားကြီး။ အောက်နိုင်ငံမှ။ နေရင်းမနှလည်မြို့သို့ပြန်လည်း တော်မှရာ။ အောက်နိုင်ငံများကလွမ်းဆွတ်ကြည့်ကွဲကြ၍ငိုကြပုံ။နွေးချိုးကြိုချိုးနှင့်စတုချိုးများ	၁၁၆

မာတိကာညွှန်းချက်။

အကြောင်းအရာများ။	စာမျက်နှာနံပါတ်။
အရပ်ရပ်လှူဒါနိုးပူဇော်ကြသော- အလှူငွေ-သုံးငွေစာရင်း။(ဤဓမ္မယာဇသည်-နောက်ဆုံးက နေသေ်လည်း။ဦးရေနံပါတ်-၅-နောက်တွင်။ ပါလိုရင်းဖြစ်သည့်)	

မာတိကာညွှန်းချက် ပြီးပြီ။

ပဏာဒိဂါထိုး။

ဖေယျတူ။ ။ခန္ဓိဗလေနသမနာဂတဇ္ဇာခန္ဓိဗလံ။ပဂ္ဂဏှာ
ပါဠိနှင့်အညီ။ဝသိဝါသနာ။ရုန့်ကြမ်းစွာသော။အာဠဝက ဘီလူး
ကြီးသည်။ဒီးကန္ဒာပျက်၊ ဖြေကတက်၍။ အဓိကအာဘာသရ။
ဖြဟ္မဒုဘုံဆိုး။ပတ်ကုံးတလျောက်။အောက်အစဉ်း၊ဘီလာဖြောင်
ဖြောင်။တောက်လောင်ရဲရဲ။စွဲသည်အဝတ္ထု။ပွန်ဆူကျိုက်ပွက်။ ဒေါ
သထွက်၍။လက်နက်ကိုးပါး။ ဘွဲ့ရလျှားတံဖြင့်။ အံသွားကြိတ်ခဲ။
နှင်လားဟဲဟာ။မောင်းမဲအာဒါဟစ်။ ဝဲပစ်ရုံမျှ။ မလာလေသေး။ဆဲ
ရေးဝေါက်ငမ်း။မြည်တမ်းဖြစ်တင်။ ဝင်ဦးလွှက်ဦး။အလူးလူးအ
ထွေထွေ။မထေဒေလေးစား။စကားဖြင့်နှိပ်စက်။လက်နက်ဖြင့်ချောက်
ချမ်း။အစိမ်းဘမ်းသကဲ့သို့။သောင်းကျန်းနှင် ယက်။ ဗလကြွာရုပ်ပြ
သမျှကို။အဓမ္မလုပ်ကြံလို။မြတ်ဘုန်းဆုသည်။ဆုဘီလူးအား။ သနား
ကရုဏာ။ကြီးလွန်း၍။ ရာဟုသာ သားတော်နှင့်အဝှေ့။ အလုပ်ပြု
လောက်မှု။အာဠဝကဘီလူး၏အပေါ်ဆွဲ။နွဲ့လုံးတော်မကို။မင်္ဂလာ
ကျေးဇူး။ရာထူးကြီးမား။ သနားတော်မူဦးမည်ဟု။ ရွယ်ရည်ဖြောင့်
ဆလျက်၊ရိုင်းပြလွန်ကဲ့။ ဇင်္ကမူးယစ်မှု။ပြုသဖြင့်၊ ကို။ချမ်းမြေ့
သာယာ။မေတ္တာထပ်မံ။သည်းခံတော်မူနိုင်ခြင်းသည်လည်း။ ခန္ဓိဗ
လေမည်၏။ထိုအာဠဝကအစရှိသော။ မာနခက်ထန်။မာဂဏ္ဍိမ။
သုန္ဒရီမ။ယောက်ဖတော်ဒေဝဒတ်။ဆာသည်ဆွာရှု။ အာဂလူရှု။လူ့ပ
လပေ။ လူ့ညစ်တေတို့က။မချေမငံ။ပျက်ကြောင်းကြံ၍။ နှိပ်နှံကဲ့ရဲ
အကျိုးမဲ့ရှုတ်ချ။ပြုလုပ်ကြသည့်ကို။ပမာဏမမှတ်။ကရုဏာသမာ
ပတ်ဖြင့်။မပြတ်ဆက်ဆံလျက်။သည်းခံတော်မူခြင်းကြောင့်။ ခန္ဓိ
ဗလအမည်တော်ရသော။ဒေလာကထွတ်သား။ဘုရားသခင်၏ အင်္ဂါ
ယာနွယ်ဝင်။အရှင်သမုတိ ဖြစ်တော်မူသည်နှင့်အညီ။ ဂြိုးထက်
ကာလ။ရေတွက်ဆသော်။ဒီဃသံသရာ။ဖြစ်ရာဇာ။ ၆၀၃-ခုနှစ်တွင်။ခေတ္တ

ရာဖြည်။ဓာနည်ပဝဏ်။သဃမင်းမြတ်၏အမတ်ဒိပ္ပနရာ။ လူငါးရာ နှင့်။အခါနိပိတ်။အောင်အံ့တိတ်ရ။အာဒိစလျက်။ ပဌမတည်။ရှိမန် ထည်ဟု။အမည်တစေ။ ခေါ်သွန်းပေသော။ ဤမန်လည်ရှိမ။ ပြာ သာဒ်ကျောင်းကြီးဆရာ။ဂန္ဓာရပါရဂူ။ဆူဆူပါဌဂုတ်။ မယုတ် စွယ်စုံ။ညာဏ်မျိုးကုံအောင်။ငုတုံပလဲ့။တက္ကဝိ။ဂုဏ်သိဒ္ဓိကြီး။ မြောက်ပြီးတဆူဖြစ်တော်မူလတ်။ဘဒ္ဒန္တဓမ္မနန္ဒ။အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တော်ရအမော်။ပုဂ္ဂိုလ်ကျော်အာဂုဏ်။ဖြစ်တော်မူသော။မန်လည် ဆရာတော်ဘုရားကြီးသည်။သာသနာအကျိုး။ မှုံ့ပြီးသာယာ။ပွါး တိုးစေခြင်းငှါ။ချည်သန်တော်မူ၍။ရာမညတိုင်း။အောက်ပိုင်းသုနာ ပရန်။တဘန်ကမ္ဘောဇ။ဘယ်မျှမကြွင်း။ရုန်ဆင်းဒေသစာ။ ကြွမြန်း ခါလျှင်။ပမာန္တုန်းသွင်။ သုံးပြုရှင်သည်။အစဉ်တံထွာ။ ဝါ-၄၅။ မြတ်ဘုရားကို။ဝေဿာကြားနီယာဝဓ်မြမှန်သည်မည်။ တရထည်သို့။ ရှင်ကြွသင့်ဒေသနာ။ဟောသေပါလျှင်။သတ္တဝါရှင်လူ။ဦးဖြူဦးနက်။ ဖြည့်လျက်တင်းကျပ်။ ဆွမ်းရောကွမ်းရော။ ရသာရုံ ရောနှောလျက်။တောမသတ်ခါခါ။လှူဒါနအဖြာဖြာတို့မှာ။ ဘယ်ခါမဆိတ်။ ကောင်းနိဒါတ်ဩဘာသ။ပူဇော်ကြအမျာ။ဘုရားပါ-တရားပါ-သံဃာပါနှုလုံးသွင်း။သေရှဆရာဟောခြင်းကြောင့်။ ပွင့်လင်းသာ သနာ။စည်ပင်ရာလျက်။ချီးမြှောက်ခါတကြောင်းရင်းထိမှ။ဆရာ တော်ဘုရားကြီးသည်။ခရီးကွန်းသောက်နေရင်းမြို့မ။ ဝိဟာရမန် လည်သို့။ပြန်သည်လာရောက်သည်ကိုင်အောင်။ ခရီးအစဉ်။အခြင်း အရာ ဩဘာဒီပနီကျမ်းကိုလည်းကောင်း။

တကြောင်းထိမှ။ဂုဏာဂုဏ်တော်။တန်းခိုးတော်တို့ကို။ ဖြေပေါ် တင်ရှိ။ လူရှင်ကဝိတို့က။ ပဒေးပူဇော်။ ကော်ရော်ဘွဲ့ကြွေးကုန်ကြ သော။ဘုန်းတော်ဘွဲ့ဂါထာ၊ကဗျာတေးထပ်။ရတုညှပ်၍။သင့်အပ် ရကန်။တတန် သံပေါက်မျှားကိုရှင်း။


ရှင်းပြင်။နဝကမ္မလှူဒါနဖြင့်။ ရသမျှင်။ သုံးပြုလေသည်ကို။ သေချာစေယာ။ ဝိုင်းခြားရေးမှတ်။ လယ်ကြာစုံသွင်း တပ်ထျက် ဘော်ပြခြင်းကိုလည်းကောင်း။

ယခင်အခါက။ ပုဆိန်ဖြို။ကုန်းသာဆရာတော်-ဦးပဒုမန္တင့်။စန္ဒ
ယွက်ထွေး။ကျင့်ဂေးသိလ။ဒဿအပြား။လူကားကျင့်အပ်။ ဃကျွင့်
အပ်ကို။ဆုံးဖြတ်ဂေးသားရာ။ဂေးလားချိုးကြိုးများကိုလည်းကောင်း။

ယခုအခါ။ဂင်းပုဆိန်ဂွေ့ရမဂ္ဂေါဘုရား။စေတီတော်ကို။ကလျာ
ဏကာဓိ။အညီမယွင်း၊ဂါတ်ဒီး ဂါတ်ကြိုး။မြုပ်သွင်းခြင်းနှင့် စပ်
လျဉ်း၍၊အချင်း ဖြစ်ပွါးရာ။ အဌကထာကျမ်းကို။ ထိုးထိုးထွင်း
ထွင်း။ဥာဏ်ဗျူဟာပစ်ခွင်း၍။ဂေးသွင်းရာစာတမ်း။တခန်း ကြော်
ငြာ၊ကဗျာလေးချိုး။အမျိုးမျိုးတို့ကိုလည်းကောင်း။

အပေါင်းသင်္ဘ။ များသုဇနတို့သည်။ ဆရာတော်ဘုရားကြီး။
အောက်မြို့နိုင်ငံတော်မှ။ တရားဂရေး။ တိုက်ကျေးလပြီး။နေရင်း
မနှလည်မြို့သို့။ပြန်ကြွဂေးတော်မူသွားသည့်နောက်။ အောက်မြို့ရှိ။တ
ကာတကာမများတို့က။အထူးသဖြင့်။လွမ်းဆွတ် ကြည်ကဲ့။ပုလဲ
တမူး။ကြည်နူးလေးမြတ်။ ဖြစ်လတ်ကြသော အဂ်ကြောင်းများဖြင့်။
သောင်းလုံးဂြေလျှို။ကျံကျဲကြွေးရှင်။ ဂေးသားတင်ဆက်ကြသော။
ဒွေးချိုးလေးချို။။ဂေးရိုးတတန်။သဖြန်းတေးထပ်။ ဦချင်းပါညှပ်ပြီး
လျှင်။သင့်အပ်သောစာမူ။ အဂောင်ဂောင်တို့ကို။ ကောင်းစွာ ရှု
ပေါင်းပြီးခါ။ (ဤမနှလည်ဥဒါန်းသြတာကဗျာကျမ်း) အမည် ရှိ
သောစာအုပ်ကို။မ ဆွဲလေးမြို့။ ၂၄-ဘီးလမ်း။ ဖြန်မာ့တာရာသတင်း
စာတိုက်တွင်။စက်တင်ပုံနှိပ်လုပ်ဆောင်ပါသည်။

Maung Ba Gyi.



“ အာဂမဟာပဿိတ ” ဟူသော်သံဆိပ်တော်ရ။
က သဒ္ဒါစတြိတ်။ မနိလည်ဆရာတော်ဘုရားကြီး။
ကျက်တော်-၇၈။ဝါတော်-၅၅-သို့ ရောက်တော်မူသောအခါ။
အောက်ဖြန်မာပြည်သို့ ကြွတော်မူသော အကြောင်းအရာ
နှင့်
ပြဿနာတည်း။

{ မာတိကာ။ }

၁။ ။ကြွရောက်တော်မူရန်အကြောင်းပေါ်ပေါက်လာခြင်းနှင့် အကြံပြုချက်များ။

၂။ ။ကြွခဲ့တော်မူသည့် ဂုဟာနှီးပရိသတ်။လူပရိသတ်များ။

၃။ ။ကြွရောက်တော်မူမည့် အခမ်းအနားများ။

၄။ ။ကြွရောတော်မူသော ခရီးလမ်းစဉ်-ပူဇော်ကန်တော့ ကြသောအခမ်းအနားများ။

၅။ ။အလှူဝင်ငွေနှင့်အသုံးစာရင်းအင်းများ။

၆။ ။ဆရာတော်ဘုရားကြီးဆောင်ရွက်တော်မူခဲ့သောကိစ္စ တော်များ။

၇။ ။ဆရာတော်ဘုရား၏ ဂုဏ်တော်ကျေးဇူးတော်ကို။ ဘွဲ့ ဆိုသိကုံးချီကန်တော့ကြသောတေးကဗျာများ။

၈။ ။ကျောင်းတော်သို့ပြန်ရောက်သောအခါ။။မန်လည် ရွှေသူ ရွှေသားတို့က။ မင်္ဂလာသဘင်-ယင်ကြီးယင်ချီ။ကြွေဆို

ပူဇော် ကြသောအခါ။ သစ်တော ဝန်ထောက် မင်း-
ဦးဘိုးသင်း K. S. M., A. T. M. က-ဘတ်လျှောက်
သော-မင်္ဂလာဩဝါဒစာတမ်း။

N. B. မှတ်ရန်။—အထက်ဖြဆိုသော အချက်—၁-က —၈ တွင်။
၈-အချက်မင်္ဂလာဩဝါဒစာတွင်။ အနှည်းငယ်
အချုပ်ဘော်ဖြပါမည်။ နောင်အကျယ်ဖြသော
အခါရှိသော်။ နာခံ မှတ်သားတော်မူ ကြစေလို
ပါကြောင်း။

(၁—၂—၃—၈)အချက်—မင်္ဂလာဩဝါဒစာ။

၁။ ။ဤကျွးဇူးရှင်ဆရာတော်ဘုရားကြီး။အောံဖြန်မာနိုင်ငံသို့
ကြွတော်မူရန်အကြောင်း။စတင်ပေါ်ပေါက်လာခြင်းမှာ။ဟသံဝတ
ဒီစတြိုက်။ခေလွန်ဖြို့သစ်။သရက်တောကျောင်းတိုက်။ ဆရာတော်
ဘုရားကြီး ဦးအာသဘ။အရှင်ဘုရားသည်။အထက်အခါက။သင်္ဃ
ာဆရာတော်။မဟာဝိသုဒ္ဓါရာမအင်းခန်း ဆရာတော်ဘုရားကြီး
တို့အုပ်ချုပ်၍သမုတ်ထားသော-သိမ်ကြီးသည်။မြစ်ကမ်းပြိုပျက်
၍ပါသွားသဖြင့်။ဂင်းဆိပ်ကမ်းမှတဆင့်ကွာဖြို့သစ်တွင်။ယခုအခါ
မြန်မာနိုင်ငံတော်ရှိ။ကျမ်းတတ်ပုဂ္ဂိုလ်ကျော်။မနုလည်ဆရာတော်
ဘုရားကြီး အားအကြီးအမှူးပြု၍။သိမ်အသစ်သမုတ်လိုကြောင်း။
ဦးဖြင်ထည်း။မနုလည်ဆရာတော်ဘုရားကြီး၏ကထာသတင်းတော်
ကိုသာ၊ကြားသိရသည်။ယခုသင်္ကတော် ၈၀-ရှိသည်တိုင်အောင်
ကိုယ်တိုင် မတွေ့မမြင်ရသဖြင့်။အလွန်တွေ့မြင်လိုကြောင်း။ကြီး
မားသောသမ္ဘါဆန္ဒတော်ရှိသည်နှင့်။သိမ့်အမဒေါ်စိန်။သားသို့တို့
က။စရိတ်ငွေ(၇၅၀)ပူဇော်စေ၍။ဖြည်တော်ပြန်။ဂေါပကငွေထိန်း
လုကြီးကိုဘိုးအောင်နှင့်။ဦးသန္ဓရအရှင်တို့ကို။မနုလည်မြို့။ကြာသာဒ
ကျောင်းကြီး။ ဧရွှစက်တော်အောက်။ ပင့်လျှောက်လာသည်ကို။

ဆရာတော်ဘုရားကြီး- ကြားသိတော်မူရလျှင်။ ဘဝသံသရာ။ ကမ္ဘာဘာက။ကလျာဏဓိတ်ကျမ်းဝင်။ယင်တော်မူခဲ့ဘူးကြသည် ဖြစ်၍။ရုံညီရည်သန်။ ဆေဝ်နိုးဘန်သဖြင့်။ ဆန္ဒအာသာတော် ဂို သည်တကြောင်း။။

၂။ ။အောက်နိုင်ငံဂို-သဂိရရဓါတ်တော်။ ပြည်။ပုသိန် ဇွန် မုဇွေး။တိဂုံ။ပဲခူး။သထုံ။မော်လမြိုင်စသော။ စေတီတော်ကြီးများကို။ ပူဇော်ကြည်ညိုလိုသည်တကြောင်း။ ရဟန်းပညာဂို စသော ပုဂ္ဂိုလ်းကျော် အာဂုင်သူမြတ်တို့နှင့်လည်း။ သမဂ္ဂသမောဒါန်။ ပဋိသန္ဓာရဖြင့်။ တိုင်ပင်ပြောဆိုလိုသည် တကြောင်း များကြောင့်။ အမြန်ကြွရောက်လိုသောဆန္ဒတော်ကြီးဖြစ်လာရကား။ သို့သော်။ လိုက်ပါလိုသူ။ ဂုဏ်လူအများ။ သနား၍ညှာ။ မတားသာ သဖြင့်။ အများပရိသတ်ဂို့စရိတ်ကုန်ရန်နိုဓိတ်သံကို။ပင့်လျှောက်လာသော လူကြီး- ကိုဘိုးအောင်သိရလျှင်။ခိုင်တင်းစွာအာမခံနိုင်သည်နှင့် ကျွန်တော့် ကိုခေါ်၍။ဆရာတော်ဘုရားကြီးမိန့်ကြား တိုင်ပင်တော်မူရာတွင်။

၃။ ။ကျွန်တော်သည်။အခံမြန်မာနိုင်ငံ၌။ သစ်တော အတတ်ပညာကို။ ၂-နှစ်တိုင် သင်ကြားနေခဲ့ဘူးသည့်အတွက်။ အောက်နိုင်ငံဂို-လူကြီးမင်းတို့ဂို့။သဒ္ဓါ-ပညာ-ဓန ဗလမှစ၍။ရဲစွမ်းထက်သန်။ဆုတ်လန့်မှုံ့။မတွန့်မထိတ်။ ကြောင်းနိုဓိတ်ကို။ ဆိုဖြင့်ခဲ့မျှသည်တရပ်၊ အထက်နိုင်ငံ။ကျွန်တော်တို့မြို့ရွာဂို့။ လူအပေါင်းတို့လည်း။သဒ္ဓါကြည်ညို။ ကိုးကားယုံကြည်ပြီးသော-နှလုံးဆန္ဒဆိုဂို့ရသည်ထည်းတရပ်။သို့အတွက်။ ဤမျှလောက်ကိစ္စကို။ လွယ်လင့်တကူပြည့်စုံထမြောက်ရန်။ထင်မြင်ပြီးလျှင်။ ရဟန်းတော်(၁၀၀) လူပရိသတ်(၂၀၀)အတွက်။ ကုန်ကျရန်စရိတ်ငွေ(၁၀၀၀၀) ကျော်တန်လောက်ကအစပြု၍။ကြွရောံတော်မူရန်ကိစ္စကို။ ရဲတင်းစွာအာမခံရာတွင်။ ဆရာတော်ဘုရားကြီးအား။မျှားစွာ ဘွဲ့ဂုဏ်လန်း။ အားရပါး နှစ်သက်တော်မူသဖြင့်။ ပင့်လျှောက်ရင်း ဆရာတော်-

ဦးအာသဘ အာရှင်ဘုရားထံ။ကြွလာတော်မူမည်ကို။ စာဖြန့်ခွင့်ပြုတော်မူလေသည်။

၄။ ။ဤကဲ့သို့ဆရာတော်ဘုရားကြီးသည်။အောက်နိုင်ငံသို့။ ရဟန်းတော်(၁၀၀)လုပရိသတ်(၂၀၀)နှင့်။စပါယ်ရှယ်မြို့ရထား သဘော်ဝိုင်များနှင့်။လှည်လည်ကြွတော်မူမည်။စရိတ်ငွေအတွက် နိဗ္ဗာန်ကျွတ်အဖြစ်ဖြင့်။လှူကပ်လိုသူ။လမဲးစဉ်တလျောက်။ဆွမ်း ဘောဇဉ်။အလှူဝတ္ထု။လှူကပ်လိုသူ။တရားတော်ကို နာခံကြည်ညိုလိုသူ။သမ္မာဆန္ဒရှိတော်မူကြပါက။ကသာသစ်တောဝန်ထောက်မင်း-ဦးဘိုးသင်းထံ။စာဖြန်ကြားပါမည့်အကြောင်းနှင့်။၁၉၂၀-ခု ဇန္နဝါရီလ။သူရိယသတင်းစာတွင်ထည့်သွင်းကြော်ငြာလိုက်ရာ။

၅။ ။(က) ကသာဒိစကြိတ်။နမ္မားမြို့။ ဓနဘောဂကုမ္ပဏီထိပတက်မန်နေဂျာ။ပွဲစားကြီး-ကိုပန်းညိုက။ကိုယ်တိုင်ပူဇော်လိုက်ပါလိုသော်ထည်း။ယခုအခါ။ကိုယ်စားလှယ်သေဆုံး၍။မလိုက်နိုင်နောင် ဝန်ထောက်မင်းဆောင်ရွက်ရသော။စရိတ်ငွေများလစ်လပ်ခဲ့ပါလျှင်။ကမ်းသတ်ခြင်းမရှိ။တရုကျ ခံဝန်လှူဒါန်းပါမည်။ဝန်ခံချက်ရှိသည်တရင်။

(ခ) ကသာမြို့။ အမိန့်တော်ရ-ကိုစောကလည်း။ ကိုပန်းညိုကဲ့သို့ပင်။တရုကျလှူဒါန်းပါမည့်အကြောင်။ ကိုယ်တိုင်ပူဇော်လိုက်ပါပါမည်။ဝန်ခံရှိသည်တရင်။

(ဂ) ပုသိန်မြို့။တလိုင်းချောင်းရေနေ။ ဝိသုဒ္ဓါရာမ ကျောင်းတကာ။ သမာဓိမြို့ဝန်မင်း-ဦးတင်ဖြိုး K. I. H နှင့်။ ပွဲစားကြီး-ကိုစိုးမောင်။ကိုကုလားတို့က။နဝကမ္မအဖြစ်ဖြင့်။ငွေ(၁၀၀၀၀)ချက်ခြင်း-စာပို့တိုက်တွင်။ ကပ်လှူထည့်ပို့လိုက်သည်တရင်။

(ဃ) မြစ်သားမြို့။ သစ်တောဝန်ထောက်မင်းသား။ မြို့ပိုင်မောင်မောင်ကြီးနှင့်။မြို့ရွာရှိ-နယ်ပိုင်ဝန်ထောက်။ရှေ့နေတော်မင်းလူကြီးမင်းစသော။မြို့ရွာများကထည်း။ တရားတော်နာခံပူဇော်၍။ စရိတ်ကြေးငွေ။ဆွမ်းဘောဇဉ်ကပ်လှူပူဇော်လို၍။ ကြွတော်မူရန် ပင့်လှာပို့လိုက်သည်တရပ်နှင့်။ပြုံးမြို့ရှိ။ ရုံပိုင်ကြီး-ဦးဘိုးထူးနှင့်။မြို့

ရွာဂုဏ်အသရေရှိ။လူကြီးမင်းတို့ကထည်း။ မြစ်သားမြို့ကဲ့သို့ပင်။ ကပ်လှူပုဇော်လိုကြောင်း။ပင့်လွှာရှိသည်တရပ်။

(ဂ) ပဲန္နယ်ကုန်း။ဦးစန္ဒာဘာသာသိရိနှင့်။ မြို့ရွာ ဒါယကာတို့ ကလည်း။အာထက်မြို့ရွာနည်းအတူ။ကပ်လှူ ပုဇော်လိုကြောင်း။ပင့်လွှာ ပို့သလိုက်သည့်တရပ်။

(စ) စစ်ကိုင်းမြို့။ကျိုက်ဖတိုင်တိုက်။ဦးဥဂံသနှင့်။ ကျောင်းတကာ။ပွဲစား-ဦးဘိုးသိန်းနှင့်။မြို့ရွာကလည်း။ အာထက်ကနည်း။ ဆက်ကပ်ပုဇော်လိုကြောင်း။ ဆရာတော် ကိုယ်တိုင်။ ငွေစက်တော်အောက်။လာရောက်ပင့်လျှောက်သည်တရပ်။

(ဃ) ကသာဒိစတြဲတိ မြို့နယ်ကလည်း။ တချို့ ကိုယ်တိုင်လိုက်ပါ။ တချို့အလှူငွေများကို။ လှူဒါန်းဆက်ကပ်ကြရာ။ ငွေ(၁၀၀၀၀)ကျော်ခန့်-ရရှိသည်တရပ်။

၆။ ။ဤကဲ့သို့-ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ အလိုတော်ဆန္ဒအတိုင်း။ချက်ခြင်းပြည့်စုံထပြောက်ရန်။ အမှန်ထိရှိရပြီးဖြစ်၍။ကြွေတော်မူမည့်အခမ်းအနားကိုစိမံရာ။

(က) ရေပဟန်းတော်ဘက်ဆိုင်ရာ၊အုပ်ချုပ်ရွက်ဆောင်ဘို့။အာရှင်သာရိပုတ္တရာနှင့် တူတော်မူသော။ တပည့်ကြီး-ဆရာတော်ဦးမန္ဒာသည်။ ကွေတော်မူမည့်ဆဲဆဲ။ မကျန်းမာ တော်မူထား၍။ လိုက်ပါခွင့်မရ ဝမ်းနည်းစွာနှင့်ပင်။ ကျောင်းတော်မှာ နေရစ်ခဲ့ရထေသည်။

(ခ) အရှင်မောဂ္ဂလာန်နှင့် တူတော်မူသော။ မနုလည်ဖြောက်ကုန်းတောရဆရာတော်ဝည်း။ ဆရာတော်ဘုရားကြီး၏။ အဘိုးငွေ(၆၀၀၀၀)ကျော်တန်-စံကျောင်းအုတ်တိုက်ကြီးကို။ ပင်ရှင်အငြိမ်းစား၊အင်းတော်မြို့အုပ်မင်း-ဦးကျော်နှင့်ကြီးကြပ်ဆောက်လုပ်ရာအနည်းငယ်မပြီးသေး၍။လိုက်ပါခွင့်မရ။ ဝမ်းနည်းစွာနှင့်ပင်။မြို့အုပ်မင်းပါ-နေရစ်ခဲ့ရထေသည်။

(ဂ) ညြိုးတော်အာနန္ဒာနှင့်တူတော်မူသော။တပည့်ဦးဖြူးကိုယ် တော်သာလျှင်။ အာဂန္တုက ဝတ်နှင့်တကွ။ ဆရာတော်၏အပါး တော်မြှ။ပူဇော်လိုက်ပါရလေသည်။

(ဃ) ၎င်းဖြင်။ ဆရာတော်ဘုရား၏ ကိုယ် စားထည် အဖြစ်။ ဘေးင်ဝန်ဆရာတော်။ ကသာဂိဏ်းထောက်ဆရာတော်။ဝန်းသို ဗောဓိကုန်း ဘုန်းကြီး။ ငှိး ခန္ဓီးဘုန်းကြီး။ မနီထည်မြို- ပြောက် ကျောင်းဘုန်းကြီးတို့နှင့်။အာရုံသဃ်ာတော်(၅၀)လိုက်ပါရန်စီမံပြီး လျှင်။

၇။ ။လူပရိသတ်ဘက်ဆိုင်ရာလည်း။ သစ်တောဝန်ထောက် မင်း- ဦးဘိုးသင်း(K. S. M., A. T. M.)ကို။ အကြီး အမှူး ထား၍။

(က) မနီလည်မြို့သူကြီး- မောင်သာဓုနည်က။ လူငယ်-၂၄ ယောက်နှင့်။ဆရာတော်ဘုရားကြီး၏ယာဉ်ထမ်း ပစ္စည်းထိန်းအာ လုပ်နှင့်။ဆရာတော-ဦးဖြူး၏ ဝတ်ဟရားကို။ ကူညီဂျက်ဆောင်။ ကိုယ်ရုံတော်အဖြစ်နှင့်-ပူဇော်လိုက်ပါရလေသည်။

(ခ) နေမျိုးမင်းထင်။ကြက်သရေဆောင်။ ဂုဏ်အာသရေဂို။ ငွေ ခါးရမင်း။ ကြိုးတောင်-ဇွန်မှူးကြီး။ ဦးငွေးကြွေင်ကထည်း။အပါး တော်မြှ၊သက်တော်စောင့်အနေနှင့်။ပူဇော်လိုက်ပါရလေသည်။

(ဂ) အရုံကပ္ပိယအဖြစ်နှင့်။ ကသာမြို- မောင်ကျော်ဇံ။ သား မောင်ဘတင်။ ကျောင်းဆရာ-မောင်ဘိုးသာနှင့်။ ကန့်ဘလူ ပွဲစား ကြီး-ဦးအုံတို့ကထည်း။ ကပ္ပိယအနေနှင့်။ ပူဇော်လိုက်ပါရလေ သည်။

(ဃ) မနီလည်မြို့။ ဓါတ်ဆရာ-ဆရာညွန့်က လည်း။ ဇီဝက ဆရာကဲ့သို့-ဆေးဝါးကပ်ဆက်။လိုက်ပါရလေသည်။

(င) မနီလည်ဝန်ကတော်။ ကျောင်းအုပ်ကြီး- ဒေါ်ကျေးက။ သား၊သမီးများနှင့်လူငယ်-၂၀ ကိုအုပ်ချုပ်၍။ဝိသာခါဒါယိကာမ ကြီးကဲ့သို့။ဆွမ်းချက်ပြုတ်ကပ်လှူပူဇော်လိုက်ပါရလေသည်။

(စ) နဘား၀ူတာ။ကံတရိုက်-မောင်ဖြင့်ကလည်း။ရင်းဇကျောင်း အာမကြီး၏ဝတ်တရားကို ကူညီ၍။လူငယ် ၁၀-အပေါ်အရွယ်ရှိ ပြီးလျှင်။စားတော်ကဲအဖြစ်ကဲ့သို့။ချက်ပြုတ်ပုဇော်လိုက်ပါရလေသည်။

(ဆ) ကသာဖြို။အပိန့်တော်ရမင်း - ကိုစော။ဂုဏ်းကုန်သည် - ကိုနွေနှင်း။ မဏ္ဍိလေးပွဲစား-ကိုချမ်းမြတ်ရှိကလည်း။အကျိုးဆောင်လူကြီးအဖြစ်နှင့်။အရေပရေလူကြီးမျာ:အပေါ်။ ဝန်ထောက်မင်းအား။ ကူညီပုဇော်လိုက်ပါရလေသည်။

(ဇ) မန်လည်ဝန်မင်းကြီးဖြေ။ မန်ဆည်ဖြိုသူကြီးသား- သစ်တောစာရေး မောင်ဘကြီးကဆည်း။အရေပရေအသုဝင်ငွေ။အသုံးငွေ-စာရင်းများကိုရေးမှတ်၍။ဘဏ္ဍာတော်ထိန်းအဖြစ်နှင့်။ပုဇော်လိုက်ပါရလေသည်။

(ဈ) အင်းဒတော်ဖြို့သူကြီး-ကိုကိုးသက်။ဂုဏ်ဖြို့သူကြီးကတော် မညွှန့်နှင့်။သစ်တော၀န်းထောက်မင်းညီ။ ယယ်ဖြင်ရွာ။ကော်မတီလူကြီး-ကိုဆိုးတို့က။အဓိပရိသတ်များနှင့်။ မယ်သူတော်(၃၀) ကျော်တို့ကို။ရွက်ဆောင်အုပ်ချုပ်၍။မိမိတို့စရိတ်နှင့်ပင်။ ပုဇော်လိုက်ပါရလေသည်။

ဂ။ ။အာခမ်းအနာ:များ စိမံဖြိုးဖိုး ဂိုဏ်ဖြင့်။ စရိတ်ရငွေများ။ ပုထိန်ဖြို့ ဦးတက်ဖြိုးက ငွေ(၁၀၀၀)။ဇလွန်ဖြို့သိမ့်အမ-ဒေါ်စိန်က(၇၅၀) နှင့်။ ကသာနယ်အတွင်းက(၁၁၀၀.)ခန့်။ စုစုငွေ(၃၇၅၀)ခန့်မျှနှင့်။၁၉၂၀-ခု၊ဇန္နဝါရီလ-၁၀-ရက်။ ၁၂၀၁-ခု ဖြာသိုဆွတ်- ၁၄- ရက်နေ့။ ရဟန်းပရိသတ် ၊ပုပရိသတ် သီလရှင်များပါ။၁၈၀-ကျော်ခြံရံ၍။ ဆယ်ရွာဘုတာမှ။ ရထားဝိုင်ဒီးရထား:စီးနင်း၍ထွက်ကြွတော်မူခဲ့ရာ။ကန့်ဘးလူ။ဂုဏ်းမှ စစ်ကိုင်းသို့ရောက်ရှိလျှင်။အထက်ဖြဆိုခဲ့သော စစ်ကိုင်းမြို့က။ ရဟန်းရှင်လူတို့၏အပူဇော်ခံပြီးနောက်။ အရှင်သီဝလိနှင့် တူတော်မူသော။ ဝန်းသို့မြို့။ခန့်ခိုးဆရာတော်ကဲ့သို့။ဂုရောဝတိုမြစ်ရိုးတန်းလျှောက်။မြင်းခြံ။ ပခုက္ကူ။ မကွေး။မင်းဘူး။ သရက်တောကျောင်း။ ပြည်ထိ။ ခရိုး

လမ်းစဉ်တလျောက်။ဆွမ်းစသောဘောဇဉ်။ စံကျောင်းနေရာများ နှင့်တကွ။အသင့်ဖြင်ဆင်စိမံထားပြီးဂိုပါပြီ။ရပ်နားတော်မူ၍။အာပုဒေဝ်ခံတော်မူပါမည့်အကြောင်းနှင့် တောင်းပန် ပင့်လျောက်ရာ။ ဇလွန်မြို့-သိမ်သမုတ်ရန်ကိစ္စ။တပို့တွဲဆွန်း-၁၅-ရက်နေ့ တွင်။ ကမ်းသတ်ပြီးဖြစ်၍ အချိန်မနှောင့်လာသည်နှင့်။ပရက္ကမ္ဘာမြို့ကိုသာဝင် ရောက်အပုဒေဝ်ခံဦးမည်သည်။ကျန်မြို့ရွာများမှာ။ တောင်းပန်ခွင့်လွှတ်ပြီးလျှင်။သနားတော်မူလျက်နှင့်ပင်။ မိုးသောဘ်နှင့် ကြွတော်မူရလေသည်။

၉။ ။ပြည်မြို့သို့ဆိုက်ရောက်တော်မူပြန်လျှင်။လယ်တီဆရာတော်ဘုရားကြီးက။ထပည့်ဦးပဉ္စင်း-- ဦးပညာဝံသကိုစေလွှတ်၍။ ဆရာတော်ဘုရားကြီး၏ ဂုဏ် သတင်းတော်ကို။ အဝေးကသာကြားဆိုပုဒေဝ်နေရပါသည်။ ယခုလွယ်လင့်တကူပင် ထွေ့ဆုံကြသည်ဟုလို၍။ကိုယ်တော်တိုင်ထွေ့ရောက်လိုသော်လည်း။ယခုအခါဂါဂိလာနပုဂ္ဂိုလ်ဖြစ်နေပါသောကြောင့်။ကိုယ်တိုင်မထွေ့မရောက်နိုင်သည်နှင့်။ သာယာဝတီနယ်။ မင်းလှမြို့သို့ကြွတော်မူပါမည့်အကြောင်းနှင့်။ပင့်လျောက်သည့်ကို။အထက်နည်း။ ဇလွန်မြို့-သိမ်သမုတ်ရန်ကိစ္စပြီး၍။ ပုသိန်-ဟသ်ာတမြို့များ။ အပုဒေဝ်ခံပြီးမှ။ လယ်တီဆရာတော်ဂိုရာ-မင်းလှမြို့ရောက် ကြွတော် မူခဲ့ပါမည့်အကြောင်းနှင့်။ခွင့်ပေးပြီးလျှင်။ပြည်ဆံတော်မြတ်ကို ပုဒေဝ်ပြီးမှ။ ဇလွန်မြို့ရောက်ကြွသာရာ။ဦးအာသဘကိုယ်တော် အဂ္ဂဝင်မြတ်နှင့်။ ထွေ့ဆုံဝမ်းမြောက်စွာ ကြည်ညိုပုဒေဝ်-သိမ်သမုတ်ကိစ္စ ရွက်ဆောင်ပြီးစီး၍။ပုသိန်မြို့သို့ကြွရောက်-ဦးတက်ပြီးနှင့်တကွ မြို့ရွာဂိ အပုဒေဝ်ခံ၍-ဧရာမဌေးစေတီတော်ကို ကြည်ညိုပုဒေဝ်ပြီး ကြွလာတော်မူပြန်ရာ။ ဟသ်ာတမြို့က ပင့်လျောက်အပုဒေဝ်ခံပြီး။တဘန်ကြွလာ-မင်းလှမြို့သို့ရောက်ဂိ၍။လယ်တီ ဆရာတော်ဘုရားနှင့်။ဘဦးနှင့်တဦး— တရားကျမဲဂန်များစွာနှီးနှော။ မြို့ရွာက အပုဒေဝ်များခံပြီးလျှင်။လယ်တီဆရာတော်ဘုရားကိုယ်တိုင်။ ရုန်ကုန်မြို့ရောက်လိုက်ပါခြိုးဖြင့်၍။ လယ်တီဆရာတော်ဘုရား။ ၃-ရက်

မျှရေပ်နား။ရန်ကုန်မြို့မှ။ မင်းလှမြို့သို့ ပြန်ကြွတော် မူသည့်နောက်။ ဣန္ဒိတိကုံစေတီတော်ကို။ပူဇော်ကြည်ညိုး၍။

၁၀။ ။ရန်ကုန်မြို့တွင် – ၇ – ရက်ထောက်။ ရဟန်း ၅၂၄ လူအာ ဂေါင်းတို့။အပူဇော်ခံ ဆဲဆဲတွင်။ကျွန်တော်သည်၊အခွင့်- ၂-လမှ သာရသည်ကို။ယာခုအခွင့်ရက် ဧစ္ဆပါသောကြောင့်။ ဆရာတော်ဘုရားနှင့်။ပြန်ကြွတော်မူမည်ဖြစ်ရာတွင်။သထုံမြို့ ရစ်ကန်ကြီးဆရာတော်ဘုရား။ ရန်ကုန်မြို့ သံဃာတော်ဆရာတော်ဘုရား။ သရက်တောကျောင်းဆရာတော်ဘုရား။ အလယ်တောရ ဆရေးတော်ဘုရား။ဗဟန်းတိုက်ဦးဇိနဆရာတော်ဘုရားများနှင့်သူဌေးပွဲစားကြီးစသော လူကြီးမင်းတို့က။ မနုလည်ဆရာတော်ဘုရားကြီးသည်။ အောက်နိုင်ငံ၌-ရဟန်း၅၂၄လူမှစ၍။ အလွန်မျှော်တလျက်၌နေကြရာ။ယာခုအခါအခွင့်သင့်ပါ၍။ ကြွလာတော်မူခဲ့ခြင်းသည်။ယာခုဧစ္ဆနံ့အောင်ကြည်ညိုပူဇော်လိုကြပါသဖြင့်။ ထားတော် မူခဲ့စေလိုပါသည်။ဝန်ဆောက်မင်းဆောင်ရွက်ရန်ကိစ္စများ။ ဆရာတော်ဘုရားကြီး–နေရင်းကျောင်းတော်ရောက်အောင်။ပင့်ပို့ပါမည်။ ဝန်ထောံမင်းပူပင်ရန်မ၌ရကြောင်းနှင့်။ဝန်ခံပင့်လျောက်ကြရာတွင်။

၁၁။ ။ကျွန်တော်သည်။ ဥပမာ–ဒေဝိလရသေ့ကြီးကဲ့သို့။ဘုရားထောင်းပွါးတော်မူစ။အာဘိညာဏ်ဖြင့်။ မရျာဘုရားဖြစ်တော်မူမည်ကိုသိ၍။ရယ်ရွှင်ခြင်းပြုသည်။ နောက် ဘုရား ဖြစ်တော်မူသည့်အခါ။ငါသည်အရှုပဘုံ့နှိုက်။ တည်ရတော့မည်။ ဘုရားနှင့်မတွေ့ရပေတော့အုံဟု–ဖြင်ပြန်သဖြင့်။ငိုကြွေးခြင်းပြုသည်။ထိုအတူပင်။ ဆရာတော်ဘုရားကြီး၏ ကုသိုလ်တော်–ကံတော်သည်။ လွယ်လင့်တကူ။ ပယောဂမကုဘဲ–ပြည့်စုံရခြင်းသည်။အလွန်ဝမ်းမြောက်စွာဖြင့်ရယ်ရပါသည်။ သို့သော်–ဆရာတော်ဘုရားနှင့်–ခရီးဆုံးခန်းရောက်။ သထုံ-မော်လမြိုင်စသော-မြို့ရွာများသို့။ အတူတကွမလိုက်မပါရခြင်းသည်။ ဝမ်းနည်းစွာဖြင့်။ ငိုကြွေးရသည်နှင့်ပင်။ ဆရာတော်ဘုရားကြီးအား– ကန်တော့ ပူဇော်ပြီး

လျှင်။ ၁၉၂၀-ခု၊ ဖေဖော်ဝါရီလ - ၂၉ - ရက်။ ၁၂၈၁-ခုံ။ တ
ပေါင်းသွန်း-၁၂-ရက်နေ့တွင်။ရန်ကုန်မြို့မှ-ခဲ့ခွါ၍ ပြန်လည်ခဲ့ရ
လေသည်။

၁၂။ ။ကျွန်တော် ပြန်ခဲ့ပြီးနောက်။ ဆရာတော် ဘုရားသည်။
တိုက်ကြီး။သ ထုံ။ မောင်လမြိုင်။ပဲခူး။ငဲနွယ်ကုန်း။ပြင်း။ မြစ်သား။မ ကို
လေးမြို့အ ဆုံးထား၍။ ပါယ်ရှယ်သီးခြား။ မီးရထားစီးနင်းတော်မူ
ပြီးလျှင်။မ ကြီးလေး-မှ-စစ်ကိုင်း။ ၎င်းမှ-ကန့်ဘလူ- ဆယ်ရွာဘူ
တာသို့။၁၂၈၁-ခု၊တန်းခူးလဆု၊တ်-၁-ရက်။၁၉၂၀-ခု၊ဇူပြီလ-၄
ရက်နေ့တွင်။ကျန်းမာစွာ ဆိုက်ရောက်တော်မူသဖြင့်။ မနုလည်မြို့
အုပ်မင်းနှင့်တကွ။မြို့ရွာဂိုလ်ကြီးလူကောင်း။ ရေပန်းတော်မျှားပါ။
သောင်းသောင်း.ဖြဖြ။တူရိယာအမျိုးမျိုး။ တီးမှုတ်ကချန်။ပန်းနံသာ
မျှားနှင့်တကွ။ပူဇော်ကန်တော့ကြို ဆိုကြပြီးလျှင်။ ၎င်းနေ့ရှေး-၃
ရှိင်ကွာ။မနုလည်ပြာသာဒ်ကျောင်းကြီးသို့။ ကုန်းကြောင်းရှေးဖြင့်။
ယာဉ်ရထားနှင့်ပို့ဆောင်။ ချမ်းသာစွာ ပြန်ရောက် တော် မူခဲ့လေ
သည်။

၁၃။ ။ဤကဲ့သို့ လှည့်လည်ကြွရောက်ခြင်း- အစအဆုံးတို့၌
ခရီးထမ်းစဉ်တလျှောက်။မြို့ရွာမျာ:က။ ပူဇော်ကန်တော့ကြသော
အခမ်းအနားမှာ။အကျယ်အဝန်းဖြင့်ပြောပြ၍မဆုံးနိုင်အောင် ရှိပါ
သည်။အာ့ချုပ်စကား။ရောက်ရာရောက်ရာမြို့တိုင်းပင်။ တူရိယာအ
မျိုးမျိုး။ပန်းနံ့သာနှင့်ပူဇော်ကန်တော့ကြခြင်း။ ကန်တော့အပြောက်
ပစ်ဖေါက်ကန်တော့ပူဇော်ကြခြင်း။မီးသဘော်။ မီးရထားဝိုင်မျှား
နှင့်ပူးဇော်ကြခြင်း။ပုသိမ်။ရန်ကုန်။မော်လမြိုင်။မ ကြီးလေးမြို့မျှားတွင်
မော်တော်ကားများစွာနှင့်။မြို့ကိုလှည့်ပတ်၍ ကန်တော့ပူဇော်ကြ
ခြင်း။တရားမထွေပ်သဘင်ကြီးယင်၍။ နေ့ညမပြတ်တရားတော်ကို
ပူဇော်ကြခြင်း။ ဆွမ်းဘောဇဉ် အပျော်ယမကာမှစ၍-အဝတ်
သက်နှံး-လှူဘွယ်ဝတ္ထုကပ်လှူပူဇော်ကြခြင်းများစသော။အမျိုး
မျိုးအပူဇော်ခံတော်မူခဲ့ရပါကြောင်း။

၁၄။ ။ထိုကဲ့သို့ဆရာတော်ဘုရားကြီး၏ ဆန္ဒတော်အတိုင်း။ လွယ်လင့်တကူ။ပယောဂမကုဘဲ။ပြည့်စုံထင်ဖြောက်တော်မူသည့် အတိုင်း။ခြိုးခြင့်ပူဇော်ကြသောစာရင်းကိုချင့်စာကြည့်ရာ။စပါယ် ဂုယ်ဒီးရထားများနှင့်ပို့ခြင်း။ ဆွမ်းဟောဇဉ် လှူဘွယ်ဝတ္ထုကပ် လှူပူဇော်ခြင်းများ။ အာဘိုးတန်(၆၀၀၀၀- ခြောက်သောင်း)ခန့် လောက်ရှိမည်ထင်ဖြင်ပါကြောင်း။ရင်းဖြင်။ နဝကမ္မအဖြစ် အလှူ ဝင်ငွေစာရင်းတွင်လည်း။ ရငွေ(၉၇၂၌--၉၁--၃ပိုင်)။ ကုန်ငွေ (၈၀၁၌--၀-၆ပိုင်)သာရှိ၍။ ငွေ(၁၇၀၀)ကျော်ပင်ပိုရှိသည့်အ တွက်။ဆရာတော်ဘုရားကြီး။မဖြတ်ကြည့်ညှို၊ပူဇော်တော်မူသေါ တာ၀တိန်သာ။မဟာအာဘယဇေတီတော်ကြီးကို။ထီး ကြာပန်း စ သော-၎ဟာင်းနွမ်းသည့်နေရာ။ ၎ကအသစ်မွမ်းမံခြယ်လှယ်ခြင်း ပြုလုပ်မည်ဖြစ်ပါ၍။သာဓုခေါ်တော်မူကြရန်ဖြစ်ပါကြောင်း။

၁၅။ ။ထိုထိုပြဆိုခဲ့သော။ အစအဆုံးတိုင်။အချုပ်စကားကို။ သိရှိတော်မူကြရသဖြင့်။အထက်နိုင်ငံ-အောက်နိုင်ငံ။ဖြန်မာပြည့် အလုံးရှိ။ရေပန်းရှင်လူအပေါင်းတို့။နှောင် ကျေးဇူးရှင်-ဆရာတော် ဘုရားကြီး။ ဘုရားအဖြစ်သို့ရောက်တော်မူသောအခါ။ နိဗ္ဗာန်ယူ တော်မမူကြသေးပါလျှင်။ ယခုကဲ့သို့လိုက်ပါပူဇော်။ နိဗ္ဗာန်ပြည့် ကြီးသို့။အတူစံဝင်တော်မူကြရပေလိမ့်မည်ကို။ ယုံကြည် စိတ်ချ ဖြိုးလျှင်။ယခုကျေးဇူးရှင်ဘုရား။ သက်တော်ရာကျော်ရှည်ပါစေ သောဝ်းဟု။ ကောင်းမြတ်သောဆုထူးပတ္ထနာ။ သြဘာသံကို။ခြွမ် ညံဘ၀ဂ်။ ပြန့်တက်ရိုက်ဟိုး။ ပဲ့တင်ကိုးအောင်။ ဖြေကြိုးသွက် သွက်ခါစေသောဝ်း။

ဦးဘိုးသင်း K. S. M., A. T. M.,

သစ်တောဝန်ထောက်မင်း။

ကသာရှိ။

၄) ကျေးဇူးရှင်-မနုလည်ဆရာတော်ဘုရားကြီး။ ရဟန်းတော်-၅၀-က-၁၀၀။ လူပရိသတ်-၁၅၀-က ၂၀၀-ထိ။အမြဲ-၁၀၀-က- ၂၀၀။အောက်ခိုင်ငံသို့လှည့်လည်ကြွတော်မူသောခရီးစဉ်မှာ။

ရက်	စဉ်	ဘယ်က	ဘယ်ကို	ခရီးတွင်ပင့်သည့်	မည်သို့ကြွတော်မူသည်	အကြောင်းအရာ
၁၆။၁။၂၀	၁	မနုလည်ကျောင်းတော် ...	ဆယ်ရွာ	စခန်း	ကုန်းကြောင်း ...	စခန်း
၁၇။—	၂	ဆယ်ရွာ ...	ကန်ဘလူ	"	မိုးရထားတွဲပိုင်ငှါး အလှူငွေက ...	မိုးရေထားစခန်းသင့်
၁၉။—	၃	ကန်ဘလူ ...	စစ်ကိုင်း	ပင့်	၎င်း ၎င်း ...	မြို့ရွာနှင့်ပွဲစားဦးဘိုးသိတို့ကပင့်လှူ
၂၁။—	၄	စစ်ကိုင်း ...	မခုက္ကူ။	"	မိုးသင်းတောစပ်မှုနှင့် ၎င်း ...	ဝန်းသိုခန်းဆရာနှင့်မြို့ရွာက ၎င်း
၂၇။—	၅	ပခုက္ကူ။ ...	ရေနံချောင်း	စခန်း	၎င်း ၎င်း ...	သင်းတောပေါ်စခန်းသင့်
၂၈။—	၆	ရေနံချောင်း ...	သရက်မြို	"	၎င်း ၎င်း ...	၎င်း
၂၉။—	၇	သရက်မြို ...	ပြည်	"	၎င်း ၎င်း ...	၎င်း
၃၀။—	၈	ပြည် ...	ဟင်းသာတ	"	၎င်းကူးတို့နှင့် ၎င်း ...	၎င်း
၃၁။—	၉	ဟင်းသာတ ...	ဇလွန်	ပင့်	၎င်း ၎င်း ...	မူလဇလွန်ဆရာတော်နှင့်သိမ်သမုတ်ပင့်-နား
၁။၂။၃၀	၁၀	ဇလွန် ...	ဟင်းသာတ	စခန်း	၎င်း ၎င်း ...	မြို့ပေါ်တွင်ခရီးစခန်း
၈။—	၁၁	ဟင်းသာတ ...	ပုသိန်	ပင့်	စပါယ်ရွာယ်မိုးရထားနှင့်ပုသိန်ကမူလငွေ-(၁၀၀၀)	ဦးတက်ဖြူးနှင့် မြို့ရွာကပင့် နား
၁၂။—	၁၂	ပုသိန် ...	ဟင်းသာတ	"	၎င်း ၎င်း ...	မြို့ရွာကပင့်
၁၅။—	၁၃	ဟင်းသာတ ...	မင်းလှ	"	၎င်း ဟင်းသာတကပို့လှူ ...	လယ်တီဆရာတော်ကပင့်သည့်
၁၈။—	၁၄	မင်းလှ ...	ရန်ကုန်ညောင်ကုန်း	"	၎င်း မင်းလှက ...	ညောင်ကုန်းကျောင်းတိုက်ဦ ဘိုးသင်းပင့်
၂၃။—	၁၅	ရန်ကုန်ညောင်ကုန်း ...	၎င်း ငါးထပ်ကြီး	"	မော်တော်ကားနှင့် ...	ကျောင်းတကာဦးအောင်ကြီးကပင့်

ဒီဂုဏ်ယူဖွယ်ကောင်းသော ခရီးစဉ်ကြီးကို ဦးဘိုးသင်းတို့ ပင့်ဆောင်ခဲ့ကြပါသည်။

ရက်	စဉ်	အာယ်က	ဘယ်ကို	ခရီးတွင်ပင်သည်	မည်သို့ကြွတော်မူသည်	အကြောင်းအရာ
၂၄။၂။၂၀	၁၆	ရန်ကုန်ပါးထင်ကြီး ...	ရန်ကုံဦးကေါသလွှ	ပင့်	မေတ္တာကိုကားနှင့် ...	ကျောင်းအမ-ဒေါ်ရိတ်ပင့်
၂၅။ —	၁၇	၄င်း ဦးကောသလွှ ...	၄င်းလမ်းမတော်	〃	၄င်း ...	သရက်တောကျောင်းဆရာပင့်
၂၆။ —	၁၈	၄င်း လမ်းမတော် ...	၄င်းအလယ်တောရ	〃	၄င်း ...	ဇရပ်တကာကပင့်
၂၀။ —	၁၉	၄င်း အလယ်တောရ ...	၄င်းဗဟန်းဦးဖိန	〃	၄င်း ...	ဗဟန်းကျောင်းတကာပင့်
၂၉။ —	၂၀	၄င်း ဦးဖိန ...	တိုက်ကြီး	〃	မိုးရထားစပါယ်ရှယ်ငွါးရှိပင့် ...	အရှေးပိုင်ဦးမြတ်သာကျော် သားရှင်ပြုပင့်ကြွာ
၂။၃။၂၀	၂၁	တိုက်ကြီး ...	သထုံ	〃	၄င်း အရှေးပိုင်မင်းကမှိ ...	ရက်ကန်းကြီးဆရာထောက်နှင့်မြို့ရွာကပင့်
၄။ —	၂၂	သထုံ ...	မော်လမြိုင်	〃	၄င်း သထုံကမှိ ...	မော်လမြိုင်မြို့ရွာကပင့်
၉။ —	၂၃	မော်လမြိုင် ...	ပဲခူး	〃	၄င်း မော်လမြိုင်ကမှိ ...	ပဲခူး ၄င်း
၁၅။ —	၂၄	ပဲခူး ...	ပဲခွေယ်ကုန်း	〃	၄င်း ပဲခူးကမှိ ...	ဦးစန္ဒာဘာသာနှင့်မြို့ရွာကပင့်
၁၉။ —	၂၅	ပဲခွေယ်ကုန်း ...	ငြူး	〃	၄င်း ပဲခွေယ်ကုန်းကမှိ ...	ချုံပင်ဦးဘိုးထူးနှင့်မြို့ရွာကပင့်
၂၁။ —	၂၆	ငြူး ...	မြစ်သား	〃	၄င်း ငြူးကမှိ ...	မြစ်သားမြို့ရွာကပင့်
၂၃။ —	၂၇	မြစ်သား ...	မန္တလေး	စခန်း	၄င်း မြစ်သားကမှိ ...	ခရီးစခန်းသင့်
၂၆။ —	၂၀	မန္တလေး ...	စစ်ကိုင်း	〃	ကူးတို့သဘော်-မန္တလေးကမှိ ...	၄င်း
၁။၄။၂၀	၂၉	စစ်ကိုင်း ...	ဂန္ဓီဘလူ	〃	အထူ ရထား-မြစ်သားကွေ-ခုဝင်ပှိ	၄င်း
၂။ —	၃၀	ဂန္ဓီဘလူ ...	ဆယ်ရွာ	〃	၄င်း အလှူရွေကပေး ...	၄င်း
၃။ —	၃၁	ဆယ်ရွာ	(မန်နလည်ကျောင်းရောက်)		ကုန်းကြောင်းခရီး ...	မန်နလည်မြို့ကပြန်ကြွပင့်ယူသည်

မောင်ဘိုးသင်း။

သစ်တောဝန်ထောက်မင်း။

(၃) မနိလည်ဆရာတော်ဘုရားကြီး။အောက်နိုင်ငံသို့
ကြွတော်မူသော-ခရီးစဉ်သံပေါက်။

အင်းတော်မြို့သူကြီးရေး။

၁။ ။ဇ,ဝ်,သံ-တိ၊ဝန္ဒာဝိ။အာဒိဗ္ဗေဉီးဖြာ။ ။အဟံ-ကျွန်နှုပ်။ ရှိညွှတ်တုပ်။ လက်အုပ် ပန်ဆင်ကာ။ ။မနိလည် သခင်။ ဘွဲ့ထူးရင်။လူရှင်သိစရာ။ ။အဂ္ဂမဟာပဏ္ဍိ။ ဘွဲ့တော်ရှိ။ ကြွဘိစခန်းသာ။ ။ထောင့်နှစ်ရှဉ့်ရှစ်ဆယ်။တဆုကယ်။ မှတ်ဘွယ်နှစ်ကောဇော။ ။ပြာသိုပက္ခ။ တေရသ။ အစ ဆယ်ရွာမှာ။ ။ပြာသာဒ်ကျောင်းကြီး။တသောင်းထီး။ ခိုပြီးတို့သူငါ။ ။ရထားစက်ယာဉ်။ စပယ်ရှင်။ အလျင်စဉ်တက်ခါ။ ။ဘူတာအစဉ်။ဆွမ်းဘောဇဉ်။ ဖြည့်လျှင်နှတ်သုဒ္ဓါ။ ။တကာတကာမ။ ကပ်လှူကြွ။ မျှားလှသူ့ထက်ငါ။ ။ဆရာသခင်။ ကျေးဇူးရှင်။ကြည်လင်ရွှင်ပျခါ။ ။တရားဒေဗျ။ဟောဘော်ပြ။နေ့ညရက်မချာ။ ။ကန့်ဘလူမြို့။ နှတ်ပြည်သို့။မနှိုက်ရောက်သေဘခါ။ ။ရထားဆိုက်ခါ။ကြိုကြလာ။ ငါးဖြာတူရိယာ။ ။ရှင်လူရဟန်း။အုံ့မခန်း။ ရွှင်လန်းကြိုပင့်ခါ။ ။ထိုမြို့ဒေသ။ရပ်ရွာနှုန်း။ဟောပြဒေသနာ။ ။သတ္တဝါဒိုလ်ခြေ။ မျှားဝေထော။ဆွတ်ခွေကရုဏာ။ ။စခန်းစဉ်ပ။ထွက်ခဲ့ကြ။ ဆိုက်ထစစ်ကိုင်းမှာ။ ။မြို့သူမြို့သား။ခဝပ်တွား။ ပန်ကြားရှေ့မျောက်မှာ။ ။စကြာရဟတ်။လှည့်ခါပတ်။ရပ်တန့် နှစ်ညဉ့်သာ။ ။အုတ်အောင်သောင်းသဲ။မြင်မရဲ။မစဲနေ့ညသာ။ ။ရဟန်းရှင်ပါ။ထေရ်မဟာ။ ရှိဖြာဦးညွှတ်ခါ။ ။ပန်းကြွပန်းအုံ။ခြွေးပေါင်းစုံ။ နှတ်ဘုံထိုပမာ။ ။ဓမ္မာရုံကြီး။အုံ့မပြီး။ဘန်တီးဆောလျင်စွာ။ ။ဒေသနာထူး။တရားဦး။ညွှတ်နှုးပန်ဆင်ကာ။ ။နာနာပကာရ။ဟောဇနာ။ ကပ်ကြဘန်ခါခါ။ ။နာဝါသဘော်ဝါ။ စက်ကုန်နှော။ ရေကြောစခန်းသာ။ ။ပဝုတ္တ။မြို့။စဉ်မချို့။ရောက်တို့ပြန်သောခါ။ ။တကာတကာမ။ကြို့ဆိုကြ။မျှားလှထောင်သောင်းပါ။ ။သဃ်ာထောင်ကျော်။ ဖြတ်ဘုန်းမော်။ဘုန်းဖြောကန်တော့သာ။ ။ပန္ဓင်ငါးဖြာ။ တူရိယာ။ မျှား

စွာကျင်းပခါ။ ။ဝိသုဒ္ဓါရာမ။တိုက်တော်ကျ။မွှေတဏှရိယာ။ ။ တိုက်တွင်းသစ်ာ။ဆောင့်ငါးရာ။ ပန်ထွာလျှောက်သည်မှာ။ ။ တပည့်ရင်းချာ။မှတ်ထင်ပါ။ ဆရာသူမြတ်ဖျာ။ ။ဝန်ခံ စကား။ ပန်လျှောက်ကြား။အများဆိတ္ထိရာ။ ။ပေါက္ခရဏိုး။ ဂွာဟန်ဟျိုး။ တန်းခိုးတော်ကြောင့်ပါ။ ။လူကိုမစွတ်။ဖုံသာဝပ်။မချွတ် ထမ်း စဉ်မှာ။ ။မြို့ဝင်မြို့ထွက်။သည်နှစ်ချက်။ မပျက်အမှုနံပါ။ ။ငါး ညတိုင်ကြာ။မြတ်မဟာ။ဟောခါဒေသနာ။ ။ဇလွန်နဂရ။ရောံ ရုံမျှ။လေးညရုန်ခဲ့လာ။ ။ကမ်းလုံးပြိမ့်ညံ့။ကိုးမှတ်သံ။တရုံမစဲပါ။ ။ များလှဖိုလ်ခြေ။ ကြိုကြလေ။ တွက်ရေမဆသာ။ ။ထိုမြို့ဒေသ။ ကျိန်းစက်က။အဋ္ဌညဉ့်ပေါင်းကြာ။ ။သိမ်သမုတ်ခါ။ မြတ်သာ သနာ။များစွာတည်စိမ့်ဌါ။ ။စခန်းထိုမှ။ ဟသံ့ာတာ။ ရောက်ထ ပြန်တုံလာ။ ။ညချမ်းခါဖို့။ဒီးလျှံတို့။မချိုကြယ်ပမာ။ ။နံနက် လင်းခါ။အရုဏ်သာ။ များစွာလှူသည့်တာ။ ။သစ်ာ ထေရ်စေ့။ ဆွမ်းအခြေ့။လောက်လွေ့ သပိတ်ပါ။ ။ဆယ်နှာရီပင်။ စပယ် ရှင်။ဆောလျင်စီးတက်ခါ။ ။မြို့ကြီးပုဆိန်။သတင်းရှိန်။ အချိန်လွှ ပစွာ။ ။ပေါက်ထီး-ပေါက်မ။ယာဉ်ဇာသ။တင်ထပိဋ္ဌကတ်စာ။ ။ သစ်ာအများ။ မော်တော်ကား။ တပါးမလပ်ပါ။ ။မဟာထေရ် ကျော်။ထွတ်ဘုန်းမော်။ပင့်သော်များမကြာ။ ။ရာဇဝတ်ဝန်ကြီး ကြီးကြပ်စီး။ အပြီး ပင့်ဆောင်ခါ။ ။ဝဲယာပုလိပ်။ အင်စပိတ်။ ဖြည့်သိပ် ခြံရုံကာ။ ။ရုံးထိုင်မင်းများ။ ယာဉ်တော်ပါး။ ခညား ရှိညွှတ်ခါ။ ။ပုဇ္ဈကတ။ ဂွေးပုည။ ကြိုကြ ခုခေတ်မှာ၊ ။ ရာဇကြိုဟ်ဖြည်သား။ကဲ့အလား။ မခြားအမှန်ပါ။ ။ဇွန်မရွှေ့ ကုန်းတော်။ရောက်ပါသော်။ထင်ပေါ်အံ့လောက်စွာ။ ။ငါးပြေမ ငါး။ခဝပ်တွား။ဘဝါးတော်အောက်မှာ။ ။ခင်သပ်ထက်တိုး။ ဂျ မငြိုး။အံ့ချီးများဖိုလ်ပါ။ ။ဗုဒ္ဓဆုရင်။ မြတ်အရှင်။ အလျင် ဘုး သည့်တာ။ ။ဘွဲ့ထူးသုံးမည်။ မြတ်စေတီ။တည်တည့်တ်သာ။ ။ သမ္မာအယူ။များဖိုလ်လူ။ကြည်ဖြူဂျင်သဒ္ဓါ။ ။လျှပ်စစ်ခါတ်မီး။ ဂျမငြိုး။ထီးတော်အာရောက်ပါ။ ။ဒီးပွင့်ရေပေါင်း။ဂဏန်းဆောင်း။

ပြည့်ကြောင်းငါးရာသာ။ ။တကာဟူသမျှ။နိဗ္ဗာန။ရောက်ရမလွဲ
ပါ။ ။ရေစက်သွန်းချ။ပေးဝေဌ။ခေါ်ကြသာရုသာ။ ။အကြွနိဋ္ဌာတုံ။
ဖိုဖ့ဖိုဖ့တုန်။ဝသုန်သွက်သွက်ခါ။ ။လေးညွှန့်စေ့က။ထေရ်သမဏာ
ပြန်ကြွလှည့်ခဲ့လာ။ ။ဟာသ်ာတမှာ။ထေရ်မဟာ။ မကြာရောက်
သောခါ။ ။ဝိုင်-အမ်--ဘီ-ဒေး။ များမိတ်ဆွေ။ ပင့်ပေအာသင်း
ပါ။ ။သမဝါယမ။သင်းညီမျှ။ ပြုကြစေတနာ။ ။တရား ဒေသ
နာ။ပေါသွတ်ခါ။မကြာသုံးညသာ။ ။ဖိုးပန်းဖိုးလျှံ။လှကြပြန်။အာ
သံမစဲပါ။ ။စိမ်းပြာနီလျှင်း။ရောင်စုံပြိမ်း။ ထူးဆန်းအံ့လောက်
ရာ။ ။ရွှီမှထွက်ခါ။ထေရ်မဟာ။ ကမ်းသာဆိပ်ရောက်ပါ။ ။
သဘော်ပေါ်တွင်။မြတ်အာဂုင်။ ဆောလျင်ရောက်သောခါ။ ။စုန်
ချေဆန်ချေ။ချီးမြှင့်ပေ။ခေါက်ရေမတွက်သာ။ ။ငှက်လှေသမ္မန်။
မြစ်လုံးလျှံ။တရုံမစဲပါ။ ။ရှေနောက်ယာဝဲ။မြင်မရဲ။လှေပွဲကျင်းပ
ခါ။ ။ဗောဓိသတ္တာ။ဆုပန်သ။ထေရ်မျာ့းထွတ်ဆုံးမှာ။ ။ပါရမီ
ကြီး။သမ္မာဝါထူး။ ကွန့်မြူးမြတ်ဒေစာ။ ။သာဝကနောက်။ တဆူ
ထောက်။အံ့လောက်တို့ခေတ်မှာ။ ။ဒုလ္လဘအရာ။ကြိုကြိုက်ထာ။
များစွာတို့သူငါ။ ။ဒေသစာပြန်ကြွ။မြို့မင်းလှ။သုံးညကျိန်းစက်ခါ။ ။
ကရားဓမ္မ။ပေါဘော်ပြ။များလှလူဗိုလ်ပါ။ ။ရန်ကုန်မြို့ရောက်။
ဘုန်းတော်တောက်။ ဆိုက်ရောက်ပြန်သည်မှာ။ ။မိုးပေါက် အာ
ဖြောက်။များစွာဖေါက်။ ပင့်လျှောက်ကြိုသည့်တာ။ ။ရန်ကုန်မြို့
ပေါ်။ မထေရ်ကျော်။ ရက်တော်မသတ်သာ။ ။ပင့်ကြသူများ။
လွန်ပေါများ။ ဝပ်တွား သူ့ထက်ငါ။ ။မနုလည်သခင်။ ထွတ်
ဘုန်းရှင်။တိုင်းခွင်ပြည်လှည့်ရာ။ ။စခန်းစည်ပ။များသတ္တ။သိကြ
ဖေဘို့ပါ။ ။ဥက္ကလာပ။တေရသ။ ကျိန်းထည်ဝင်ပေါင်းကြာ။ ။
လေးဆူခါတ်ပုံ။ ရွှေတိဂုံ။ဆယ်စုံဦးညွှတ်ဖြာ။ ။သစ္စာထေးပါး။
မြတ်ဘရား။ဟောကြားနေ့ညသာ။ ။တိုက်ကြီးမြို့ပေါ်။ပင့်လျှောံ
သော်။ကြွတော်စခန်းပါ။ ။အရေးဝိုင်မင်း။ ဂုဏ်ရည်လင်း။ ရှင်
ရင်းထံမှောက်မှာ။ ။ဓမ္မာနုဂ္ဂဟာ။ကျမ်းအရ။မရွှမလွဲပါ။ ။သုံး
လှုံ့ထွတ်တင်။မြတ်မွေစင်။လိုအင်ပြည့်မြောက်စွာ။ ။ညပေါင်း

တွက်ဆ။စတုဏ္ဍ။ဟောပြဘိဓမ္မာ။ ။ရှေ့ကိုတထောက်။ ပင့်ကြွ
မြောက်။ခွင့်လျောက်လူဗိုလ်ပါ။ ။သထုံမင်းကြီး။ ကြီးကြပ်စီး။
မငြိုးလေးညသာ။ ။စခန်းထိုမှ။ ဘုန်းတောဇ။ ကျယ်လွှ ပင်လယ်
မှာ။ ။သဘော်ဘုန်စင်း။ပင်လယ်တွင်း။ဖြည်းညှင်းသာယာစွာ။ ။
တူရိယာမျိုး။လွန်ပြည့်ဖြိုး။မုရိုးဆော်နှက်ခါ။ ။မော်လမြိုင်ခေါ်။
ပြည်အကျော်။ရှင်တော်ရောက်ပြန်လာ။ ။နတ်ဘုံတမျှ။ ပြည့်ဖြိုး
လှ။မြင်ရမရဲပါ။ ။ဆိုကြားစံခန်း။ဝေယန်နန်း။ပြိုင်စွမ်းရဲစံ့စွာ။ ။
မဟာထေရ်မြတ်။ဗောဓိသတ်။လူနတ်ပူဇော်လာ။ ။ဒူးရင်း မှည့်
ဝါ။လှုံကဲ်လာ။များစွာအုံသြရှေ့။ ။ရာသီမဆင့်။ နတ်ကူပင့်။ပင်
မြင့်ပင်နိမ့်မှာ။ ။မမှည့်စဘူး။ပင်ကုန်ကျ။။ထေရ်မှူးပါဓိပါ။ ။
ရဟန်းရှင်ပါ။လူများစွာ။သုံးကာမကုန်ပါ။ ။ဇာရိယာမှ။ ခုနစ်ည။
ဟောပြဒေသနာ။ ။ကတိုးကွန်းနတ်။တည်ဥရေပ်။လွှည့်ပတ်ပဲခိုး
မှာ။ ။ရွှေမော်တောခေါ်။စေတီတော်။ ဘူးမြော်ထေးညပါ။ ။
တေဇာပတ်ကျုံး။ပဲန္နယ်ကုန်း။ထေရ်ဘုန်းနှစ်ညသာ။ ။ကြည်ညာ
ထင်ပေါ်။ပြုံးမြို့ပေါ်။ ဘုန်းမော်ထေရ်မဟာ။ ။တရားဓမ္မ။ ဟော
ဘော်ပြ။နှစ်ညလင်းရောင်ဝါ။ ။မြို့မမြစ်သား။စက်ရထား။ ဆိုက်
ငြားသုံးညသာ။ ။ရတနာပုံနော်။ နေပြည်တော်။ ထင်ပေါ်ကြွ
ရောက်လာ။ ။မန်းသူမန်းသား။ခါတ်ရထား။ပင့်ငြားရွှေတော်မှာ။ ။
စပယ်ရှယ်ပ။ ရှစ်စင်းမျှ။လှပတင့်တယ်စွာ။ ။ငါးညတိုင်ကြာ။
ဟောဖြွက်ခါ။ကြေညာဘူးကြလာ။ ။စစ်ကိုင်းမြို့မှာ။ထေရ်မဟာ။
မကြာတည်ရှိသာ။ ။ကန့်ဘလူမြို့။စဉ့်မချို။ရောက်တို့တည်ပါ၊ ။
မန်လည်မြို့မ။ဝိဟာရ။ မြန်းကြွလှည့်ခဲ့လာ။ ။မြို့ပြပြည်ကုန်။လူ
တို့ဘုံ။လုံးစုံမကျန်ပါ။ ။သစ္စာလေးပါး။မြတ်တရား။ ဟောကြား
ပိန့်ရွှေဗျာ။ ။ပါရဂူထူး။သမ္ဘာကျ။။။ကွန့်မြူးပြန်ရောက်လာ။ ။
မြန်းကြွပြန်ရောက်။ရက်ပေါင်းထောက်။ သိလောက်မှတ်တို့မှာ။ ။
ခုနစ်ဆဲ့ရှစ်။မှန်စင်စစ်။ မှတ်ရစ်များသူငါ။ ။သက်တော်တည်
ထား။ရက်နှင့်စား။ ကြင်းငြားသည်ပါ။ ။သက်တော် ရက်တော်။
စွန်းမပေါ်။ကျောင်းတော်ဆိုက်ရောက်လာ။ ။မျိုးသိသပေါင်း။

ရာထောင်ဇသောင်း။ခညောင်းဦးညွတ်ရာ။ ။ယထာဘူတ။ ဖြတ်ဓမ္မ။နေ့ညသုံးသပ်ခါ။ ။သုံးလူ့ထွတ်တင်။ လောင်းဗုဒ္ဓင်။ကြည်လင်ဆိပ်မွေ့စွာ။ ။ထိုစာရေးရ။ကုသလ။ရောက်ရနိဗ္ဗာန်သာ။ ။ စခန်းစည်ကျုံး။အကျဉ်းရုံး။နိဂုံးသံပေါက်စာ။ ။

မောင်ဘိုးသက်။
အင်းတော်မြို့သူကြီး။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရှ
ကျေးဇူးရှင်-မန်လည်ဆရာတော်ဘုရားကြီး။ အောက်နိုင်ငံသို့
ကြွရောက်တော်မူသော-နေ့စဉ်မှတ်စာတမ်း။

(၄) အချက်။ ။သာသနာခေတ်။ ရေတွက် စစ်သော်။ တိ, ဆ, ဓော, ဒွေး။ခေါ်ရေးဝေါဟာ။သင်္ကရာဇ်ဖြာက။ ၁၂၈၁-ခု၊ရတု မကာရ။ ဆုတ် ပက္ခတွင်။ ကျော်လျှင်-၁၄။ တိထိ ပြေးထွက်။ (ရေးလဝေး)စက်။ ရထားထက်မှ။ အဂ္ဂမဟာ။ ပဏ္ဍိတာ မည်။ မန်ထည်ဆရာတော်။ထေရ်ဘုန်းမော်နှင့်။နောက်တော်အမြဲ။ခပဲရှင်လူ။များဖြင်သူတို့။ကြည်ဖြူမနေ။ ဒီတိဓောဖြင့်။ သဘောတူညီ။ နံနက်- ၉-နာရီအချိန်ဝယ်။ဆယ်ရွာဘူတာမှ၊ သိုးခြား သေ ဒီးရထားနှင့်။မန်လည်ဆရာတော်ဘုရားကြီးစသော။ရဟန်းတော် (၃၅)။မယ်သူတော်(၃၀)နှင့်။လူပရိသတ်(၄၀)ကျော်ပါ။ ဓလွန် ရှိမှ။သိပ်သမရတ်ရန်။ ပင့်လျှောက်ချက်အရှင့်အညီ။ ဤသို့သော သွားလာခြင်း ကိစ္စကြီးကို။ ကသာမြို-နဘားရပ်။ သစ်တောဝန် ထောက်မင်း-ဦးဘိုးသင်း K. S. M , A. T. M. က။အထူးရွက် ဆောင်အားထုတ်ကြိုးစားလျက်။ အစဉ်အတိုင်း ထွက်ကြွလာခဲ့ ရာ။ရပ်တန်လျှင်ရပ်။နားတန်လျှင်နား။ ဘူတာတွင်သင်္ခါ ပွါးသူတို့ က။များစွာသောဒါန။သင်္ကစ္စဖြောက် လှူဒါန်း။ကြိုးတောင် ဝန်းသို့ စသော်မြို့ရွာများက။ ဆွမ်းရော-ကွမ်းရော။ ဟျဉ်ရည်ပါနှောပြီး။

တောမသတ်ကြည်ဖြူ။လွှကြသည်ချက်ခြင်း။ကောလင်းမြို့က-ပရိသတ်(၁၀၀၀)ကျော်မျှ။ အတိုးအမှတ်။ ယိမ်းဟန်-ဇာတ်ဟန်။ ဝေဿန္တရာပုံခင်းကျင်းလျက်။ ဟိုရှယ်သော ပိန်းကလေးအသင်းတို့နှင့်ထက္ကြ။ကြို့ဆိုပုဇော်ကြလေသည်။အခြားမြို့ရွာများကလည်း ဤနည်းတူပင်။ ကသူတိုးသူ။ဗိုထ်လူအစုတ်။အုတ်အုတ်သဲသဲ။ ပူဇော်ပွဲတွင်။ဝဲယာမပြတ်။သွတ်လှယ်ညှပ်၍။ထပ်ခါထပ်ခါ။ ရေဝံလာအများ။စေတနာပွါးဆဲတွင်။ရထားယာဉ်ကလည်း။ လျင်လျင်မြန်ချက်။ခတ်သုတ်သုတ်ဖြင့်။ဂျတ်တရက်လာခဲ့ရာ။သုံးလှုံ့ရင်- တို့ဆရား။ထက်ဝတိန်ဘုံဗျားက။ သင်္ကာသနဂိုရ်ပြည်ကြီးသို့။ ဆင်းကြွသောအလား။မခြားအောင်တူမျှထေတော့သည်။ထိုကြောင့်။။ မြို့မနှိုလည်ဌာနမှ။ဆရာတော်တူတကွ။ရှင်လူမျှော့းထွက်ကြွလာ။ ။ စိတ်မနောငယ်နှင့်။သောမနာ ဇောဖြာလှလျှဲရဲ့။ ရွှင်ပျစွာကြည်ကြည်သွန်းတယ်။ထွန်းတဲ့စေနာ။ ။သုဒဿိန ဝတိန်ကသော်မှ။ သင်္ကာသာပြည်နဂရသို့။ထေရ်လူ့ဘဖြန်းကြွထာ။တူစွဲဘပ-တန္ဆန်း ။ ။လမ်းတလျှောက်မှာလှ။ဧရှေနောက်ဝဲယာဖြင့်။နတ်လူပါ ကူညီလို့။ အလိလိပူဇော်ထူးကြတယ်။ကျေးဇူးမဆုံး။ ။ဟူ၍သိကုံးရလေသည်။ ။ထိုနေ့ညနေ-၅-နာရီအချိန်တွင်။ကန့်ဘလူမြို့သို့ဆိုက်ရောသဖြင့်။ ၎င်းမြို့နယ်ပိုင်ဝန်ထောက်မင်းမှစ၍။ပရိသတ်(၁၀၀၀)ကျော်တို့ပါကြို့ဆိုပြင်ဆင်။မင်္ဂလာစည်တော်ကို။ရွှမ်းဆော်ရွှင်မြူး၍။အသူးသဖြင့်။ မြန်မာမင်းများအသုံးအနှုန်းကဲ့သို့။ ထုံးစံမပျက်။ ဝင်းစုံခင်းကျင်းလျက်။ထိုမြို့ကျောင်းတိုက်သို့ပင်ဆောင်ပြီး။ကျေးမွေးဧည့်ခံ။ဆရာတော်ဘုရားကြီး၏ တရားတော်မြတ်ကို။ နာယူကြကုန်လေသည်။နောက်နံနက်မိုးသောက် ရောက်လတ်သောအခါ။ သင်္ဃာကြည်ဖြူ။ရှင်လူရဟန်းတို့အား။ ဆွမ်းစသောလှူဘွယ်တို့ကိုပြီးစေလျက်။ ဂ-နာရီအချိန်တွင်။ ထာရင်း သိုးခြားရထားနှင့်ပင်ထွက်လာခဲ့ရာ။ထန်းတပင်-ခင်ဦး စသောမြို့ကြီးများက။နေ့ဆွမ်းဆက်ကပ်-ကျေးမွေးလှူဒါန်းပူဇော်ကြသည်။ ဤကဲ့သို့အစဉ်အတိုင်းလာခဲ့ရာ။ဇေယျာပူရတိုင်း-စစ်ကိုင်းမြို့သို့။ ညနေ-၄-နာရီ

တွင်ဆိုက်ရောက်။ ပင်စင်စား အာဇရုပိုင်မင်း-ဦးကျော်ငြိမ်း စ
သော။ရှင်လူပရိသတ်(၃၀၀၀)ကျော်မျှ။ ကောင်းစွာဆင်ယင် ပြု
ပြင်ဝတ်စား။မီးပေါက်သံမျှားကြားစေလျက်။တူရိယာသံစုံ။ တီးပုံ
နရည်း။ ဧရွစည်တော်ဆော်ဟိုး၍။ ခြိုးမြှင့်ကြို့ဆိုကာ။ မင်္ဂလာ
ဝိသုဒ္ဓါရာမတိုက်ကျောင်းသို့။ပွဲစား-ဦးဘိုးသိစသော လူကြီး
လူကောင်းတို့က။ ပင့်ဆောင်ကုန်လျက်။ သီတင်းသုံးတော်မူလေ
သည်။ထိုကြောင့်။ ။ဇေယျာပြည် ပူရဇိုင်း။စစ်ကိုင်းမြို့ဝယ်ဆာ။
သာယာပေ့လွန်ကဲ့။ ။မန်းအစတွင်မို့။ဆန်းလွန်စွာဆင်ယင်ပုံနှင့်။
သဒ္ဓါဟုံပိတိစွဲကြတယ်။ရာဇကြိုဟ်ပုံတနဲ့ငယ်။ထူးနိုင်မျှဘဲ့။ ။ဟူ၍
သိကုံးရေးသည်။ ။ဤကဲ့သို့ရှင်လူခပဲ။ အုတ်သဲ ညံ့ညံ့။ တရုံ
မဆိတ်။ ဆရာတော်ဂုဏ်ဟိတ်ကြောင့်။ သပ္ပါရိသ် သူတော်စွာ။
(၃၀၀၀)ကျော်လာရောက်၍"တရားတော်နာယူကြသည်။ မြို့ပြမြို့
ခင်းများထည်း။လွန်စွာသာယာကျယ်ဝန်း၍။ အဆန်း တကြယ်ရှု
ချင်ဘွယ်တို့ထည်းရှိလေသည်။ ။ထိုကြောင့်။မြဝတီမင်းကြီးဆို။ ။
ဇေယျာဧရှေမြေ။ယဉ်ရေခွေဝန်းလျှဲး။ရှုဆန်းပြား။စသောအားဖြင့်
ထူးခြားစွာဘွဲ့ဆိုအပ်သော။၍နေပြည်တော်မြို့ကြီးတွင်။ ၂-ရက်
မျှနားနေလေသည်။လက်ခံကျွေးမွေးပုံနှင့်။ခင်းကျင်းစီမံပုံ။သဒ္ဓါစေ
တနာပွါးများပုံလည်း။အထူးသဖြင့်။ ချီးမွမ်းအံ့သြ၍ မကုန်နိုင်ရာ
ဖြစ်ပါသည်။တပို့တွဲ။ပေါက်လဲ့ကင်း။ထန်းရေနှင်းသည်။ မယွင်း
တိထိ။ ၂-ရက်နေ့အလိတွင်။နဒီမြစ်ကြော။ ဇေယျာမြို့ နဂရာက။
(SEYLON)သိဟိုဠ်ခေါ်တဲ့။စာပို့ဓိုးသင်္ဘောတွင်။လိုက်ပါကြ
ကုန်လျက်။ ရုန်မျှောလာခဲ့ရာ။ဝဲယာမပြတ်။ ဆက်ခါဆက်ခါ။ ရွာ
ရောမြို့ရော။ကျောင်းစေတီပေါလှ၍။ပြောပြမဆုံး။ မြင်ရတုံးဝယ်။
နှလုံးရွှင်ပျ။ ကြည်ဟာဒယဖြင့်။ လွမ်းစရာစတွယ်ကြီး ဖြစ်ခဲ့
သည်။ထိုကြောင့်။ ။မြစ်နဒီဇရောကြောကိုလ။မြို့ရွာပြည်ဇေယျာ
ကမျှောခဲ့ရ။ဆောခတာအောက်အကြေ။ ။စက်သဘော်ဂရယ်နှင့်။
ဖြန်းတောလျင်မြန်လှချေရဲ့။ကမ်းစတွင်စေတီများကို။အားရအောင်
ပူဇော်ရနိုင်ဘူ။မှန်းဆထွေထွေ။ ။တောင် မြစ်ကယ်ဧဝ။ ကြို

ထေရမဆိုင်း။ ။မဖြင်ရက်ပြီဘုရှ့။ ဘွင်သက်ကယ်ကြည့်မနော ရယ်နှင့်။လွမ်းစရာဘယ်ကိုပြောရမယ်။ ဘောကသည်တိုင်း။ ။ ဟူ၍သိကုံးရသေသည်။ ။ဤကဲ့သို့ကြည့်နူး လွမ်းဆွတ် ဘွယ် ဖြင့်။အစဉ်အတိုင်းစုန်မျောလာခဲ့ရာ။ထိုနေ့ည။ပရက္ကာ။မြို့ဆိပ်ကမ်း ကျဲတဲတွင်ဆိုက်ရောက်။အချိန်မသင့်၍။သဘော်ပေါ်တွင်အိပ်ကြရ သေးသည်။နောက်လွှန်း-၃-ရက်။နံနက်-၈-နာရီမှ။ ပရက္ကာ။မြို့ဂို။ သစ်ခရင်လူ။ဦးဖြူဦးနက်။ ဖြည့်လျက်အပေါင်း။ သူတော်ကောင်း တို့က။ကြည်ညိုပူဇော်။အုတ်အော်မစဲ။ကြို့ဆိုကြကုန်လျက်။မဟာ ဝိသုတာရာမတိုက်ကျောင်းသို့။ မင်းလမ်းမှ ပင့်ဆောင်လေသည်။ တရုတ်ပါး။လူမျိုးများအနက်။မခြားအောင်ဝင်ထွက်ပူဇော်။ တ ရားတော်နာယူကုန်ကြလေသည်။မနုလည်ရောက်သည်။ဘေးပျော်ဝံ မည်။ ဝမ်းမြောက်သည်။ ဟူသော ဥဒါန်းစကားတို့ ဖြစ်ကြလေ သည်။လူဒါန်းခြင်း။ကျွေးမွေးခြင်း။ သင်္ခါတရားအား ထုတ်ခြင်းတို့၌။ လွန်စွာ စေတနာထက်သန်ကြလေသည်။တိုကြောင့်။ ။ မနုလည်မထေရ်ကြီးရယ်နှင့်။အလိထိမြို့ခရီးကိုလ။ ရောက်ပြီး:ထျက် ဝင်ထွက်လာ။ ။သင်္ခါဇောရယ်နှင့်။မနောစေတနာကံဖြင့်။ထက် သန်စွာမတူရလေဘူ။။ပရက္ကာ။မြို့ဒေသမှာ။(ဝမ်း)ပဋ္ဌမပါ။ ။ထို မြို့သူ-ထိုမြို့သား။ထူးခြားလှဝတ်ပြုရာ။သင်္ခါပုံလွန်ကောင်း။ ။ မင်္ဂလာ ဝိသုတာရာမကျောင်းမှာလှ။ ရှင်ပေါင်းဒါယကာတို့။ဒေ သနာ-ရသာထူးကို။ ရှင်မြတ်စွာနာယူကြတယ်။ဖြည့်ခေမာ နိဗ္ဗာန ကို- မြန်းကြွ စေကြောင်း။ ။ဤကဲ့သို့- သူတော်ကောင်း တို့ အား။ဆုတောင်းပတ္ထနာပြုရထေတော့သည်။ထိုမြို့တွင်-၄-ရက်မျှ နားနေ၍။မြို့ခင်းများကိုကြည့်ရှုလှည့်ပတ်ရာ။ သာယာ ကျယ်ဝန်း သည်။ တန်းခိုးကြီးသောဆိန်းဃိုရှင်စသော-ဘုရားပုထိုးများကို ထည်း။ရှိခိုးပူဇော်ခဲ့ကြရလေသည်။ဤတွင် သဘော်ခရီးဖြင့်ဆက် လက်၍။ရုန်ဆင်းရန်အခွင့်ရသည်ဖြစ်သောကြောင့်။ ယခင်မင်္ဂလာ ဝိသုတာရာမကျောင်းတိုက်မှ။လမ်းမတော်သို့ရှေး၄။လျက်။ ထွက် ကြွတော်မူရန်အစီအစဉ်ကို-ခင်းကျင်းစီမံကြပုံမှာ။ ရှေးရှေးသော

ရာဇာဇကရာဇာမင်းများ—ထွဲက်တော်မှကြီး ထွက်တော် မှုသည့် နှယ်။ရင်းထမ်းမတော်တလျောက်လုံးကို။ယိုင်,ဗျာ,ကော်ဇော။ ခင်းနှီးသျှော်ရာ။ ပန်းနံ့သာတို့ဖြင့်တင့်တယ်သိုက်မြိုက်စွာ ပြည့်လျှမ်းစေ၍။အဖျော်ယမကာတို့ကိုလည်း။ ရွှင်လန်းကြည်သာ။ စေတနာနှင့်။သင်္ဘါပသနေကောင်းမြတ်သော- စိတ်နှလုံးတံ့ဖြင့်။ကပ်လှူကျွေးမွေးကြကုန်သည်။ရှေ့ဆုံးနှိုက်။ပိဋကတ်တော်စာထုပ်များ။နောက် ဘေဂင်ဝန်ဆရာတော်စသော။သင်္ဃာတော်(၈၀၀)ကျော်။နေ့ဝင်းစုံခင်းကျင်းလျက်။ဆင်မြန်းအပ်သောအထည်အဝတ်တို့ကို-ဝတ်ဆင်ပြီးနောက်။သန့်ရှင်းပြုစင်သောအသွင်။ကြည်ထင်စွာ စိတ်ထားနှလုံးသွားဖြင့်။ ကုက္ကားတံခွန်တို့နှင့် ပူဇော်လျက်။ နောက်—ဝေါဃာဉရတနာထက်တွင်။ ကျေးဇူးရှင် မန်ထည်ဆရာတော်ဘုရားကြီးအား။ပင့်ဆောင်လျက်။ပြည့်နှက်သောရွှေနောက်ဝဲယာ။ တူရိယာတီးမျိုးတို့ဖြင့်။မိုးဘဝဂ်သိုလောက်အောင်။သံစုံကိုမျိုး၍။ရှိခိုးပူဇော်ကုန်ပြီးလျှင်။ညနေ—၄-နာရီမှသည်—၇—နာရီထိ။ သင်္ဃာတော်ဆိပ်ကမ်းသို့လို ့ ပို့ကြလေသည်။ထိုနေ့စာပို့ဗိုးသင်္ဘော် မဆိုက်မကပ်လာသေးသည့်အတွက်။ဆိပ်ကမ်းရှိဒေါ်ယကာ— ကွဲတဲမင်းတို့ပင့်လျှံချက်အရ။ ၂—ညဉ့်မှသိတင်းသုံးနေတော်မူပြီး။ တရားတော်များကိုဟောကြွတော်မူလေသည်။နေ့တိုတို့ဆွဲဆွဲနှင့် ၇ ရက်။ နံနက်စောစော။ အာသန် “ ASSAN ” ခေါ်တဲ့၊ စာပို့ဗိုးသင်္ဘော်မှ။ ပါလာရင်း—ရှင်ရောလူပါ။ စုန်မျော၍လာကြသည်။အုပ်ရွာရွာအမြိုမြို့။ ထွက်လားဝင်လား။ရေပန်းတမုဟုတ်။သုတ်သုတ်လျင်ဆောအာကြကျော်သို့ မျှော်ခဲ့ကြထေရာ။ထိုနေ့ရက်တွင် တနေဝင်သောကြောင့်။သင်္ဘော်မပြောင်း။ရေနံချောင်းမြို့ဆိပ်ကမ်းတွင် ဝင်ရောံ။ တည်ခို့လွန်ပြီးနောံ။တောက်လျှောက်ထွက်ထာ။သာယာစည်ကားလှသော။မြို့ကြီးပြကြီး ဌာနကြီးတို့ကို။ခရီးမသင့်၍ ဝင်ခွင့်မရဘဲ။ မြင်ရုံသာမြင်ခဲ့ကြရသည်။ ဤသည်တွင်။ အောက်မြို့နိုင်ငံများမှသွားလာရသော။ ဒိုးရထား-ဒိုးသင်္ဘော် စီးနင်းလိုက်ပါကြ ကုန်သော-ခရီးသည်တို့မှာ။နေရာထိုင်ရေးမှစ၍။ အလွန်ကျဉ်းမြောင်း

ထွကုန်ထျက်။ အတော်ပင်ဒုက္ခကြီးများနှင့် ဝေ့ကြိုကြလေသည်။ ကျွန်နုပ်တို့မှာထည်း။ဤသဘော်ပေါ်တွင်။ ဒါယကာများမဆက်မိ သည့်အခါဖြစ်လင့်ကစား။ဆရာတော်ဘုရားကြီး စသော။ရဟန်း တော်-၄၅-ပါးနှင့်။လူပရိသတ်-၁၀၀-ကျော်တို့အား။ကျေးမွေး ဘွယ်ကိစ္စတို့ကို။ ချက်ပြုတ်ခြင်းအမှုများရွက်ဆောင်ကြရ သည်တွင်။ အတော်အတန်ပင် အခက်အခဲနှင့် ကြိုတွေ့ရသော်လည်း။ သဒ္ဓါစေတနာကိုရှေ့ဆောင်ထား၍။ ကြိုးစားလျက် ကျေးမွေးလှူ ဒါန်းခဲ့ပါသည်။ ထိုနေ့-သရက်မြို-တောင်ကျောင်းဆိပ်ကမ်းတွင်။ အိပ်ကြရပါသည်။နံနက်ဖိုးသောက် အထင်းသို့ရောက်လတ်သော်။ ယခင်က စာဝိုသဘော်ကြီးထည်း။ ဒီးရေလေဝါတ်တို့ဖြင့်။ စက် ရဟတ်ကူနှဲသျက်။ စုန်မြှောတိုင်းစုန်ဆာခဲ့လေရာ။ သရေခေတ္တရာ ပြည်မြို့သို့။နေ့-၁၁-နာရီတွင်ရောက်ရှိ၍။ ဆရာတော်ဘုရားကြီး နှင့်တကွ။ အပေါင်းပါပရိသတ်အားလုံးတို့သည်။ ယုံကြည်လေး မြတ်သော-စေတနာဂါရဝဖြင့်။ ပြည်ဆံတော် ဘုရားကြီးအား။ ဝပ်တွားကော်ရော်-ပူဇော်ကြရပါသည်။ထိုမြို့သည်။ ရှေးခါသံ ယကာ။ရာဇဂြိုဟ်-မင်းနေပြည်တော်ကြီး ဖြစ်သည်အားလျော်စွာ။ အလွန်တရာပင် သာယာစည်ကားသော မြို့ကြီးတမြို့ ဖြစ်လေ သည်။သို့ရာတွင်။ကျွန်ုပ်တို့-မန်လည်ဆရာတော်ဘုရားကြီးသည် အောက်မြို့နိုင်ငံများသို့။ စုန်ဆင်းတော်မူလာသော-ခရီးတလျှောက် များတွင်။ကြို့သူပင့်သူ။ဇိုလ်လူမစဲ။အုံအဲစရာ။ကြိုတွေ့ခဲ့ရသည်မှာ သော်လည်း။ဤမြို့သို့ဆိုက်ရောက်မည့်အကြောင်းကိုသိစေပါလျက်။ ကျွန်ုပ်တို့သည်။ မန်လည်ဆရာတော်ဘုရားကြီး စသော။ရဟန်း တော်-၅၀။မယ်သူတော်-၃၀-နှင့်။ လူပရိသတ်-၁၀၀- ကျော် တို့လာရောက်သည်ကိုမူ။ တစုံတယောက်သောလူကြီးလူကောင်း တို့-လာရောက်ကြို့ဆိုသောဟူသည် မရှိခြင်းများမှာ။ ဤအခါ၌။ ထိုမြို့တွင် ပလိပ်ကပ်ရောဂါဖြစ်ပွါးနေသဖြင့်ကြားသိရလေသော ကြောင့်ဖြစ်ပေသည်ဟု။ ယုံကြည် စရာအကြောင်း တရှိရှိရလေ တော့သည်။ထိုကြောင့်၊ ။မကြို့ဘူး။ကြို့ဘူးလို့ကြို့ရပြန်။ ။ရှေးအ

ထက်သော်မှ။ နားရွက်ခါတင်စကား။ ကြားရတန်တန်။ ။ခေတ္တ
ရာဖြည်ဖြို့သို့။ ကျေးဇူးရှင်ကိုယ်တော်ပို့ပေလို့။လူ့ရှင်တို့ ရောက်
တာနဲ့၊ဆံတော်ဖြတ်ဘုရား။ ။သန္တိပွါးပါဘိ။ သုံးပါးကာယကံ
နှင့်။ပဏာမံ-ဦးနှိမ်ချတယ် ဘုံးကြွအများ။ ။ဟူ၍ သိကုံးစပ်ဆိုရ
လေသည်။ ထိုနေ့ည။သဘော်ဒေါပေါတွင် အိပ်ကြရလေသည်။ ဆွန်း
(၁၀)ရက်။နံနက်-၇-နာရီအချိန်တွင်။ ယထက္ကမ အစဉ်အတိုင်း။
သဘော်ဖြင့်ထွက်ခွါလာကြရာ။ ရွှေတောင်။ကြီခင်း။ မြန်အောင်း
ကနောင်။ရွှေကျင်။သာရေဝါစသောမြို့ရွာများသို့ဆိုက်ကပ်ထွက်
ခွါ။ရုန်မျော၍လာခဲ့ရာ။ည-၁၂-နာရီအချိန် ဟသ်ာတဆိပ်ကမ်း
သို့ဆိုက်ရောက်။သဘော်ပေါတွင်အိပ်ကြရသည်။နောက်တရက်
ဆက်လက်၍ ထွက်လာရာ။ နေမွန်းမတ်အချိန် ကောင်းစွာတွင်။
ဇလွန်မြို့ပေါ်ဝင်းဆိပ်ကမ်းသို့ဆိုက်ရောက်။မထွာပ်ကန္နားတို့ဖြင့်။
ထူးခြားသိုက်မြိုက်စွာ။ ဆင်ယင် ခင်းကျင်းလျက်။ ကောင်းစွာ
ကျွေးမွေးပူဇော်ပြီးလျှင်။ရဟန်းရှင်လူပရိသတ်အပေါင်း-၅၀၀-
ကျော်တို့နှင့်။ ကွန်နုပ်တို့ပါလာရင်း-ရှင် လူပရိသတ်အပေါင်း-
၂၀၀-ခန့်တို့ပါ။ မနုလည်ဆရာတော်ဘုရားကြီးအား။ ဝေါယာဉ်
ရတနာဖြင့်။ဆက်ကပ်လှူဒါန်းပူဇော်မြှင့်မြှောက်ထူကြ။ ဇလွန် မြို့သစ်။
သရက်တောကျောင်းတိုက်။ဦးအာသဘဆရာတော်ဘုရားအကြီး
အမှူးပြုရာသို့ပင်ဆောင်လျက်။ဝိုင်,အမ်,ဘီ,အေ။အသင်းကျောင်း
ကြီးတွင်။ ကြို့ဆိုလက်ခံခြင်းကိုပြုကြကုန်သည်။ ဆိပ်အမကြီး-
ဒေါ်စိန်က၊အထူးသဖြင့်။သစ်ာတော်နှင့်တကွ။ လူပရိသတ် အား
လုံးတို့ပါ။လှူဒါန်းဆက်ကပ်ကျွေးမွေးခြင်းသည်။အားတက်သရော
စိတ်ရောကိုယ်ပါ။ စေတနာပွါးများကြောင်းကို တွေ့မြင်ရသည်
မှာ။ လွန်စွာဝမ်းမြောက်ဘွယ်ရာ ဖြစ်လှ ပေတော့သည်။ ထို
ကြောင့်။ ။ပြည်-ရန်ကုန်။ ဇလုံအလယ်ကျသည်ဟု။ ယခုမှာဇ
လွန်မှုငယ်။ ပြောကြသူငါ။ ။ဆိပ်သမုတ်ရန်ဖြင့်။ အားထုတ်
ခါတန်တန်ပင်သော်ကြောင့်။ ထေရ်ဆရာ မနုလည်က ချင့်လိုက်
လျှင်။ရှင်လူပါ-နှစ်ရာကစွင့်ပေရဲ့။ခွင့်ပြုကြလော၊ ။ထိုမြို့မှာ ဆိပ်

အမ။ဒေါ်စိန်ကအစဖြာ။မြတ်ဆရာထေရ်ပေါင်း။ ။သရက်ကျောင်း
မှာလှ။သောင်းသောင်းညီစုံညာလို့။ဝိသုဂါသမုတ်ကံပွဲကို။စိမံခါ
သန္ဓ၊စွဲကြတယ်။ပြည်နှံဗျာန်မှန်မလွဲရအောင်။မြရေဝံစေကြောင်း။။
ဟူ၍သိကုံး စပ်ဆိုရ ပေသည်။ ဤကဲ့သို့။ တပို့တွဲဆွန်း(၁၁)
ရက်ဂာ(၁၄)ရက်ထိ။ဗိုလ်လူမစဲ။ခမျာပွဲကြီးကျင်းပကြကုန်လျက်
လှူဒါန်းကျွေးမွေးခြင်းပြုကြလေသည်မျှားကို။ဆုတောင်းပတ္ထနာပြု
ရလေသည်။တပို့တွဲလပြည့်နေ့ညနေ—၆-နာရီ အချိန်ကောင်းတွင်။
ရောင်ခြည်တထောင်ဆောင်ကုန်သော သူရိယာနေမင်းကလည်း။
အနောက် ဂေါယာကျွန်းသို့။ ယွန်းတော့မည်တျားတျား။ ၎းမြခြင်း
အလင်းကိုဆောင်ကုန်းသော -စန္ဒာလမင်း ၁-လည်း။ထွက်ပြူစ ဆဲ
ဆဲ၊ထင့်တယ်စွာခြယ်လှယ်၍။ သိမ်ဇ၏တန်းဆာ။ မဏ္ဍာပ်ရတနာ
တွင်း။ဝါတ်မိုးစုံတို့ဇ၏အသင်းတို့ကလည် ။ ဝင်းဝင်းထိန်ထိန်။ ဘုန်း
တော်ဂုဏ်တော်သမ္ဘာရတော်တို့နှင့်။ပြည့်စုံတော်မူသော။ မန်လည်
ဆရာတော်၊ဇလွန်မြို့သစ်ဆရာတော်စသော- ရဟန်းတော်-၈၀-
ကျော်တို့ဖြင့်။သိမ့်အမကြီး--ဒေါ်စိန်အမှုးရှိသော။ ဒါယကာ-ဒါ
ယိကာမအပေါင်းတို့သည်။ခင်းကျင်းစိမံ၊ပြုဘန်အပ်သော။ မဟာ
မင်္ဂလာဝိသုဂါမသိမ်ကြီးကို-သမုတ်ခြင်းအမှုအား။ ပြီးစီးစေပါ
သည်။နှတ်လူအပေါင်း။ သောင်းသောင်း ညာညာ- သာဓုခေါ်ကြ
ကုန်ပါသည်။ထိုကြောင့်။ ။သာသနာတွက်စစ်။ သင်္ကြာဇ်ပြော
ရာ။ကြို,ဆ,ဇော,စမ္ဘာ။မှတ်ယူခါတဇကြောင်း။ ဝေါဟာရအဖြောင့်
ဂျာလျှင်။ထောင့်နှစ်ရာဂဂုစ်ဆဲ့တစ်ထောင်း။ ။နှစ်အကျ ကုံရာသီ။
ပုဏ္ဏာဒီရက်ပေါင်း။ ပေါက်လဲ့ ပွင့်ညောင်းလို့။နံနေ့ကောင်းသိ
ဟာ။ချောက်နှာရီညနေစောင်းမှာလ။ဂျင်လူပေါင်း သောင်းသောင်း
ညီညာ။မဟာမြတ်မင်္ဂလာ။ဝိသုဂါ သိမ်သမုတ်ပြီကြောင့်။မျှား အာ
စုတ် သြဘာတံခွန်။ ပြောရာ အဝှန်။ ။တာမနာ မြို့ဇလွန်မှာ။
ချမ်းသာမှန်တည်ကြောင်းပဃေး။ ။ဟူ၍စပ်ဆိုသိကုံးရလေသည်။
ဤကဲ့သို့-သိမ်သမုတ်ခြင်းပြုလုပ်ပြီးစီးကုန်သည့်နောက်,ဇလွန်မြို့
ရှိ-တကာ တကာမမအပေါင်းတို့က။လှူဒါန်းကျွေးမွေး၍မပြီးနိုင်

ရာ။အာလှည့်ကျစီ။နေ့ ည မပြတ်။ ရက်မသတ်ဘဲ ဂိုကြွလေသည်။ ဆရာတော်ဘုရားကြီးအား။လွန်ဒါန်းဘွယ်ငယ်ထူတို့ဖြင့်။ ဝင်ရံမစဲ။ တရားပွဲကြီးတို့ကို။ချီ အံ့၍မပြီး ပြုကြကုန်သည်။သံဒိပ်အာသင်းတို့ ကဏ္ဍည်း။ သာယာဝေ ၁အသံတို့ဖြင့်။ ဆိပ်အမ-ဒေါ်စိန်ဇော်သမီး အစရှိသော -အသင်းသူမကလေးတို့က။ ညီညာစွာ သံပေါက် လက်ဝါမျှားကို။(ဖိုးအောံ၀ဟိ။မြို့မန်လည်အစ။လ။ဆရာဘုန်းမော်။ ထေရ်အကျော်။သက် ၀တ်ရည်စေပါ) အဆုံးရှိသော။ ၂ ၄ ပိုဒ်များနှင့်။ပူဇော်ကန်တော့ကြကုန်ပါသည်။ ။တပို့ကွဲ လပြည့်ကျော် ၄-ရက်နေ့တွင်။ဇလွန်မြို့က။ဟာသ်ာတမြို့သို့။ သင်္ဘောဖြင့်-ဆ ရာ တော်ဘုရားကြီးနှင့်။တ ကာ-ဟကာမအပေါင်းတို့ထွက် ခွါလာခဲ့ ပြန်ရာ။ည-၁၂ နာရီအချိန်လောက်တွင်ရောက်ရှိ၍။ဟာသ်ာတမြို့သူ မြို့သား။သူတော်ကောင်းအပေါင်းတို့သည်။ မီးပန်း-မီးလျှံ။ ပြုပြုပြာ ဒိ၀ါ။ခါတ်မီးစုံ ညီညာနှင့်။တီးမျှိုး ကမျိုးတို့ဖြင့်-ပူဇော်ပြီးမြှင့်ကြ လျက်။ ဝိုင်-အမ်-ဘီ-ဇော-ကျောင်းကြီးသို့။ ပင့်ဆောင် ကြလေ သည်။နောက်တရက် နံနက်တွင်။ မြို့သူ မြို့သား အပေါင်းတို့က။ ဆွမ်းစေ့သလွှာတွယ်ဝတ္ထုတို့ကို။ ကြည်သာ နွှာင်မြူးစွာ လှူဒါန်း ကျွေ မွေးကြကုန်သည်။ နံနက်-၁၀ နာရီအချိန်တွင်။ မြန်အောင် မြို့အုပ်မင်း- က်ုစိန်၀င်းက။ ကူညီအား ထုတ်လျက်။ စပယ်ရှယ် မီးရထားဖြင့်။ပုသိန်မြို့သို့ထွက်ခွါလာရာ။သမင်ပလိ။ဂန္ဓာကိုလိုက် မှား၍။မြင်ဗျားနီးကိုထိုအခါ။ မင်းညီနောင်ခွါခိုက်ဖို့။သိန်းဃိုရှင် မယ်သိဒါအား။ ရထား နှင့် တင်ဆောင်ခြင်းများကဲ့သို့။ ထင်မှား အောင်ရှိရတော့သည်။ဤကဲ့သို့ ယထာဂ္ဂမအတိုင်းလာရာ။၃နာ ရီ အချိန်ကောင်းတွင်။ ပုသိန်မြို့သို့ရောက်ရှိ။ ရဟန်းရှင်လူ ရိသတ် ၃၀၀၀-ကျော်တို့ဖြင့်။ မီးရထားဘူတာတွင် အသင့် ကြိုဆိုကြ သည်။ အဖြောံသံကိုလည်းကြားစေ၍။အထူးသဖြင့်။ရ ဇ၀တ်၀န် ကြီး အင်စပိတ်တော်ကြီးတို့နှင့်တကွ။ ပုလိပ်အမှုထမ်း- ၉၀- ကျော်စသော ရာဇ၀တ်ဘက်။ရင်းပြင်တရားမဘက်ရုံးအရာရှိမင်း များနှင့်။ကုန်သည်သူဌေးမင်းများတို့သည်။ကျေးဇူးရှင်- မန်လည်

ဆရာတော်ဘုရားကြီးအား။ ယာဉ်ရတနာဖြင့်တင်ဆောင် ပြီးမြှင့်
ကြကုန်လျက်။ ဝမ်းမြောံဝမ်းသာသဒ္ဓါကဲ့ပို့။ ဥဒဟိုဓေ့။သမာဓိမြို့
ဝန်မင်း။ကျောင့်တကာဦးတက်ဖြိုး(K I. H.)ကလည်း။ အာထူး
ရွက်ဆောင်ကူညီပြီးလျှင်။ဆင်ပေါက်ဆင်မ - ၂ စီးတွင်။ကမျိုးစုံ
ခြယ်လှယ်စေပြီး။ ရွှေထီးဖိုးကာလျက်။ ပိဋကတ်တော်များဖြင့်။
တင်ဆောင်ခါရွှေဆုံးမှုဂုင်း။ နေဝံမန်လည်ဆရာတော်ဘုရားကြီး
နှင့်။ဘောင်ဝန်ဆရာတော်ဘုရား ၂-ပါးကို။ဝေါယာဉ်ရတနား ဖြင့်
တင်ဆောင်။ထို့နေဝံအရံသယ်ာတော်များအားလုံးကို။ မော်တော်
ကားဖြင့်တင်ဆောင်သည်။ ကျန်သောပရိသတ်တို့အား။ မြင်းရ
ထား-လှည်းချားအစရှိသည်တို့ဖြင့်ကြိုဆိုတင်ဆောင်ပြီး။စည်တော်
ကို-ရွှမ်းဆော်၍။ရွှေနေဝံဝဲယာ။တရုတ်ယာသံစုံကြူးကုန်လျက်။ ရွှင်
မြူးစွာပင့်ဆောင်။ ငွေရတုမြောစေတီတော်ကြီးကို။ ထက်ျာရစ်လှည့်
လည်ပူဇော်သက္ကာရပြု၍။ဂုင်းစေတီတော်ရင်ဖြင့် ပိဋကတ်တိုက်
၌။တည်းခိုသိတင်းသုံးရပါသည်။ပုသိန်မြို့။ တလိုင်းချောင်းရပ်။ ဝိ
သုဒ္ဓါရာမကျောင်းတကာ။သမာဓိမြို့ဝန်မင်း. ဦးတက်ဖြိုးကထည်း
အာထူးသဖြင့်။ သဒ္ဓါကြည်ညိုသောစိတ်အားထက်သန်စွာနှင့်။ကျွေး
မွေးလှူဒါန်းပါသည်။ရွှေမုဋ္ဌောစေတီတော်ကြီးကို။ ဓါတ်မိုးပွင့်ရေ
ပေါင်း ၅၀၀-ကျော်ကိုလည်း။အာနုဂ္ဂဟပသန္နစေတနာဖြင့်-ပူဇော်
လှူဒါန်းရေစက်သွန်းချ၍။ စိတ်အာရုံ တက်ကြွခြင်းအားဖြင့်။ အ
ထက်ကစာတိုက်မှ။ငွေ-၁၀၀၀။ယခုငွေ၁၀၀၀။ပေါင်းငွေ၂၀၀၀
မျှားကိုလည်း။နဝကမ္မအဖြစ်-လှူဒါန်းပါသည်။ အာထူးမှတ်ရန်မှာ
လည်း။ဤပုသိန်-ရွှေမုဋ္ဌော ရွှေစေတီတော်ကြီး၌၊ ဓါတ်မိုးစုံသွင်း
မြုပ်ပူဇော်လေသည်ကို။ မရမဋ္ဌ ပသန္နဲ။ အကုသလပက္ခ။ဝဓက
စေတနာ၊ ပဒဋ္ဌစိတ်ဖြင့်။ စေတိယံဘိန္ဒေယျ အမှုကို ပြုသည်ဟု။
ဦးဘိုးလှိုင်ကုမ္ပကိုး။ ဗိန္ဓေါဆရာမောင်ကလေးနှင့်။ ဝါဒေးဟန်ပြ။
ပုသိန်ဆရာမြဆိုသူတို့က။ စွပ်စွဲကြလေသည်။တိုင်းလုံးပြည်လုံး
အနှံ့အပြား။ကျော်ကြားစေသော။ "မန်လည် ဆရာတော်ဘုရား
အမိန့်တော်ပြန်တမ်း" အရ။မနာယကလိုသောပုဂ္ဂိုလ်တို့သည်လည်း

ဆရာတော်ဘုရားကြီးထံတော်ပါးအောက်-ကျရောက်လေသော
အခါ။မယဉ်ကျေးကုန်းသာသတ္တဝါတို့အား၊ယဉ်ကျေးစေအောင်
ဆုံးမဟောပြတော်မူရလေသည်။အနှံတဗလ။ မာနခက်ထန်သော
စိတ်များတို့သည်လည်း။ ရေတွင်ရေးသောအရုပ်ကဲ့သို့ဖြစ်ရချေ
တော့သည်ဟူလို။သူတော်ကောင်းသူ။ရိသ။ဂုဏ်သမျှအပေါင်းများ
စွာတို့ရလည်းဃာရေက်ဝင်တွားခါ။ဝရားတော်နာပယူကြပါသည်
ပုထိန်-ခါတ်မီးအာသင်းသားတို့ကလည်း။သံပေါက်လက်ာဖြင့်။(ပု
ထိန်မည်ခေါ်၊ပြည့်ဒေကျော်။ထင်ပေါ်လူတို့ရွှေးအစ။ ထ။ ဝသုန္ဒေ။
ဤသည့်မြေ။ သက်သေတည်စေပါ) အဆုံးရှိသော၊ ၁၉-ပိုဒ်တို့
ဖြင့်။ပူဇော်ကန်တော့ကြကုန်သည်။ ထို့ကြောင့်။ ။မင်းပုထိန်
ယခေါင်ကမ္ဘာခဲ့လို့။သတင်းရှိန်-ပြောင်းပြာင်ထူလှစွေရဲ့။ရည်
စူးပါလို့ရောက်ကြလာ။ ။ရှင်လူခပဲမှာလှ။ လွန်ကဲ စွာ စေနာ
ဇောရယ်နှင့်။မေဒ္ဒေါစေတီရင်းကို။ချဉ်းကပ်တည်ရာ။ ။ကျောင်း
တကာ-ဦးတက်ဖြိုးရယ်က။ ဖြောင့်သဒ္ဓါထူးချက်တိုးလှစွေ့။ရှိခိုး
လျက်ဦးချခါ။စေတနာလွန်သိုး။ ။ကထျာဏံ။ ကျမ်းရင်းသုတ္တန်
နှင့်။အနုဂ္ဂဟ်-အပနုဒ္ဒမှိုးပါလို့။ဝေတ်မီးစုံ- ပူဇော်ပြုလိုက်တယ်။
သာရုဒ္ဓခါသုံးဘုံသာ.တို့ရယ်။များပေ့အုံချိုး။ ။ဟူ၍စပ်ဆိုသိကုံးရ
ပေတော့သည်။ဤဓာတ်မီးထွန်းခြင်းနှင့်စင်လျဉ်း၍။ ကုသိမော ဝါ
ဒအာချို့။အပိုဒ် ၂၀-များအာနကဲ့။ပုထိန်ဆရ-ဖြကိုပေးရန်။ မန်လည်
ဆရာတော်ဘုရားကြီးရေးသားလိုက်သောအချို့မှာ။အပိုဒ်နံပါတ်
၇အရ။ ။စေတီယံဘိန္ဒနကိုလှ။ပါပဝျည်းဇကနံယူ။များဝါဒအစ။စမူ။
မောင်မြဟူ လူထား။လူဟုတ်က-မယူရာ။ထိုဘိန္ဒနကြီယာဟာ။
ပဒုဋ္ဌာပဒုဋ္ဌရှိသား။ စေတနာအပဒုဋ္ဌနှင့်။ အသောကမြတ်ရာဇာ။
နတ်ဇာနာထင်ရှား။သောတာပန်ရှင်ဆိကြားငယ်လျက်။ မြတ်ဗျား
တဲ့ဆံစူဋ္ဌါ။ စေတီတော် မြတ်ကဲကို။ခွဲတ္ထစ်၍ညှပ်ရိုးခါတဲ့ ယူပါ။
သည်ဝတ္ထုကျမ်းအလာကို။ ဘယ်သလာတိမံဗုံးလို့။ မျက်လုံးမှ
မရှိဟန်။ကာနံးပါဘိဉာဏ်။မင်းတို့ယူတိုင်း ဇကနံမှန်လျှင်။သော
တာပန် ပါယ်လားလိမ့်ထေး။ ။စသည်ဖြင့်ထည့်သွင်းတော်ပြရပေ

သည်။ ။ဤမြို့တွင်-ဓရက်နေ့ထိရပ်တန့်နေထိုင်၍။ကျောင်းတကာ
ဦးတင်ဖြူးက။ဆက်ထက်လှူဒါန်းကျွေးမွေးရန် ပင့်လျှောဝါသော်
လည်း။ဆရာတော်ဘုရားကြီး၏ အစဉ်အလိုးတော်သ ည်။အမြဲမြဲ
အဂ္ဂါဂ္ဂါသို့။တရားရေတိုက်ကျွေးစိမ့်သောဌာ။ သမ္မာဆန္ဒတော်
ကြီးသည်။ပြည့်စုံ နှံ့စပ်အောင်လှည့်ပတ်ရန်။ အချိန်ကာလကြန့်
ကြာမည်စိုးသောကြောင့်။ဆက်လက်၍။ပုဆိန်မြို့မှ အထူးစပယ်
ရှယ်မီ.ရထားဖြင့်။ပြန်ထွက်လာရာ။ ထမ်းစဉ်ဘူတာတာဝန်လျှံများ
၌။ကြည့်ညှိပူ းဇော်။ ဒကာ်ရော်ရိုးကြ သည်။ အသုတ်မီးရထားဘူ
တာကလည်း။တီးမျိုးစုံဖြင့်ကြိုဆို့လျက်။ အားပျံယာမကာတို့ကို
ဆက်ကပ်လှူဒါန်း။စား၀တ်ယသောက်၀တ်ယ။ အသွယ်သွယ်တို့ကို
လည်းလှူကြ။ တရားတော်များကိုလည်း အားရစွာနာယူကြကုန်
လျက်ထွက်လာရာ။ဟသ်ာတမြို့သို့။ ညနေ-၄-နာရီတွင်။ ဆိုက်
ရောက်။မြို့ရွာရှိလူကြီးလူကောင်း။အပေါင်းမျာ.စွာ။ ဒါယကာ ဒါ
ယိကာမ-ကြီးကြီးငယ်ငယ်။ရွယ်ရွယ်လတ်လတ်။ထပ်ခါထပ်ခါ။
ပူဇော်လာ၍။သုစရိုက်ယုဝအသင်းသား၀တ်ရုံကလည်း။ အထူ အား
ထုတ်ကြိုဆို ခင်းအမှုတို့ကို။ယာဉ်ရထား ဖြင့် သားနားတင့်တယ်
ပန်းမျိုးစုံခြယ်လှယ်၍။ ဘွယ်ဘွယ်ရာရာ။ရတနာအမျိုးမျိုး။ထိုး
မျိုးအစုံစုံ။မွေးထုံအသွယ်သွယ်။ကာသယ်ရ နံ့။သင်ပျံလိုင်ဇ။ရွှေ
ကုယ်တော် စိမ့်ဇ အောင်။ ဇတ်နန်များကလည်း။ ယန္တရား စက်
သွက်သွက်ထယ်သည့်နှယ်။ သာယာဘွယ်အသံ။ ခြိမ့်ညံ့အမျှား။
ဘ၀ဂ်ကြားမျှ။ထူးခြားစွာကြို ဆိုပင့်ဆောင်ကုန်လျက်။သြဝါဒကျွန်
ုပ်တို့ - မနှလည်ဆရာတော ဘုရားကြီးသည်။ထူးခြားသောဂုဏ်
တော်။ထင်ပေါ်သေ ပါရဖိ။ စုံညီသော သမ္ဘာတော်တို့သည်။ ဤ
ထက်အောံမြနှံမာ။ကမ္ဘာတိုင်းလုံး အံ့မဆုံးနိုင်။ အပြိုင်မရှိ။တစော
တော်ဇာတ်ခံသည် ရပိစကြာ။ သူရိယာဒ ဟသ်။ ထာင်ရောင်ခြည်
ထွန်းထတ်ခ ည့်နှယ်။ အံ့ဘွယ်ရှိပေစွတကား:ဟု။ အားပါးတရ။
သဒ္ဓါစောကြွလှလျက်။တ၀စင်စစ်။ ဗုဒ္ဓဘုရားအဖြစ်သို့ရောံရ
တော်မူမည်မှန်ပေသော-ဆရာတော်ဘုရားဟု။ ပူဇော်သက္ကာရပြု

ပြီး။ဂိုဒိုးလျက်လာရာ။ငှင်းမြို့။ ဝိုင်-အမ်-ဘီ-အော။အာသင်းကျောင်း ကြီးတွင်။ခင်းကျင်းစိမံ-သိတင်းသုံးတော်မူပါသည်။ ဟာဒ်ဘာတ-မြို့ ဆရာဘကလည်း။ဆူးခြားသောပညာဥာဏ်ဖြင့် စိမံပြုလုပ်သော မီးပန်းမီးပေါက်၊မီးပုံးမီးတံခွန်တို့ဖြင့်။ပူဇော်ကုန်သည်။ဦးဖြူ,ဦးမဲ။ လူမျိုးကွဲမကျန်။သင်းကွဲဂိုဏ်းကွဲ။ဘာသာကွဲအပေါင်း စသည်တို့ သည်။ဂိုဏ်းကွဲမထား။ ယုံကြည်ကိုးကားပါသော်။ မန်ထည်ဆရာ တော်ဘုရားကြီးထံတော်ပါးသို့။ တရံမစဲ။တရားတော်နာယူ။ လွန် ဘွယ်ဝတ္ထုစသည်တို့ထည်း။မရေမတွက်နိုင်။ပေါလိုင်ပြည့်လျှမ်း။ တင်းကျမ်းအဖုံဖုံ။ပူဇော်ကုန်ကြသည်မှာလည်း။ တောင်နှယ်တဂို ဖြစ်လေသည်။ထိုကြောင့်။ ။သတင်းမှာ သင်းဖြာလွှမ်းခဲ့ရ။ယင်းနာ ရာ။ထင်းကာပြလိုက်တော့။ဟာသိဘတ်မြို့သို့ပြည်။ ။ခါတခေါက် ကယိမှ ။ဆာရော်ကြံဆုံလို့ ၎တွေ့ရတယ်။ချမ်းမြေ့နှင်ကြည်။ ၊ အသိသမျှကိုရှာကယွန်းခဲ့ပေါ့။ ဤသည်လျှင်-တို့မြန်မာထွန်းပြီမို့။ ရောင်နှန်းပုံ။မီးစုံပန်းရယ်နှင့် တင့်ဆန်းလှပူဇော်သည်။မနသိဇင်တ် ထား။ ။သုစရိတယုဝခေါ်-လုထင်ဟိုတို့။နှင်သင်္ကိုလုံ့လပွါးပါ ပေ။အာများငယ်ဒါယကာမှ။သဒ္ဓါစွာ-လွှ ဘွယ်ရောက်ပုံက။ဖိုမေဝံ ခါ တောင်နှယ်ကပြီဘူ။ နှင်ပျစွာကြည်ညိုလာကြတယ်။ ထေရ် မဟာမန်လည်ဘုရားကို။ဦးချအာများ။ ။ဟူ၍-သိကုံရပေသည်။ ။ ဤမြို့တွင်-၁၁-ရက်နေ့ထိုင်နေထိုင်၍။ တပို့တဲ့လွှတ်-၁၂-ရက် နေ့တွင်၊ဟာသ်ာတမြို့မှ။ အာဆူးစပယ်ရှယ်ဒီးသင်္ဘောတွင်။ ဆရော ဘော်ဘုရားကြီးစသော။ ရုပ်နှင်လှူ။ ပါလာရင်းပရိသတ်နှင့် တကွ။ပူဇော်ပို့ဆောင်ကုန်သော်။မြို့သူမြို့သားပေါ်-၅၀၀ ကျော်တို့ သည်။ထွက်ခွါမည့်ဟျားတုံး၊ကမ်းနားရာစစ်။ တောင်ဖြစ်ထိုသို့။ ကမ်းနှံပို့မှ။နှစ်လို့ဘွယ်ကြည်ညိုပူဇော်ကြကုန်သည်။ ဤရတ နာဓိးသင်္ဘောကိုလည်း။ဂုန်ဆန်လူလာ။ကြိမ်ခါခါဖြင့်။သဒ္ဓါတရား အရ။အထူးဥာဏ်ပျ။ကခုန်ပူဇော်ကြသည်။ နောက်သာရေဝါဆိပ် ကမ်းမှထက်၍။ နာရီပြန်-၂-ချက်တွင်။ အထက်နည်း အထူး စပယ်ရှယ်ဒီးရထားဖြင့်။ထင်ရှားစွာ ထွက်လာခဲ့ရ။ အဂ္ဂမဟာ

ပဏ္ဍိတ-လယ်တီဆရာတော်ဘုရား။ ပင့်လျှောက်ချက်အရ။ သာ
ယာဝတီနယ်မင်းလှမြို့သို့။ ညနေ-၄-နာရီရောက်ရှိ။ မိတ်ဖွဲ့လျှော
ထာ-အသင်းသားနှင့်။မြို့သူကြီး-ဦးထွန်း။ ဆရာကြီး-ဦးပြားတို့က
အထူးရွက်ဆောင်ကုန်လျက်။ လက်ခံကျေးမွေး။ သူဒါန်း ပူဇော်
သည်။လယ်တီဆရာတော်ဘုရားကြီးကလည်း။ နှစ်ပါးစကွေ့။လင်း
မပြုခြင်းဖြစ်ရလေ၍။မန်လည်ဆရာတော်ဘုရားကြီးအား။ ထင်ရှား
စေ့စုံ။အာရုံခြောက်မည်။ တလိမပါ။ ပူဇော်ရာသက္ကစ္ဆဖြစ်ရှာရပါ
သည်။အထူးအားဖြင့်။ ပဥ္စာနိုး ဆန်းအလင်္ကာ။ သံပေါက်သံခိပ်
ကျမ်းများကို။သနားတော်မူပါသဖြင့်။ ပြုလုပ်ရေးသားတော်မူပါ။
ဟူသောစသည်တို့ကို။သာယာစွာသိဆိုကန်တော့ကုန်သည်။ ထို
ကြောင့်။ ။ကုံရာသိခါသမယမှာလ။ဘုံဌာနိအရွာရွာကြွခဲ့ပေါ့။
ဆရာသမဏ ထေရ်မန်လည်။ ။လယ်တီဘုရားရယ်က။ ထူး
ခြားစွာပင့်ချက်ဦးသည်ကြောင့်။ ရွှင်မြူးဘွယ် ရောက်ချင် စော
ငယ်။ဟာကြွလာသည်။ ။မင်းလှဆို။ ထိုမြို့မှာလ။ ဆရာ
တော်ထေရ်နှစ်ပါးငယ်။ဘရားမြတ်ဟောစုံညီ။မနာသိလွန်မြူး။ ။
ပြဿနာ။မေးချက်ကယ်ထွေရာရာပ။ဒေသနာကြာမနှုန်းရအောင်
သေအချာဖြေခါပေးလိုက်တယ်။ထွေးဘိုရှိဘူး။ ။ဟူ၍-သိကုံး
ရလေသည်။ ။ဤမြို့ဝယ်။ တရားရေး။အမြိုက်ဆေးကို။ တိုက်
ကျွေးဆုံးမတော်မူပြီးမှ။တပေါင်းလွန်း(၁)ရက်နေ့တွင်။ မင်းလှမြို့
က။ အာဏူး စပယ်ရှယ် ဒီးရထားဖြင့်။ မန်လည် ဆရာတော်။
လယ်တီဆရာတော်။အရှင်မြတ်နှစ်ပါးနှင့်တကွ။နောက်ပါရဟန်း
မယ်သူတော်။လူပရိသတ်(၂၂၀)ကျော်တို့ပါ။ နံနက်-၈-နာရီအာ
ချိန်တွင်၊ထွက်ခွါလာခဲ့ရာ။လက်ပံတန်းမြို့သို့ရောက်သောအခါ။ရာ
ဇဝတ်ဝန်မင်း ဦးမင်းတင် စသော။လူကြီးလူကောင်းပရိသတ်အာ
ပေါင်းတို့က။ဘူတာတွင်။တူရိယာအဖုံဖုံ။တီးမှုံးစုံတို့ဖြင့်။ ပူဇော်
ကန်တော့၍။ မွန်မြတ်သော။ ခဲဘွယ်ဇောဇဉ်တို့ကိုလည်းလှူရှင်
ပရိသတ်တို့အား။သူဒါန်းကျွေးမွေးကြပါသည်။ ဤနည်းတူ သာ
ယာဝတီမြို့။သုံးဆယ်မြို့။ဥက္ကံမြို့။ တိုက်ကြီးမြို့များ၌လည်း ကြွေဆို

ပူဇော်ကြလေသည်။တိုက်ကြီးမြို့အရေးပိုင်မင်းဦးဖြတ်သာကျော်
ကလည်း။ ကျွန်ုပ်တို့ မနုဏည်ဆရာတော်ဘုရားကြီးအား။ သား
ရှင်ပြုတရားနာဘိတ်ကြားတောင်းပန်။ပင့်လျှောက်သည်ကိုထည်း။
ရန်ကုန်မြို့ ကပြန်လည်သော အခါ။ လာရောက်မည်ဟု၍။ နှင့်ပြု
တော်မူပြီး။အင်းစိန်မြို့။ ကြွံကုန်းမြို့။ ကြည့်ငြင်တိုင်မြို့တွင်လည်း။
ပူဇော်ကန်တော့လှူဒါန်းကျွေးမွေးကြပါသည်။ရန်ကုန်မြို့။ ကွမ်းခြံ
ဘူတာကြီးသို့။ညနေ-၃ နာရီ၊ မိနစ်-၂၀ အရောက်တွင်ဆိုက်ရောက်
အာဇာမြောက်နှစ်ဆဲ့တာချက်။ ပစ်ပေါက်ကန်တော့ကုန်လျက်။ရဟန်း
ရှင်လူ ပရိသတ်အပေါင်း။ ထောင်သောင်း များစွာတို့သ ည်။ ကြည်
ညိုလာရောက်ကြသည်များ။ဤမြို့ကြီးတွင်။ ဤကဲ့သို့ ပရိသတ်ထူ
ထပ်ပေါများခြင်းကို။ ဤကဲ့သို့တခါမျှ မဖူးတွေ့ မကြုံဘူး ပေဟူ၍။
ရန်ကုန်မြို့ရှိ။အချို့သောသူတို့က။ပြောဆိုအံ့သြကြသည်ကိုလည်း။
ယုံကြည်ပါ၏။ဤပုဂ္ဂိုလ်ဆရာတော်ကြီးများနှင့်။ လူရှင်ပရိသတ်
များတို့ကို။ကြွေဆိုရန်အသင့်ဖြင်ဆင်ထားအပ်သော။တရုတ်သူဌေး
ကြီးချုံချောခိုင်စသော။ သူဌေးမင်းများတို့က။ မေမ်တော် ယာဉ်
ရထားတို့ဖြင့်။ရဟန်းပရိသတ်။လူပရိသတ်အချို့တို့အား။အစဉ်အ
တိုင်းစိမံကုန်လျက်။ ဤမြန်မာပြည်တဝှန်းလုံးတွင်။အကောင်းဆုံး။
အညွှန့်ဆုံး။အထိပ်ဆုံးဖြစ်ပေသော။ သာယာစည်ကား။ ထူးခြား
ဥစ္စာ။ရတနာအမျိုးမျိုးတို့တည်ရာတမျှ။ ရှင်လူရဟန်း။ တင်တစ်ပါး
ပညာ။သိပ္ပံအများ။ ထွန်းကားရာဖြစ်ပေသော။ဤရန်ကုန်မြို့တော်
ကြီးကို။ခရီးဆန့်ခါ။ ကွမ်းခြံဘူတာမှ။ ဆူးလေဘုရားလမ်း။ဒါလ
ဟိုဇီလမ်း။ ကိုလိလမ်း။ ကိုင်းတန်း။ မေမ်တင်လမ်း။ လှည်းတန်း။
ဘုန်းကြီးလမ်း။ဧရွာတောင်တန်း။လမ်းမတော်။စဉ့်ဒဂုံးတန်း။လတ္တာ
လမ်း။ပေ-၅၀-လမ်း။သိမ်ကြီးဈေးလမ်း။ မောင်ဂိုမာရိလမ်းများသို့
အစဉ်အတိုင်းစိတန်းခါကြွတော်မူပြီးမှ။ ဗုဒ္ဓနဲထောင်။ ရေကျော်
ရပ်။ညောင်ကုန်းကျောင်းတိုက်နှိုက်။မွမ်းမံခြယ်လှယ်။ တင့်တယ်
စွါခင်းကျင်းစိမံထားသော။မဟာဓမ္မသာလာ။မဏ္ဍပ်တော်ကြီးသို့
ဆရာတော်ကြီးနှစ်ပါးစသော။ရဟန်းရှင်လူ ပရိသတ်တို့။ ဝင်ရောက်

သိတင်းသုံးကြကုန်လေသည်။ရင်းတွင်။ ကြွေဆိုလက်ခံခြင်းနှင့်။လှူ
ဒါန်းကျွေးမွေးခြင်းတို့ကို။ရန်ကုန်မြို့၊သမာဓိမြို့ဝန်မင်း။မင်းတိုင်ပင်
အမတ် - ဦးဘိုးသာ O B E., K I H စသော။ လူကြီးလူ
ကောင်းတို့က။ ကောင်းမွန်မြင့်မြတ်စွာ။ လက်ခံ ကျွေးမွေးကြပါ
သည်။အာလွန်တင့်တယ်စွာ တန်းဆာဆင်လျက်။ ထူးဆန်းသော
ခင်းကျင်း ပြုစုပုံများကိုလည်း။ ဆရာတော်ဘုရားကြီး၏ ဂုဏ်
ကျေးဇူးတော်ဖြင့်။ရှုမြင်ကြရပါသည့် ဓမ္မသဘင်ပွဲကြီးတွင်လည်း
အာဆူးအားဖြင့်။မန်သည်ဆရာတော်ဘုရားကြီးသည်။ သင်္ဘာဝါဝေ
နေ။ဗိုလ်ခြေအများ။ ဒါယကာ,ဒါယိကာမ။ တရားနာပရိသတ်တို့
အား။သနားကရုဏာ။ မေတ္တာတော် ရွှေထားလျက်။ ဒုက္ခသစ္စာ
စသော။သစ္စာလေးပါး။တရားဟော်မြတ်ကို၊မျက်ဝါးထင်ထင်။ သိ
မြင်စေခြင်းငှါ။ နှုတ်တိုက်အရကျက် စေလျက်။ စွဲစွဲမြဲမြဲ။ အဲခိုး
တောင်ခိုင်။ဘေးငြိမ်းခိုင်ရာ။နိဗ္ဗာန်တိုင်ရောက်စေငှါဖြင့်။ ဒေသနာ
တော်ကိုဟောကြားတော်မူခြင်းနှိုက်။ ကြည်နူးစွာ နာခံကြသူအာ
ပေါင်းတို့သည်။သောင်းသောင်းမဆိတ်။ ဆရာတော်ဘုရားဟိုက်
ကို။ပရိသတ်သူတော်စွာတို့က။ ကြည်ညိုပူဇော်။ ကောင်းရာ ကြ
သောအသံများလည်း။တရံမစဲ။ပျော်ပွဲ ချွင်ခန်း၊ တင့်ဆန်းဝေဆာ။
ခါတ်မီးပွင့်ရုံစွာတို့ဖြင့်။ သာယာထွန်းလင်းစေလျက်။ ကမျိုးတိုး
မျိုး။ တရုတ်ယာသံစုံဟိုး၍။ ထာရေ-က်သမျှသော။ ရဟန်းရှင်လူအာ
ပေါင်းတို့အား။ မွန်မြတ်သောခဲဘွယ် ဘောဇဉ်တို့ကို။ လေးမြတ်
စွာ။လှူဒါန်းကျွေးမွေးကြခြင်းများသည်။အုတ်အာမစဲဖြစ်ပါသည်။
သိဂ်္ဂြိုဟ်ရကုန်း။ ရွှေတိဂုံစေတီတော်ဘုရားကြီး။ ဆူးလေဘုရား။
ဗိုလ်ဗဟာဆောင်ဘုရား။ငါးထပ်ကြီးဘုရားစသော။တန်းခိုးကြီးသေါ
စေတီပုထိုးများကိုလည်း။ ရွှင်ထန်းစွာပူဇော်ကြရပါသည်။ ထို့
ကြောင့်။ ။ဥက္ကလာရန်ကုန်မြို့တော်သို့။ကံဆုံလို့ ရောက်ကြလော်။ ။
စေတီထူးကိုလ။ ဦးချကာပူဇော်ပြုရတယ်။ ကောင်းမွှသဒ္ဓါ။ ။
အရွာရွာမြို့တော်ပေါင်းတွင်ဖြင့်။မယ္ယဉ်ကောင်းမယ္ယဉ်ရာ။သာယာ
ပေအာထူး။ ။ဆရာမန်လည်။ဂုဏ်ဟိတ်ကိုခိုမှီလို့။မြန်ပြည်တွင်

ထက်အောက်ချဉ်းတယ်။ သင်းရနံ့ကျ။။ ။ဟူ၍ သိုက်ဝိုးရလေသည်။ ။ဤရန်ကုန်မြို့တော်ကြီးတွင်။ ဣန်း(၁)ရက်က။(၄)ရက်ထိ။တရားသဘင်ပွဲတော်ကိုပြုရကြခြင်းသည်။ သတင်းစာအများတို့ကား။ဘော်ပြပြီးဖြစ်လေသည်။ထို(၄)ရက်နေ့ညနေ-၃-နာရီအချိန်တွင်။ကျွန်ုပ်တို့မြန်မာပြည်ကြီးကို။ထီးစည်နှင့်တကွ အုပ်စိုးတော်မူ၍၊၁၂၄၃ ခု။နယုန်သင်္ဃာတွင်း။ထီးဆောင်းမင်္ဂလာ။ မဟာဥကင်္သဘွင့်တော်မူခဲ့သော။သိရိပဝရာဓိတျာလောကာ ဇိပတိ။ ပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇာ။ဘွဲ့တော်ကို။ ခံယူတော်မူသော။ နှတ်ရွာစံ အာသျင်သိပေါမင်းတရားကြီး၏ ညာဏဝေးလက္ခဏာ။'သိရိပဝရမဟာရာဇိန္ဒါဘိ။သုဓမ္မရတနာစန္ဒာဒေဝီ'တံဆိပ်နာမံတော်ရှိအာရှင်မိဖုရားခေါင်ကြီးဘုရားကဏ္ဍာတော်မြတ်နာယူရပါမည့်အကြောင်းနှင့်။ မော်တော်ယာဉ်များဖြင့်ပင့်ဆောင်လေ၍။ တရားဒေသနာတော်များကို။ဟောကြားတော်မူလေသည်။ ဣန်း(၆)ရက်နေ့တွင်။ပွဲစား ဦးအောင်ကြီးတို့ ပင့်လျှောက်ချက်အရ။ ညောင်ကုန်းကျောင်းတိုက်မှ။ငါးထပ်ကြီးဘုရားရင်ခြင်တော်သို့ ကြွရောက်ရန်အစီအစဉ်ဖြင့်။ မင်းတိုင်ပင်အမတ် ဦးဘိုးသာ။ ဝန်ထောက်မင်းဦးဒိုစသော။လူကြီးလူကောင်းတို့က။ ရွှေတိဂုံစေတီတော်တွင် ဆရာတော်ဘုရားကြီးစသော။ရဟန်းရှင်လူအပေါင်းတို့အား။ လှူဒါန်းကျွေးမွေးခြင်းကိုပြုကုန်လျက်။ ၎င်းမှယခင်ကငါးထပ်ကြီးဘုရားသို့။မော်တော်ယာဉ်ဖြင့်ပင့်ဆောင်ကြပါသည်။ ဤသည်နှိုက်။ ရွှေတိဂုံစေတီတော်မှ။ငါးထပ်ကြီးဘုရားသို့ကြွတော်မူစဉ်။ဆရာတော်မရောက်မီအကြားနှိုက်၊ မည်သို့သောအခြင်းအရာစသည်များ၌ကို (ဇယားမစွက်-ဝက္ကွက်၍။ ချန်ထားခဲ့ပါသည်) မနုလည်ဆရာတော်ဘုရားကြီးသည်။ဂုဏ်တော်အညို့။ ပါရဂူတော်စေသော။ သမ္ဘာတော်လွန်မြတ်သည့်ကုသိုလ်တော်ကြီးများသည်။ မည်ရွေ့မျှမည်မျှအားဖြင့် ထင်လျှားကြီးကျယ်သည်ကို။ အထူးအံ့သြ၍ကုန်နိုင်ဘွယ်မရှိ။ လှူဒါန်းကျွေးမွေးကြလိုသော။ ဒါယကာ, ဒါယိကာမတို့က။သူ့ထက်ငါသာ။ သဒ္ဓါကြည်ညို။ ရက်ကိုမရ။

ရလေ့ဒံသာဒါယကာများကလည်း။ ဗိုင်းဖြား၍တောမသတ်နိုင်။ တခါတရံမှာ၊စေတနာတွင်။ ထွေထွေရာရာ ဖြစ်ကြရကုန်သည်။ သွန်း(၇)ရက်နေ့တွင်၊ရင်းငါးထပ်ကြီးမှ။အစအဦးတင်ကူးရောက်လို၍၊ခွင့်ပြုတော်မူခဲ့သော။အာလယတောရ-ဦးကောသလ္လကျောင်းတိုက်သို့။သိုက်မြိုက်ဆန်းကြယ်စွာ။ဒေဝတော်ယာဉ်များဖြင့်။မနိလည် ဆရာတော်ဘုရားကြီးစသော။ နေ့ဂ်ပါရဟန်းခံငှါလျှ။ ပရိသတ်-၂၀၀-ကျော်တို့သည်။ထာရောက်ကြလေရာ။ ဝတ္ထာတိမ်ဘုံ။မှုံညိုပြာမှိုင်း။ခရစ်တိုင်းခရစ်ခွင်။ဝေဟင်အာမဠုန်။ပဇ္ဇုန်နတ်သား။ ထင်အရှားဖြင့်။ ကျော်ကြားသောငှါ။ ဓိုးများရွာသွန်း ငလေသည်။ မဟာမေဒနီ၊ဖြေပထဝီကလည်း။ကြည်းဟိုင်ဂြင်ဂြင်၊လျင်လှပ်ခါ။ သြဘာကောင်းမှု။ဘက်သေပြုရလေသည်။ဤသည်ကာလ။ တည်ကျိန်းစက်။သိတင်းသုံးတော်မူ၍။ တရားနာပရိသတ် အပေါင်းတို့အား။ဒေသနာထူးကို။ဝိုရိစွာဆုံးမတော်မူး၍သည်။သွန်း(၈)ရက်နေ့တွင်။ဤကျောင်းတိုက်သို့ ပင့်ဆောင်ကုန်လျက်။ သွဒါန်းကျေးဖွေးပြီး၍။မေဒ်တော်ယာဉ်ရထားများဖြင့်။ ရန်ကုန်မြို့အနောက်ဝိုင်း။၁၀-လမ်းထိပ်။ ကျုံးကြီးလမ်းရှိ- သဲပုံစေတီအနီး။မတ္တာပ်တော်ကြီးတွင်။ခရီးသတ်၍။ တရားတော်ပေါ ရှတ်းတော်မူပြီး။သွန်းတိုံ။သိမ်ကြီးဝေ့းလမ်း၊နောက်ဒါလဟိုဇိုလမ်း ကိုလိုလမ်းတို့ကိုဝင်ပြီး။ သဲပုံစေတီမှ။လမ်းမတော်။သရက်တောကျောင်းတိုက်သို့ ပင့်ဆောင်ကုန်လျက်။ သွဒါန်းကျေးဖွေးကြပါသည်။၉-ရက်နေ့တွင်လည်း။ဤကျောင်းတိုက်ကပင်။ တရားဓမ္မဟောပြဆုံးမတော်မူ၍။(၁၀)ရက်နေ့နှိုက်။ ယခင်ဦးကောသလ္လကျောင်းတိုက်သို့ပြန်လည်။သိတင်းသုံးတော်မူပါသည်။သွန်း(၁၁)ရက်နေ့တွင်။ဦးကောသလ္လကျောင်းတိုက်မှ။ဗဟန်းတိုက်- ဦးဓိနကျောင်းသို့။ဓမ်တော်ယာဉ်များဖြင့်။ထူးခြားစွာ ပင့်ဆောင်ကြကုန်၍။ဆွမ်းစသောခဲဘွယ်ဘောဇဉ်။ ချိုချဉ်ရသာတို့ကို။ ဆက်ကပ်လှူဒါန်း၍။တရားဒေသနာမြိုက်သြဇာကို။ဟောပြဆုံးမတော်မူထေသတည်း။

ဤနိုက်။အဓိကမြန်မာပြည်။ ကသာဒိစတြဲတ်။ မနုဏည်ဖြိုမ။ ပြာသာဒ် ကျောင်းကြီး ဆရာတော်ဘုရားသည်။ဇလွန်ဖြိုသစ်က။ ဆိပ်သမုတ်ရေနုပင့်လျောက်ချက်နိုက်။ ရည်ရွယ်ရင်း ဆန္ဒတော် အားဖြင့်။အောက်မြန်မာပြည်များသို့။လှည့်လည်ရန် လာရောက်ခဲ့ ရာ။ဤနေ့ထိ(၄၅)ရက်မျှ။ကြာရှိကြလေပြီ။ နိုင်ငံတော် အဓိက် အောက်တွင်လည်း။ဤမျှလောက်-တန်းခိုးကြီးကျယ် ထင်ရှားပေ သော-ဆရာတော်ကြီးတပါး၏။ ဖူးမြော်ရပေသည်ဟူ၍ အနှံ့အ ပြား။ ကျောက်ကြား သိရှိတော်မူခြင်းမျှားကိုလည်း။ အထူးသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ရပါပြီ။ရန်ကုန်မြို့ပေါ်တွင်။ဆရာတော် ဘုရားကြီးအား။ထုန်းတော်ဂုဏ်တော်။သမ္ဘာတော်ကြီးကို။ပူဇော် ဖြိုးမြောက်ကြသော။ ၁ ။သွာဂတံ တေ မဟာဝုဠ္။ ၂ ။သုသုခံ ဝတ ပဿာမ။ ၃ ။ဝိဝရိဿတိ ခေမဿ။ ၄ ။ အပနေဿသိ။ မောဟာန္ဓ။အစရှိသော။၄-ချမြောက်။ ဘုန်းတော်ဘွဲ့ဂါထာကိုဂုဏ်း။ ၁ ။ဓေယျမဂ်လာ။ ကောင်းချီး သာဝိဗ္ဗ်။ ၂ ။သုံးပုံ ဆန်းကြယ်။ ကျမ်းသွယ်သွယ်ဟု။ အစရှိသော။အဖြည့်ခံ ဆုတောင်းလက်ာ ရတုများကိုဂုဏ်း။ ။သာသနာရောင်ဝါထွန်းပါဘိ။တောင်ညာကျွန်း ငယ်တဲ့ဇမ္ဗု။ဒီ -အစ။ ။ဝဲလကျိုသမ္ဘာရှိပါတဲ့။ ရှင်သာရိပုတ္တရော။ မောဂ္ဂလာန်ရှင်နှစ်ပါးရယ်လို့။များစိတ်ထင်ကါ။။ရှိပန်ထွာ။လိုရာ ပဆုတောင်း။ ။ကြွန္တိတံမှန်သမျှကို။လုံးဝပြည့်ကြောင်း။ ဟူသော မင်္ဂလာစည်တော်ချင်းများကိုဂုဏ်း။ဤနည်းနှင်နှင်။ ဘွဲ့ဆိုကန်တော့ ကြွကုန်သည်။ ။ဤသည်၌။ကသာသစ်တောဝန်ထောံမင်း-ဦးဘိုး သင်းနှင့်ကျွန်တော်တို့ပါ။ အစိုးရအလုပ်မှအနှင့်ခံယူ၍။ ကျေးဇူး ရှင်မနုလည်ဆရာတော်ဘုရားကြီးအား။ အောက်မြို့နိုင်ငံတော်သို့။ ပင့်ဆောင်လာခဲ့ရာ။မြို့ကြီးပြကြီးဌာနကြီးများကိုလည်း။ အတော် အဘန်ပြန့်နှံ့ထင်ရှားပါပေပြီ။သို့ရာတွင်။ကျွန်နုပ်တို့မှာ။ အစိုးရ အလုပ်သို့ ဝင်ရောက် လုပ်ကိုင်ရန်။ အချိန်ကာလနီးလေပြီ ဖြစ်ပါ သောကြောင့်။ ဤကဲ့သို့ သာသနာတော်အကျိုးကို။ ရွက်ဆောင် အားထုတ်ရန်။အပါးထော်မြဲ။ တပည့်ကြီး-ဦးဖြိုးကိုယ်တော်နှင့်။

မနုလည်ဥဒါန်း ဩဘာကဗျာကျမ်း။

မနုလည်မြို့သူကြီး- ကိုသက်ဂျည်တို့အား။ အရပ်ရပ်လွဲအပ်မြို့ရွာ ဂိုလူကြီးလူကောင်း။ ရဟန်းတော်ကြီးများကလည်း။ ဆရာတော် ဘုရားကြီးအတွက်- ပူပင်ရန်မရှိ။ လုံလောက်စွာ ရွက်ဆောင်ပါမည်။ဝန်ခံဂိုသည်ဖြစ်ပါသောကြောင့်။ဆရာတော်ဘုရားကြီးအား မိမိတို့ဇာ်နေရပ်ဌာနသို့ပြန်ရန်။ဂိုဦးပန်လျှောက်ကြပါသည်။ ဆရာတော်ဘုရားကြီးမှာ။ ဘုန်းတော်-ဂုဏ်တော်။သမ္ဘာတော်တန်းခို၊ တိုးတက်ထင်ကစား။ ရုတ်တရက်-နေရင်းမနုလည်မြို့သို့။ ပြန်ခွင့်မရနိုင်သေး။ အရပ်ရပ်မှပင့်ဆောင်လာကြသော- ဒါယကာများအနက်။တိုက်ကြီးသထို။မော်ဝမြို့။ပဲခူး။ပဲန္နယ်ကုန်း။ပြုံး။မြစ်သား မနုလေးစသော- မြို့ရွာများသို့။ပြန်းကြွရောက်ပြီး။ဖူးမြော်ကြောင့်။မကြာမီ-နေရင်း ကျောင်းတော်သို့ ပြန်ထည်တော်မူရန်။ တောင်းပန်လျှောက်ထားခြင်းကို ပြုခဲ့ပြီး၍။ ၁၂၈၁-ခု၊ တပေါင်း လဆန်း(၁၂)ရက်နေ့တွင်၊ရန်ကုန်မြို့ ကွမ်းခြံဘုတာကြီးမှ။နေ့-၁၂ နာရီ။နံပါတ်-၁၊စာပို့မီးရထားနှင့်။ ကျွန်ုပ်တို့ ပြန်လာခဲ့ကြရာ။ ထမင်းစဉ်ခရီးတလျှောက်အကြား။ မြို့ကြီးပြကြီးများကို။ ညအချိန်ဖြစ်သောကြောင့်။အထူးမတောပြခဲ့ပါ။ လဆန်း(၁၃)ရက်နေ့တွင်။ မနုလေးရတနာပုံ။နေပြည်တော်သို့။ ဆိုက်ရောက်၍။ ရုံးတိုက်ပြည်တွင်းစွန့်သူရိယမင်းသည်။ ဖြတ်စွာဘုရားကိုယ်တော်တိုင်။အထင်အရှားရှိတော်မူသောအခါ။ နှုတ်ဆက် ကိုယ်စားတော်စားအဖြစ်။ သွန်းလုပ်တော်မူ၍- ပင့်ဆောင်ခဲ့သော။ မဟာမုနိဘုရားကြီးစသော။တန်းခိုးကြီးသော။ကုသိုလ်တော်။လောကဓံသိမ်မာရင့်အောင်စေတိ။ဘုရားနှိ။ဇွေကျိုးဖြင့်။ သက္ကသိဟာ။ အိမ်တော်ရာ။မနုလေးတောင်။ ကုသိုလ်တော်အစရှိသော- ဘုရားများကို။ ပါလာသောပရိသတ်တို့နှင့်တကွ။ ပူဇော်ကန်တော့ ကြပါသည်။ နောက်ဆုန်း(၁၅)ရက်နေ့ တွင်။ မနုလေးမြို့မှ။ မိုးရထားစီးနင်းထွေခဲ့ရာ။ဆုတ်(၁)ရက်နေ့တွင်။မန္တလေးမြို့။ အင်းတော်မြို့။ နဘားအစရှိသော။မိမိတို့နေရင်းမြို့ရွာများသို့။ ဆရာတော် ဘုရားကြီး၏ကုဏ်တန်းခိုးတော်ကြောင့်၊ဘေးမရှိကောင်းမွန်ချမ်းသာစွာ

ပြန်ရောက်ကြကုန်ပါသည်။ ။ကျွန်နုပ်တို့သည်။ ဖိဖိတို့ နေရင်း ရပ်ဌာနသို့။ချမ်းသာစွာပြန်ရောက်သည့်နှယ်။ ဆရာတော် အာရှင် ဖြတ်ကြိုးလည်း။ မကြာမီပြန်လည်တော်မူပါရန်။ နေရင်း ရှိုးရှာ။ ဒါယကာ ဒါယိကာမများတို့က။အလွန်ထောင်တလျက် ဝိုကြပါသည်။ဤမနုဏည်ရှိမှာ။ကျေးဇူးဂုဏ်ဘုရား၏တရားတော်ရေးကို။ နာယူပန်ဆင်လိုကြခြင်းများသည်။ကမ္ဘာအစ။ဦးပဒ္မမက။နေ,ထ, မပေါ်ထွက်မီ။ ၎င်း၏အလင်းရောင်ကို။ တောင့်တ ကြသည်နှင့် အသားတူ။အလွန်မြော်တနေကြပါတော့သည်။ ထိုသို့အစဉ်ကား။ ရှေးဟျားမဆွ။ပဒ္မမကမ္ဘာဦးသူတို့သည်။ မိဖိတို့၏ကိုယ်ရောင်အ လင်းတို့ကိုဆောင်လျက်တည်နေကြစဉ်။အကြင်သို့သော်အခါ ကြောင့်။အရောင်ကွယ်ပျောက်။မှောင်အကိုရောက်နေသောအခါ တရုတ်သောအလင်းရောင်ကို တောင့်တသည်နှင့်။ ။တသံ စိန္တိ ယန္တာနံ ပုည ဗလေန ဖဂ္ဂုဏော-ပုဏ္ဏမိယံသူဂိုယ-မဏ္ဍလံ ဥပပဇ္ဇတိ။ဟူသောကျမ်းဂန်အရ။ရှေးဦးစွာ အချင်းယူဇနာ- ၁၅၀-ရှိသောရောင်ခြည်တထောင်ဆောင်ကုန်သော-သူဂိုယနေမင်း။နေ့ စဉ်ဒေါလမင်း။နက္ခတ်,တာရာ။မြင်းမိုရ်စကြာဝဠာ။သမုဒ္ဒရာ။ သိတာ ခုနစ်တန်။သတ္တရဘာန် တောင်စဉ်အစရှိသည်တို့။တပြိုင်နက်မရှေး မနှောင်း-ထွက်ပေါ်လာသောဟူ၏။ထိုကြောင့်။လောကဝိဒူ မော် ကွန်းနွှိက်။ ။လ။။ကိုယ်ရောင်ကွယ်ပြီ့။မိုက်အတိတွင်။ပရိမဏ္ဍ လ။တာဝန်းချသား။တရုဉ်ငါးဆယ်ဒီမာန်ကြယ်ဖြင့်။ရောင်နှယ်ငြိုး ငြိုး။ဆွေလှည်းဘီးသို့။ဘိတ်စီးဖြာကွန်း။ပြိုဗ္ဗာစွန်းထက်။လေးကျွန်း မျက်ပွင့်။လူရဲရင့်၍။နေမင်းနာမ။သူဂိုယဟု။မဂဓကို။ ခေါ်ကြဆို ရှင့်။ထိုနေ့တဘန်။ဝင်ပြန်ကာမြို့၊ညဥ့်အဘို့နှိုက်၊နေဘို့အချင်း။ လ မင်းယူဇနာ။သန္ဓိုဘာပြည့်ကုပ်။တရုဉ်ပုပ်ဖြင့်။ထီးချုပ်ရှက်ဆိုင်။စက် ခရိုင်သည်။ ။ကြယ်ပြိုင်ထွန်းခန့်ရိုးရဲတည်း။ ။ဟူ၍ဂုဏ်း။ ။ မင်းနဝဒေးဆိုလူတားတွင်။ ။တပေါင်းခါညို။ဗိန်ရာသီဟု။တထိ ရှေးက။ဒွေးဒဟာနှင့်။နေ,လ,ရောင်မှတ်။အရောင်လွတ်၍။ ခါတ်အာ ပေါညို။ဟူ၍ဂုဏ်း။ ။ကမ္ဘာသူတို့-ထွက်ပြူ-နေ, လ။ တူပြိုင်

ပသော။ ကြောင့်ကြကုန်ပျောက်။ချမ်းသာရောက်သို့။ ပြုင်ထောက်
မညောင်း။ လျှောက်ဝံ့တောင်းသည်။ ။အကြောင်းခယ စတင်
သော်။ဟူ၍ဦး။ ။ဤသို့လျှင်။ အလင်းရောင်တည့်းဟူသော။ နေ
လ,နက္ခတ်တို့သည်။တပေါင်းလတွင်။ပေါ်ထွက်သည့်အား ထွေ
စွာ။ယခုအခါလည်း။ တပေါင်းထရာသိဖြစ်ပါသည်။၍ တပေါင်း
လမိန်ရာသိတွင်ပင်။သရဖိ-အင်ကြင်း-ပိတောက်-စကားပန်းတို့
လည်း။တင့်ဆန်းစွာပွင့်ကြကုန်၏။ တောလုံး တောင်လုံး။ ပင်လုံး
အစုတ်။ရွက်ဟောင်းကြွေပျောက်။ ရွက်သစ်ရောက်၍။ ပရစ်ဂူး
ပရစ်ညွှာတို့ဖြင့်။ စိရဂိ-ဆီဆန်း၍ထားသောအလားကဲ့သို့။ ခက်
ရွက်ဝေဆာ။ အလွန်သာယာလှပါသည်။ မြတ်စွာဘုရားကိုယ်
တော်မြတ်ကြီးသော်မှာ။ ၍တပေါင်းလအခါ။ သာယာ နူးမျိုသော
အကြောင်းကို။ပဒုကတ်တော်သုံးပုံဟုဆိုအပ်သော။ တရားရတ
နာသည်။လွန်စွာတင့်တယ်လှသည်မှာ။ပရိတ်ကြီးပါဠိတော်။ရတ
နာသုတ်တွင်။ ။ဝနပ္ပဂုဇ္ဇေ ယထာဖုသိတဂ္ဂေ။ ဂိမ္မာနမာသေ။
ပထမဘိဳ ဂိမ္မေ။စသည်ဖြင့်နှိုင်းဉာဉ်၍။ဟောတော်မူပါသည်။ ။
ဝေသန္တရာဇာတ်တော်တွင်လည်း။ ဆောင်းလကုန်ဖြောက်။ နွေ
ပေါက်ခါစ။တပေါင်းလအခါ။သာယာသဖြင့်။ အညီအညာပွင့်ကြ
ကုန်သော။ တောတောင်တို့ကို။ဖြင်ရသောအခါ။ မွေးကြိုင်သော
ပန်းတို့ကို။ တိုက်ခတ်၍။ငှေသောသာ။ တဖြူးဖြူးလာသော။ ထေ
ညွှင်းကိုခံရသောအခါ။ တိုင်းတော်ပြည်တော်ကိုမလွမ်းဘဲ။ ထီး
နန်းစည်းစိမ်များကိုပင်။ မေ့လျော့ပါလိမ့်မည်ဟူ၍။မဒ္ဒီဒေဝီက။
လျှောက်ဆိုဘူးသေသည်။ဘူရိဒတ်ဇာတ်ပေါင်းတွင်။ ။ဖဂ္ဂုဏ
ဟု။မာသပေါ်ထွန်း၊တပေါင်းဆန်းက။တောပန်းရနံ့။ မွှေးမွှေးပျံမျှ။
အာလှံ့ပျော်ရာ။ဟိမဝါဝယ်။ ဟူ၍ဖြင်း။ ။ဇေယျယန္တိ ဒိတ်ဆို
ရတုတွင်။ ။ရာသိကြက်ဆောင်း။တပေါင်းမှုးမှုး။ မင်းလွင်ဦးခြီ။
ညွှန့်ဖူးကင်းငုံ။ပင်တိုင်းစုံသည်။ ။ရကုံထွေတဆန်းလှည့်သော။ ။
တပေါင်းသာခေါင်။လမျှားနောင်ဝယ်။တောတောင်စုံပေါင်း။ ။
ညွှန့်သစ်ထောင်းသည်။ ။နှာမောင်းခွေထည်။လှည့်ထိမ့်မည်။ ။

ဝမ်းကွဲထပ်လောင်း။စိတ်လုံးပျောင်းမျှ။တပေါင်းသနစ်။ သာသည်
ဖြစ်ကို။စိစစ်ဖြန်မိ။မျက်စိမလပ်။ စိမ်းဖတ်ဖတ်မျှ။ ဂျစ်ရပ်ဖြောက်
ဘောင်။လွှမ်းဝေမျောင်သည်။ ။တယောင်ဖြမတတ်ရာသော။ ။
ဟူ၍ဂုဏ်း။ ။ဆင်ပေါင်ဝဲ- ဦးကြင်စုရေး-ရာသီဥတွင်။ ။
ဝနပ်ဂုဇ္ဈေ။ခက်ချင်းညွှာဆိုင်နှင့်။ဂေါ်ငုံခိုင်ထုံလှိုင်ပျုံပါဘိ။ညှင်းညံ့
ထေဖြေ။ ဂျုက်အုပ်ကယ်ဝေ။ ပိန်ဆွေထ ရက်ပိုင်း။ ။သုံး ဘောင့်
ထွတ်စွန်။မြတ်ဗျားသယံမွန်မှ။ သာအာလွန် စာညွှန်ပေါခဲ့တယ်။
တောနှင့်တောင်တိုင်း။ ။ဟူ၍ဂုဏ်း။ ။မင်းနဝဒေး ဆိုရတုတွင်။
ကျေးဌက်တွန်သောင်း။ ပျော်နှစ်ထောင်းသည်။ ။တပေါင်း လ
များသခင်သော။စသည်တို့ဖြင့်။ ဂျေးပညာဂိုများ ဘွဲ့ဆို သိကုံး၍
မကုန်နိုင်ဖြစ်ပါကြောင်း။၍တပေါင်းလမိန်ရာသီတွင်။ အာလွန်တ
ရာသာယာလှသောအခါဖြစ်သင့်ကစား။ မန်လည်မြို့ဂို။ နေရင်းတ
ကာတကာမတို့အား။ သနားခြင်း ကရုဏာတော်ဖြင့်။ ပြန်ထည်
တော်မူသင့်လှပါသည်။အမြို့မြို့အရွာရွာတို့ကလည်း။ ကျေးဇူးဂုဏ်
အား။သိတင်းသုံးနေတော်မူပါ။ ဝါဆိုတော်မူပါစသည်ဖြင့်။ ပင့်
လျှောက်ကြသည်များကိုလည်း။ သင့်လျော်ရုံမျှသာအခွင့်ပြုတော်
မူပါ။မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးသော်မှလည်း။ရာဇကြိုတ်
ပြည်မှသည်။ယူဇနာခြောက်ဆယ်ဝေးကွာသော။ ကဋ္ဌိထဝတ်နေ
ပြည်တော်သို့။လှမ်းကြွတော်မူခဲ့၏။ ကာဠုဒဲဘိယိအရှင်က။ ဤတ
ပေါင်းလအခါ။ သာယာသောအချင်းရှိ၍။ နေပြည်တော် ကဋ္ဌိလ
ဝတ်သို့။ပြန်လည်တော်မူကိုသင့်လှပါပြီ စသောအားဖြင့်။ ဂါထာ
ခြောက်ဆယ်တို့ကို။ သိကုံးဘွဲ့ဆိုတော်မူရသည်အား လျှော်စွာ။
ဥတု-ရတု။သာယာမှုဖြင့်။တနေ့လျှင်တယူဇနာဂျ။ သဃ်ာတော်
ရှစ်သိန်းခြံရုံလျက်။ လှမ်းကြွတော်မူသောလသည်။ ဤမိန်ရာသီ
တပေါင်းလအခါပင်ဖြစ်ပါသည်။ ထိုကြောင့်။ စာရေးတော်ကြီး
ဦးမောင်ကထေးရေး။ဘရဂုဏ်ပွင့်။ယုန်နှင့်ချိန်တာ။ မိန်ဦးသာတင့်
စွာ။ထေရ်ကာဠုဒဲကြောက်ဘွယ့် လျာငယ်။ ခြောံဆယ့် ဂါထာ
သိကုံးပြန်ရလေး။ဟူ၍ဦး။ ။ပင်းမြို-ဆရာကြော့ရေး။ ။ဟူ၌

ရုန်တသိမ်ချွေလို့။ မှိန်မပြေ-ဂိမ္မေဆန်းပြန်တော့။ အစိန္တေကပို
နှန်းကို။မြန်းကြွရာသိ။ဟူ၍ဂုင်း။ ။အာချုပ်တန်းဆရာဘောရေး။ ။
သာသုခါ။ကာဠဒုဒါဇွန်ဂါထာကြောင့်။ ဒေသစာကပို့နှန်းကို။လွှမ်း
ကြွလို့ကူး။ဟူ၍ဂုင်း။စသည်တို့ဖြင့်။ ဤနည်းနှင့်နှင့် ဘွဲ့ဆိုသိကုံး
ကြဿည်အားလျော်စွာ။ကိုယ်တော်အာရှင်မြတ်လည်း။ သနားတော်
မူရင်းမေတ္တာကရုဏာတော်ကို။ဇွန်နှလုံးတော်အစဉ်ပိုက်ယူတော်
မူပါ၍။အိုင်နောတတ်မည်။ ဇကြည်သွင်သွင်။ ရေစဉ်ဝမ္မ။ဟော
ဘော်ဖြဘို့။ဤမန်လည်မြို့။ပြာသာဒ်ကျောင်းတော်ကြီးသို့။ မကြာမီ
ပြန်ထည် ကြွရောက်တော်မူပါရန်။ဆုတောင်းပတ္ထနာပြုလိုက်ရပါ
တော့သည်ဘုရား။ ။ဤမျှတွင်သာ။ကျေးဇူးဂုဏ်ဆရာတော်ဘုရား
ကြီးသည်။မန်လည်မြို့ပြာသာဒ်ကျောင်းကြီးမှ။ အောက်မြို့နိုင်ငံ။အာ
ရုပ်ရုပ်သို့။လှည့်လည်တော်မူခြင်းနှိုက်။ ရန်ကုန်မြို့-ဗဟန်းတိုက်
ကျအောင်သာ။ခရီးစဉ်နှစ်စဉ် တို့ကို။ဘော်ပြရေးသားပါသည်။ ရှေ့
သို့ဆက်လက်ရေးသားမည်ဖြစ်သော- ပဂ္ဂိုလ်အား။ အထူးမြော်
ထင်လျက်ရှိပါကြောင်း။ ။အောက်နှိုက်ရတုလက်ဝ ဇကိုဒ်ကို
လည်း။ရှိခိုးလျက်ဘွဲ့ဆိုရေးသားလိုက်ပါသည်။

ဘဒ္ဒကမ္ပော။ကျွန်းဒိပါနှိုက်။ အခါနဝမ။ ကြိမ်ကြိုက်ကလျင်။
ကာလချင့်ရာ။နှစ်ကောဇာသော်။ တထောင်ကျော်၍။ ရာပေါင်းနှင်း
ကျ။အင်္ဂကနှိုက်။မကာရဆို။ထပြာသိုတွင်။ ပဂ္ဂိုလ်ထေရ်ကြီး။
မြတ်အာရည်းလျင်။ဘွဲ့ချီးဝှန်တက်။ဘုန်းတော်ထက်၍။ အဂ္ဂမဟာ။
ပဏ္ဍိတာဟု။မည်သာထင်ရှား။ မန်လည်ဘုရားမှာ။ တရား တော်
မြတ်။ဟောရွတ်လတ်မည်။ နှလုံးရည်ဖြင့်။ အောက်ပြည့်နိုင်ငံ။ကြွ
ရောက်ရန်ကို။ရည်သန်ပိုက်ဖြား။ စက်ရထား၌ဝင့်။ တွက်ငြားလျင်
စွာ။မြန်းခဲ့လာသော်။ဝဲယာမထပ်။သွက်လှယ်ညှပ်၍။မပြတ်နေ့ည။
မြတ်ခမ္မကို။ဟောထလေရာ။စခန်းသာတိုင်း။ တကာ,တကာမ။ပို
တိမ္မ၍။ခေါ်ကြသာရု။ ကြည်ညိုပြုသည်။ ဇကျေးဇူး ဂုဏ် တော်။
တန်းခိုးတော်လျင်။ကော်ရော်ကြည်ဖြူ။ ပတ္ထုပယင်။ လူ့ဂုဏ်ညွှတ်
တွား။မြို့ရွာမျှားမှာ။ခွဲခြားရေမူ။ကန့်ဘလူစစ်ကိုင်း။အောက်ပိုင်းအ

ကြေ။စုန်မျောလေသော်။သင်္ဘောပေါ်နှင့်။အုတ်အောင်ဤသို့။ ပရက္ခ။ မြို့လည်း။ဧရာဝတီ ရွှင်ကြည်။သင်္ခါသည့်လျှင်။ပြည်နှင့် မြန်အောင်။ ထိုနောင်ဟာသ်ာတ။ ဇလွန်ကျက။ မှုထပင့်ချက်။ ခွင့် ပြုလျက် ကြောင့်။မပျက်အားထုတ်။ပတ်တကုတ်ဖြင့်။ သိမ်သမုတ်ရာ။ပြီး သောခါလျှင်။မြို့မှာပုသိန်။ ရှင်မင်းသိန်ဟု။ သိန်ရာသိဖြတ်။ ရှေးမ ဖြတ်သည်။နသတ်အကွာရာ။ထိုမြို့သာက။ ခွါခါစကာ။ ဟာသ်ာတ နှင့်။မင်းလွှရန်ကုန်။အပုံပုံလျှင်။ ရောက်တုံခါမြို့။ ဘုန်းတော် တို့ ထည်း။မချို့ငွင့်စွင့်။ငါးငါးပွင့်ခဲ့။ ကြီးမြင့်တောင်။ တန်းခိုးတော် လျှင်။ထင်ပေါ်မပြီး။ဂုဏ်တော်ကြီးကို။အံ့ချီးမကုန်။ သိမ့်သိမ့်တုန် ရှဲ။မြန်ဘုံထက်အောက်။ဘဝဂ်ပေါက်မျှ။လာရောက်ကြည်ညို။များ ထိုထိုလျှင်။ဥဒဟိုမစဲ။ဓမ္မာပွဲနှိုက်။ခပဲရှင်လူ။အုင်အင်သူတို့။ဦးဖြူ ဦးနက်။လက်စုံရှက်လျက်။ဟောပြောဒေသနာ။မြို့ကရသောကို။ နာ ယူပန်ဆင်။ရှင်နည်းအင်ပြည့်။ဝမ်းမြောက်တည့်သည်။ လှည့်ကြွ ဒေသစာ။မြန်းအုံးမှာဇို့။ရက်သာမသက်။ ဘယ်မရပ်ဘဲ။ မပြတ် ဒေသနာ။ဟောလေပါလျှင်။ အညာမနဏည်။ ကျန်သည့်တကာ။ ကြည့်မသာချက်။တက်ထောင့်တက်လဲ။ ပူမစဲအောင်။ဝမ်းနဲ့လွှာ။ ဖြစ်ကြပါသည်။ ခါနွေသံတောင်။ ရတု ဆောင်သည်။ ယခေါင် ကပ်ဦး။ ထင်းရောင်ထူးကို။ရွှင်မြူးတောင့်တ။ထွက်ပြူရသည်။ နေ လ-နက္ခတ်။ မြင်းဇိရိညှပ်၍။ ပေါ်လပ်သဖေါ်။ ခုခါသော် လည်း။ ထေရ်ကျော်ဘုရား။စဉ်သနားလျှင်။တရားတော်မြတ်။နာခံမှတ်ရန်။ ထက်ရပ် မနုလည်။မြို့ဌာနိသို့။ ရွှင်ကြည်သာယာ။ ရောက်စေဌါ သည်။ ။မကြာလျှင်ဆော။ကြွတော်မူပါဘုရား။

ဒွေးချိုး။ ။ရေးသဝေ-မချလို့။ ငကိုတဲ့ တံခွန်ထူ။ စာနမှု တဒ်ပြ။ ။ဘကုံး။နောက်ဆုံးပင်ကရရစ်ကယ်နှင့်။ မလွှစ်အောင် လုံးဝင်စပ်သည့်ပြင်။ဝိသဇ္ဇနိဒွေးကိုတပ်တယ်။ ရေးမှတ်နာမ။ ။

အာခန်းနံပါတ်(၅)

၁၉၂၀-ခု။စန္ဒဝါရိုဏ။၁၂၀၁-ခု။ပြာသိုလအတွင်း။"အဂ္ဂ မဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ။ မန်လည် ဆရာတော် ဘုရားကြီးသည်။သက်တော်(၇၀)။ဝါတော်(၅၅)သို့ ရောက်တော်မူသောအခါ။ပြန်မာနိုင်ငံအောက်ပိုင်းသို့ ကြွ တော်မူရာ။ပြည်သူအပေါင်းတို့။ ကြည်ညိုပူဇော် ကြခြင်း များ။အကျဉ်းချုပ်ဘုန်းတော်ဘွဲ့အကြောင်း။

(သစ်တောဝန်ထောက်မင်းရေး)

(၇) သဖြန်ထေးဆစ်။ ။ပါရဖိတော် ဂုဏ်တန်းခိုးရယ်နှင့်။ စာဂိနော်ကုန်မည်းနိုင်ဘူ။ဆော်ဘန်နီးလိုက်ပါတဲ့-လည်အာရှင်။ ။ စံမနိုင်း။ပြန်တိုင်းကွယ်၊ညာကြေစုန်လို့။ မန်းရန်ကုန်၊ ကျန်မချို ပါဘူ။ဆန်းတပုံ၊ဟန်အပျို့တွေနှင့်။မြို့မြို့ကွယ်ရှင်လူရုံလို့။ ဘူသ ယံ၊ဓမ္မပွဲကိုထ။ပူဇော်ခံ၊ညံ့မစဲတယ်။ ကဲဖြတ်ဂုဏ်အင်။ ။ဗျာ ဒိတ်ခံနိုပ်ပံပြီးပြီလို့။ရောရိပ်စံ တိတ်သံဟီးလိုက်ထာက။ အံ့ချီးကာ ပြဟ္မာတုန်ပေါ့!။သမ္မာဟုန်ဆွေညာဏ်ဘုန်းပေရို့။ဘုံသုံးထွတ် ဖြတ် အာရှင်။မှတ်ထင်ဘို့နောင်မလွဲ။ ။မျာ:လူရှင်။ဝပ်တွား:ကာ ပန်ယူ ဆင်တဲ့။စံတူပင်မဂ်ဘောင်ကြီးမှာလ။။တက်စိုးကာခင်ယသော်နှင့် ကြင်ရွှေဘော်မောင်အစ်ကိုယ့်တွေပ။ အာရှင်နော် ဆောင်ယူပို့ မည်ရို့ကွယ်။အေးစံဘို့ဘဲ့။

(၎င်းရေးကုဏ်တော်ဘွဲ့)

ဖေးထပ်။ ။ကြယ်တာရာရုံခ။စန္ဒာ(ထ)ပမာ။မြန်မြောန-နဒီညာ။ လည်ဆရာတော်ဟျာ့။အသွင်တော့်ကြာပဒုံကို။ မြင်အာရုံ ဖူးလို့ မဝ။ ။တိုင်းမြန်မာပြည်ပြည်သာတယ်။ရွှေသမ္ဗာထိန်ပ။ဒေသ စာချိုကြွလို့။နဒီပဆိပ်ညံ့။စပယ်ရှယ်စကြာနီးပြန်တော့။ တုန်ဖြေ ဓိုးကြိုးတော့မည်ဟန်။တန်းခိုးဟျာ့ကံတော်မှာ။ ပူဇော်ခံညံ့မဆိတ် အောင်ပ။ ဖြဟ္မာထိပ်နတ်လူပေါ်။ ကြိုးတဲ့ ညာဏ်တော်။ ကမ္ဘာ ကမ္ဘာ့ဘုန်းပွင့်ဆော်မယ်။ နီးချင့်မြော်ကာ ဆိုဝံနိုင်ဘူ့ ဟျာ့လေး။

ရင်းရေး။အိန္ဒိယဘုရင်ခံချုပ်မင်းဖြတ်က။အဂ္ဂမဟာပဏ္ဍိတ
ဘွဲ့တံဆိပ်တော်အပ်နှင်းသည့်။ဂုဏ်တော်ဘွဲ့
အကြောင်း။

ထေးထပ်။ ။ပညာတော်ဘုန်းကဝိ။နွှန်းချီလို့မမှန်းသာ။ သုံး
ပုံရှိကျမ်းဓမ္မာ။စမ်းခါခါစုံညှို။အိန္ဒိယ–ချုပ်ဘုရင်။ ဘုတ်ရွှေမင်
ရေးလို့တင်သိ။ပဏ္ဍိတဘွဲ့မဟာကို။ ကဲ့သဒ္ဒါလှုံဘိ။ ငဲ့မညှာဘုံ
အရှိပ။ဂုဏ်ဇာတိနှံ့ကျော်။ ရွှေသမ္ဘာ စုံညီဖြည့်ပါပေ့။ ဂုဏ်ဂုဏ်
မဟော့ဘုန်းဖြတ်ထေရ်မော်။ရွှေကြာပေါက်တောင်ပေါ်လို။ ရောင်
ရေဝံကာဖြစ်နိုင်ဘူးပါကဘဲ့။ဖြစ်ထူးလ-လည်ရွှေညာ။ အံ့လေဝံ
သည့်ခါ။ ဆုတ်ခေတ်ဖို့မလင့်သာတယ်။ခွင့်သာလျှင် ပွင့်တန့်ငဲ့
လေး။

ဦးဗိုးညှိရေး။ မနှလည်ဆရာတော် ဘုရားကြီး
(လ)စကြာတန္တိဘုန်းတော်ဘွဲ့။

ထေးထပ်။ ။ပညဝါဠင်စံရုံး။ နိုင်ငံလုံးနှစ်သက်ပေ။ ဖြူကင်း
တဲ့နက္ခတ်တွေလို။မင်္ဂလာစုရှစန်း။ ဇမ္ဗူ။ဒီ–တိုင်းရပ်ခွင်မှာ။ မနှ
ထည်ရှင်(လ)သို့တင့်လျှမ်း။ထိုထိုဖြို့ဒေသစာ။ စေတနာရွှင်ထန်း။
မနှလည်ရှင်စံမြန်းဘို့။စံနန်းတော်ဆောက်လှူ။ များဗိုလ်လူ ကြည်
သဒ္ဒါ ပွါးစေဘို့။မနှလည်ဘုရား ဟောကြားတော်မူ။ကဝေတကာ့
တံခွန်ထူသည်။ ဖြန်ဇမ္ဗူ။ကျော်ကြားလို့။ဇော်တပါး အဖြို့ဖြို့ပြည်
ရွာ။ထွန်းတောက်ကြော်ငြာ။ တက်သစ်(လ)စွယ်လို။ ယုန်စကြာ
ကွန့်ဖြူးသို့သော်။

(ပညာအလင်းသတင်းစာ ဆရာရေး)

ထေးထပ်။ ။သာသနာတဝက်နှင်းလှူမှာ။ဘဝဂ်တွင်းလူ့ဌာန်။
ဘက်ကင်း တုဇာနိမှာ။မဟာထေရ် မနှလည်။အမှုတဝှမ်နှမယဲ့
လို။ကြွယ်တခါ ဆိုလောက်ပါဖို့။တဖိုးအောက် တယောက် ပေါ်
သည်။ နောက်မဟော် တွင်ဘို။ပါရဂူ–သမ္ဘာဖြည့်ပါပေ့။ပါရဒို့

ထေရ်ရှင်။စာက်တော်ရာခြေစုံဖြန့်မှာကြောင့်။ မြေတုန်ကမန့်ဂူးဘို့ဟန်ဖြင်။ပြည်ဘုံမြန့်ထူးဥာဏ်ရှင်ကို။ ကျွဲးရန်ပင်ပဏာမ ရယ်နှင့်။စာသ၍နဲ့ကွန့်လို့ဌါ။ရဲဝံ့ဘို့ကွာ။ သိန်းကုန်ထက်မကသာအောင်။ပြိဟ္ဒာပြိဟ္ဒာဆိုဖြွက်နိုင်ဘူ့ဟုဲ့ထေး။

(ရတနာပုံနဝဒေးကဗျာ)

ရှစ်ဆယ်ပေါ်တေးထပ်။ ။မြန်ပြည်ဥာဏ်ရည်ဂန္ဓိရ။ မနုလည်ဘုရှင်းဘုန်းဘုန်းရှင်။တန္တိပဝရထုံးထုံးတွင်အောင်။ သုံးသုံးတန္ဓင်ရောင်စုံထွန်း။ပညာဓိက-မင်္ဂလာရှိစွ။ရှင်သာရိတမျှ-ထေရ်ဘုန်းမော်ပေါ်။ချွေညွှန်းကျော့အကျော်ဘွဲ့ထူးတေဒဂ်ညွှန်း။ ။လူးတားညွှတ်။ ။မနုလည်သခင်။ကျေးဇူးရှင်ထည်း။ အောက်ခွင်ဒေသ။မြန်းကာကြွ၍။သတ္တဝေတော။လူဇိုလ်ခြေကို။မြှောက်ရေမွှ။တိုက်ဝေဌ၍။ရက်ဆယ်ခွာ။ လှည့်လည်ကာဖြင့်။ သတ္တဝါအကျိုး။ ဖြိုးကြီးပြိုးအောင်။ပညာရောင်ဖြင့်။ ဓိဂ်မြောင်ပယ်တွန်း။ ထိန်ထိန်ထွန်းလျက်။တင့်ရွန်းကန်းဆောင်။ဝင်းဝင်းဖြောင်သည်။ ။ဘုန်းရောင်နေသို့ထက်သည်လေ။ ။ပညာတော်ကြီးအုံ့မပြိုး။ ။တေးထပ်ဆက်။ ။ဝါရဓိထူးသန္ဓင်။သာကီမျိုးရှင့်၊ ကြာရှည်ဘုံးချင့်။ မျိုးဝေဏောကို။တရားအထွေထွေအောင်စည်ရွှမ်း၊ ဒေဝါစွေကာလျှောခါသွန်းလို့။ ဝေဖြာတင့်ရွန်းအောင်ဂရက်သံ။ နှတ်ဒေဝရာပြိဟ္ဒာအုံ့။ကမ္ဘာမဆန့်-ဘုန်းဘုန်းပညာဥာဏ်။ စကြာဝဠာလောက။ဘဝဂ္ဂါထောမနာ။နရက်အဇဒုာယောသ-သိမ့်သိမ့်ညံ့အောင်။ ဖြိမ့်ဖြိမ့်တေဇံ-အာနန္တပေဓို့။ဓမ္မခန္ဓပညာရှင်။ အောင်ပန်းဗျာဒိတ်ပန်သည့်အင်။ဇာနည်ပရမ။မဟာထေရ်သမဏ။ ကမ္ဘာရှည်သမျှမော်ကွန်းတင်အောင်။ပေါ်ထွန်းအစဉ်-ဂုဏ်ပေါင်းအနန္တလေး။ ။ဆူဆူကဝိ။တူတူမရှိ။နေနှုန်းအသွင်လို။ ရွှေဘုန်းတော်အရှင်-အုံ့ဖြိုးကုန်ဘူ့ထေး။

(သစ်တောစာရေး-မောင်ဘကြီးရေး။ဘုန်းတော်ဘွဲ့)

ရကန်။ ။ဘုန်းတော်-ကံတော်-ဥာဏ်တော်ထွတ်ရှင်။ကြည်ရွှင်လေးမြတ်။ဂိုဠီးပန်ဆင်။နေ့ဏှစ်သွင်မျှ။တေဇာငယ်ပါ။မခမြှုံကွာကျွန်းလုံးသာလွန့်။ ရောင်ခြည်ငယ်ကွန့်ပုံက။ထွန်းတောက်ကယ်ထင်ထင်။မြန်တိုင်းခွင်ဘွေရပ်မှ။ ဂုဏ်သကပ်။စုံအာတတ်။ ကုန်မလပ်။ကျမ်းမြတ်ထိုထို။ ဘွဲ့ကျော်းကာဆိုရသည်။မဲဇာငွေလိ••။ ထက်ရပ်ပြည်က။ငထင်ရမန်လည်မြတ်မဟာ။ကွန့်မြူးခါသုနာပရန်။ ဘယ်မကျန်ကမ္ဘောဇ။မြိုက်ရသဒေသနာ••။ဝေနေယျာဓိန့်ကြူးကာ။များသတ္တ္ဂဂိဠီးဖြာ။ကြည်သန္ဓါရွှင်ပျုံခြင်း••များကို။နှိုင်ငံလုံးမြန်မာပြည်••တုံသည့်နှယ်။ တချို့ကတော့ စက်နာဝါ••။တချို့ကတော့ယာဉ်စကြာ••။တချို့မှာတော့စက်ရထား။တချို့မှာမေဝတော်ကားထိုထို။ကြိုပင့်ဒါန။သန္ဓါဟုံကြွပေကြ။များသတ္တ္ဂလူဇိုလ်ပါ။မန်ထည်ရှင်ဘုရားသို့။ကာယကံ၊ဝစီကံ၊မနောကံဖြင့်။ အကြိမ်ကြိမ်ကန်တော့ပါသည်။အင်မတန့်အင်မတန်။ကြည်နူးငယ်မှုန် လွှသည်။နိဗ္ဗာန်ပြည်နန်း။ရောက်စေမှုန်း၏။ ဣဝမေယျ။ စေတနာကံအဂုကိုလ။သာဝု-သာဝု••ခေါ်စေသော်း။

ဇလွန်မြို့။သိမ်အမ-ဒေါ်စိန်၏သဒိုးအစရှိသော။
သံဒိပ်သင်းများက-ကန်တော့ခြင်းများ။

သံပေါက်။ ။ဗိုးအောက်မဟိ။မြို့မန်လည်း။ တည့်သည်ထက်မြန်မာ။ ။မဲဇာငွေလိ။မြစ်နဒီ။ သိသိဝေးကွာပါ။ ။မန်လည်သခင်။ကျေးဇူးရှင်။ ကြည်လင်ပျော်ပိုက်ခါ။ ။ရာထောင်ဆိန်းသောင်း။သိသပေါင်း။ဦးခေါင်း ဦးညွှတ်ရာ။ ။ထိုမြို့ဒေသ။ ရပ်ထံမှ။ကြွဘိုးအောက်မြန်မာ။ ။မြင်းဗိုရိတောင်ကြီး။မဂ္ဂဟိး။ကြီးသည့်ကရုဏာ။ ။သတ္တ္ဂဝါ ဗိုဆံခြေ။ များဝေနေ။ ဆွတ်ခြေလိုသည့်ဌါ။ ။ခွါညှိပန်းမြ။ပွင့်သည်လ။ကြွခဲ့အောက်မြန်မာ။ ။ငါတို့သခင်။ကျေးဇူးရှင်။ကြည်လင်ကန်တော့ပါ။ ။သူရစန္ဒာ။

ပေါ်ထွက်ခါ။ကြည်ဖြူရွှင်ထန်းစွာ။ ။ကမ္ဘာဦးသူ။ ပမာတူ။ ချမှ
ကြိုကြိုက်ထာ။ ၊လောကတွင်။ချမျက်ဖြင်။ တူယှဉ်မန္ဒိုင်းသာ။
မုန်သောက်မာတင်။ ဇာနည်ရှင်။ ကြည်လင်ဆည်းကပ်ပါ။ ။
ညာဏ်ဝင်္ဂီရိန်။ ဘုန်းမဟိန်။ ဝေဇိန်ကြွေးလှပါ။ ။ပါဝစနံဝယ်။
ညာဏ်ချိန်ရွယ်။လှယ်လယ်ထွင်းဖေါက်ခါ။ ။လောကညာဏ်
နယ်။ကဗျာကြွယ်။ကြိုးကျယ်ကဝိန္ဒာ။ ။မတတ်မရှိ။ကုန်ဖြင်ဆိ။
ကြောဘိ-မ-အာကွာရာ။ ။မန်လည်သခင်။ နွဲ့ဝင်းစာလျှင်။ လူရှင်
ကြယ်ပမာ။ ။ဆရာသခင်။ယွတ်ဘုန်းရှင်။ ဝေဟာင်ထပမာ။ ။
ဖြတ်သာသနာ။ထွန်းထိန်လာ။ဆရာသူ့တွက်သာ။ ။မျိုးသိသာ
ပေါင်း။ခိုလှုံအောင်း။ထောင်သောင်းမကပါ။ ။တရားဓမ္မ။ဟော
ဘော်ဖြာ။ဖိနှိပ်ဒေသနာ။ ။တပည့်အများ။လွန်ကိုးစား။ရွှေပါး
ထံမျောက်မှာ။ ။ဆရာဘုန်းမော်။ ထေရ်အကျော်။ သက်တော်
ရှည်စေပါ၊

ပုထိန်ဖြူ၊ဓါတ်မိုးအသင်းသားများက- ပူဇော်ကန်တော့ဟန်။

သံပေါက်။ ။ပုထိန်မည်ခေါ်။ ဖြည်အကျော်။ ထင်ပေါ်လူတို့
ရွာ။ ။ဝတိန်တွင်နော်။နတ်နန်းတော်။ရှင်တော်မတူပါ။ ။ဤမြို့
ဒေသ။မင်္ဂလာမှာ။ ထူပစေတီယာ။ ။မုဆွေသည်။ ဖြတ်စေတီ။
ကြည်ကြည်ထွန်းထိန်ဝါ။ ။လျှပ်စစ်ဓါတ်မီး။ ထိန်ထိန်ညီး။ အံ့
ချီးမကုန်ပါ။ ။အာကာဘုံခွင်၊ကြယ်အစည်။ပုံယှဉ်နွဲ့ဝင်းစာနာ။ ။
ဓါတ်ပွင့်ရေပေါင်း။ ငါးရာဆောင်း။ အုတ်ကျောင်းတူပမာ။ ။
သရီရဓါတ်တော်။ ဖြတ်စိန်ကျော်။ ရည်ဖြော်ထွန်းသည်သာ။ ။
ဖြည်သူအများ။အသင်းသား။ကြိုးစားအားထုတ်ရှာ။ ။လျှပ်စစ်
သင်းနော်။ဟိုးဟိုးကျော်။မော်ကြပုထိန်မှာ။ ။မန်လည်တွင်ခေါ်
ထေရ်အကျော်။ ရွှေတော်ထံမျောက်မှာ။ ။သုံးဘုံ တိုက်ကြိုး။
မြဲမှဲမြဲညီး။ကျော်ဟိုးဖြည်သည်သာ။ ။ရေစက်သွန်းချ။'ပေးဝေ
မှု။ ခေါ်ကြသာရုသာ။ ။သာရုခေါ်ယူ။ များဇိုလ်လူ။ ကြည်ဖြူ
နတ်တကာ။ ။ဤသည့်ကုသိုလ်။ များလူဇိုလ်။ကြည်ညို များလှ

ပါ၊ ။ကြည်ညိုပါလ့။မျှားသတ္တ။ရောက်ကြွနိုဗ္ဗာန်သာ။ ၊ကျန်ခဲ့တထွေ။မျှားဝေနေ။ပေးဝေအမျှပါ။ ။ပြိတ္တာကမ္ဘ။မကျန်ရ။ ၎ကြအာဘ္ဟသာ။ ။ဝသုန္ဓြေ။ဤသည့်မြေ။သက်သေတည်စေပါ။

ရန်ကုန်မြို့။သံဒိပ်အဲ့သင်းမျှားကပူဇော်ကြသော
ဘုန်းတော်ဘွဲ့ဂါထာတော်မျှား။

၁-သွာဂတံ တေ မဟာပုည။သုကာသလော ယံ ဂုဏာန္တရ။ ဝမ္မံ တေ နော သုကိတ္တာန္။မောဒိသာမ အနာမယာ။ ။အနုက်ကား။။ မဟာပုည။ဘုန်းရောင်၊ ဉာဏ်ရောင်၊ ထိန်လျောင်ဖြိုးမြင့်။ ကန်းခိုးတင့်တော်မှသော။ဂုဏန္တရ။ဂုဏ်ကျေးဇူးကို၊အထူးဆောင်တတ်မဟာထေရ်မြတ်ဘုရား။ ။တေ။အရှင်မြတ်ဘုရား၏။ အာဂတံ။ ယာရ ကြွရောက်တော်မူလာခြင်းသည်ကား။ သွာဂတံ။ ကောင်းသောကြွရောက်တော်မူထာခြင်းပေတည်း။အယံ။ ၌ အခါကာလသည်ကား။သုကာထော။ကောင်းစွာ ထွက်ရသော အခါကာလကြီးပေတည်း။နော။အကျွန်ုပ်တို့သည်၊တေ။အရှင်မြတ်ဘုရား၏။ ဝမ္မံ၊ပိန့်ဖြက်ပေါ်ဘော်။တရားတော်ကို၊သုကိတ္တာန္။ကြားနာကြရကုန်၍။အနာမယာ။ဘေးရှင်းရန်ကင်းယ်။ အနာမယာ မရှိကြကုန်ဘဲ။မောဒိသာမ။ အားရှင်ဖြိုး။ ကြည်နူးဝမ်းမြောက် ကြ ကုန်တော့မည်ဘုရား။

၂-သုသုခံဝတ ပသာမ။ပညာဘာယ ပဘာသရံ။အာဂစ္ဆန္တံ မဟာ ထေရံ။ သဟာသိသ ံ ဏှမံပုရံ။ ။ပညာဘာယ။ ပညာဉာဏ်ဟုန်၊ရောင်ခြည်ဂုဏ်ဖြင့်။ပဘာသရံ။ထိန်ထိန်လျောင်လျောင်တောက်လောင်ပြိုးကြက်တော်မူလျက်။ဏှမံပုရံ ၌ရန်ကုန်မြို့တော်ကြီးသို့။သဟာသိသ ံ။တပည့်နောက်ပါ-သံဃာတော်ပေါင်းများစွာတို့နှင့်တကွ။အာဂစ္ဆန္တံ ။ကြွရောက်တော်မူလာသော။ မဟာထေရံ။မဟာထေရ်အကျော်-ဆရာတော်ဘုရားကြီးကို။ သုသုခံ။ချမ်းချမ်းသာသာ။ဝမ်းမြောက်စွာ။ပသာမဝတ။ ယာရဒ္ဓ-ဖူးမြင်ကြရကုန်သည်ဘုရား။

၃–ဝိဝရိဿတိ ခေမသဿ။ဒွါရံ တွဲ ကရဏာကရ။ အစိရေ
နေဝ ဂစ္ဆာမ။တေန ခေမံ တုရံ မယံ။ ။ကရဏာကရ။သတ္တဝါ
အများနိုက်–သနားညာတာ–ကရဏာသခင်–ကျေးဇူးဂုဏ်ဘုရား။
တွဲ ။အခွင့်မြတ်ဘုရားသည်။ခေမသဿ။ ဘေးကင်းရာမှန်– နိဗ္ဗာန်
မည်သိး–မြို့တော်ကြီး၏။ ဒွါရံ။ဝင်ရန်အချက်–တံခါးရွက်ကို။ ဝိ
ဝရိဿတိ။မကြာမမြင့် ဘွင့်၍ပေးတော်မူလတ္တွဲ ။တေန။ထို့ဘွင့်
၍ပေးအပ်သောတံခါးဝဖြင့်။ မယံ။အကျွန်ုပ်တို့သည်။ အစိရေနေ
ဝ။မကြာမြင့်မိပင်လျင်။ ခေမံ။ဘေးကင်းရာမှန်-နိဗ္ဗာန်မည်သိး--
မြို့ပေါ်ကြီးသို့။တုရံ။လျင်လျင်မြန်မြန်။ဂစ္ဆာမ။ ဝင်သွားဆိုက်ရောက်
ကြမည်ဘုရား။

၄–အပနေဿဆိ မောဟန္ဓ။ကာရံ တွဲ ဓမ္မရံဆိယာ။တာယ
သာကိယ ဒက္ခာမ။အဋ္ဌသံ အမတောဂတံ။ ။သာကိယ။သာကိ
နွယ်ဇာတ်–ရဟန်းမြတ်ဖြစ်တော်မူသောအခွင့်မြတ်ဘုရား။ တွဲ ။
အခွင့်မြတ်ဘုရားသည်။မောဟန္ဓကာရံ။မောဟမှောင်တိုက်–ရန်
အရိုက်ကို။ဓမ္မရံဆိယာ။ တရားထူးလည်–ဉာဏ်ရောင်ခြည်ဖြင့်။
အပနေဿဆိ။ပယ်ရှားလွှင့်နှင်တော်မူလတ္တွဲ ။တာယ။ ထိုတရား
ထူးလည်။ဉာဏ်ရောင်ခြည်ဖြင့်။ အမတောဒကံ။အမြိုက်ကြွေးရန်။
နိဗ္ဗာန်နန်းသို့–ဖြောင့်တန်းစွာထသော။အဋ္ဌသံ။ မဂ္ဂင်ခရီး–ထမ်းမ
ကြီးကို။ဒက္ခာမ။ဝွေ့မြင်ကြရကုန်တော့မည်ဘုရား။

"လယ်တီပဏ္ဍိတ"

(ဘုန်းတော်ဘွဲ့ဆုတောင်းလက်ဝဲများ)

၁–ရတု။ ။ဇေယျမင်္ဂလ။ကောင်းခြိုး သာဝိမ့်။ ဖြန်မာတိုင်း
ခွင်။ထက်ဝန်းကျင်ဝယ်။အာသင်္ဂီချေ။များဝေနေတို့။ ပုဇ္ဇကတာ။
ပြုခဲ့ကြသည့်။ကံစထောက်လှဲ့။ရောက်သကဲ့သို့။တုမဲ့ဇာနည်။မဟာ
ထေရ်ဟု။မန်ထည်–လယ်တီ။သည်ထင်ရှား။ ရှင်နှစ်ပါး။တို့။ ထက်
ဗျားဝေဟင်။ကောင်းကင်ပြင်ဝယ်။ရောင်ရှင်နေဝန်း။ နှစ်ဆူထွန်း
လျက်။လဝန်းအစုံ၊ထွက်သော်ပုံလျင်။ ကြိုက်ကြိုခဲ့စွာ။ပေါင်းဆုံ

ကာဖြင့်။ဒေသစာရီ။ ကြွချိန်နှစ်ပါး။ဖြန်းကွန့်ငြားဈ။ တရား ဖြိုက်စည်။ခြမ့်ခြမ့်လည့်လျက်။အဖြည်ဖြည်ရွာ။နယ်တကာတွင်။ သာသနာရောင်။ထိန်ထိန်လြောင်ပြီး။အခေါင်ဖိုလ်မဂ်။ဖြိုက်ထမ်းတက် ဘို့။ဟောဖြွက်နည်းပေး။တရားဆေးဖြင့်။ ယဉ်ကျေးစေမှု။ လမ်း ညွှန်ပြု၍။ကရုဏာထူး။ ဖြန့်ဝေပြီးသည်။ ။ထင်ရှား သံဃာ ဘုရား။

၂–သုံးပုံဆန်းကြယ်။ကျမ်းသွယ်သွယ်ဟု။နိကာယ်ငါးဆိုင်။ ဗြဟာဖြိုင်ဝယ်။စိုးပိုင်ပျော်မွေ့၊ကျက်စား လှသား။ ခြံသေ့ကော သရီ။ထုံးတန်ဖြင့်။ ဝါဒိရဲရင့်။ ပွဲတိုင်းတင့်၍။ဘုန်းပွင့် ညွှန့်ဧည်။ ဂုဏ်ပန်းကြည်သည်။မနုလည်ဘုန်းမော်။ထေရ်မြတ်ကျော်နှင့်။တော ဇော်လွှမ်းဆင့်။ဘုန်းရောင်ပွင့်သား။ ကြိုးမြင့်ဂုဏ်အောင်။ လယ်တိုက် ရှင်ဟု။သခင်နှစ်ပါး။ ထွတ်ထိပ်ဗျားကို။ စိတ်ထားဖြူစင်။ ဆယ် လက်တင်လျက်။ ကြည်လင်နှစ်သက်။ ရှိပန်ဆက်၍။ ထက်မြက် ကြည်သာ။စေတနာဖြင့်။မျှားစွာသောင်းသောင်း။တပည့်ပေါင်းတို့။ အောင်ကြောင်းမေတ္တာ။အောင်သြဘာဖြင့်။ ရှည်စွာသက်တော်။ ရာကကျော်လျက်။သော်မော်ဘုံကွန်း။ ယုန်ငွေဝန်းသို့။ ထိန်ထွန်း တောက်ပြောင်။ ဘုန်းတော်ရောင်မှု။ တောင်စမ္မာ။ပြင်။ ထက်ဝန်း ကျင်နှင့်။ ထက်ခွင်နတ်ရွာ။ဗြဟ္မာတိုက်လုံး။ သိမ်းကျုံးလွှမ်းစေ။ တောင်းဆုချေသည်။ ။ပရမေထွတ်ဘုန်းစည်ဘုရား။

"လယ်တိုပဏ္ဍိတ"

(၎င်း–ဘုန်းတော်ဘွဲ့မင်္ဂလာစည်တော်သံ)

၁–သာသနာရောင်ဝါထွန်းပါဘိ။တောင်ညာ ကျွန်းငယ်တဲ့ စမ္မာ။ဒီ။ ပြည်နိဗ္ဗာန်လျင်မြန်ကူးမယ်။ ထူးတဲ့မြန်ပြည်။ ။ဘုန်း မနုလည်။လယ်တိုမြတ်ရှင်နှစ်ပါး။ ။နှစ်ဆူ–လ နှစ်ဝန်းလို။ ထွန်းတဲ့ဘုရား။

၂–လ နှစ်ဆူ နေ နှစ်စင်းလိုပ။ ထွေထွေလင်းပါတဲ့ တောရာ ရောင်။ ။ဖြိုရန်ကုန်ပြည့်တော်ကြီးမှာ။ညီးထိန်လက်ပြောင်။ ။

၇၀ မနှိုလည်ဥဒါန်း-သြဘာကဗျာကျမ်း။

ဖြင့်ဖိုရ်တောင်။ညီနောင်ငဲ့ပုံနှိုန်း။ဖြတ်မနှိုလည်လယ်တိဖျားငယ်—
များဆိုဖြည်လုံး။

၃—ကရုဏာထွေထွေပွါးပါလို့။ ဝေဇယန္တကိုတဲ့ သနားညှာ။အနှယ်နှယ်ဒေစာလွှဲတယ်-ကြိုးတဲ့ မေတ္တာ။ ။ဖြိုက်ရသာသစ္စာဖြတ်ရေချမ်း။အေးဖြစေဖြနှိုတရိုးကို-ဖိုးကဲ့သို့ဖျနှိုး။

၄—ရှေးကုသိုလ်ပရံပရင်ယဉ်တို့။ထမ္ဘကကြိုလို့ နှင်။ နှစ်ပါးစုံမထေရ်မှူးကို။ဖူးဖြင်ခွင့်ပေါ်။ ။အကျိုးကိုဖြော်။နှိုးဆော်ဲ့ ဖိတ်အများ။စေတနာသဒ္ဓါပနိုးကို။လန်းဆင့်ဆင့်ပွါး။

၅-ဝဲလက်ယာသမ္ဘာရှိပါတဲ့။ ရှင်သာရိုင်ယဉ်တဲ့ ပုတ္တရ။ မောဂ္ဂလာန်ရှင်နှစ်ပါးလို၊များစိတ်ထင်ကာ။ ။ရှိပန်ထွာ၊ လိုရာပဆုတောင်း။ကွန္တိတံမှန်သမျှကို။လုံးဝဖြည့်ကြောင်း။

---

(၇) မနှိုလည်ဆရာတော်ဘုရားကြီးသည်။ဒသဒိလကို။လူတို့ စောင့်အပ်ကြောင်း။ဝိနိစ္ဆယစာတမ်းကို။ပုသိန်ဖြို ဦးပဒုမကိုယ်တော်က။မအပ်ကြောင်း။ခုခံ၍စာအုပ်ရေးထုတ်ပြန်ရာ။သာသနာဝိုင်။သုဓမ္မါဆရာတော်တို့က။မနှိုလည်ဆရာတော်ဆုံးဖြတ်သော-စာအုပ်ကို။အတည်ပြု၍။ဦးပဒုမ ရေးပြုသောစာအုပ်ကို။ဒီးဂုတ်ပစ်ရမည်၊အဝိနှံ့တော်ထုတ်ပြန်ချက်အရ။ရေးသားသောလေးချိုးကြိုး-၄ပို၌။ပုသိန်ပြန်စာ။

၁—သူမတို့လေမှ။သူတို့လျှင်တကယ်ဖြည်သည့်။ဖြိုဏ္ဍေလည်။ဏ္ဍေစည်ကြိုးပါဘဲ့။တီးသမျှဖိမ့်ဖိမ့်တုန်။ ။သူမာလျှင်-မာစိန်ချောင်းသာပ။သူပြောင်းလျှင်အရေဖြစ်နိုင်ငဲ့။ မယုံလျှင်အမေနှင့် စစ်လာတော့။စနစ်ကိုကုန်မလင်းသေဘဲလဲ။ အဖြစ်ဆိုး ဂုဏ်သတင်းကိုလ။ လေညှင်းရော။ဆင်းကာပျံ၊ပန်းရနံ့ပုံ။ ။ခါတ်မသိတာဖို့။ ဟထွိကို-ယုန်ငယ်ထင်ထင့်။ ဟိုအောက်ခွင်-ငါးစင်ရိုင်းငယ်နှင့်။ ငါးသိုင်းတွေအညာဆန်တို့ကို။တခါဖြန် ဆန်မငေ့ရှရင်အောင်၊တငါလံငေ့လိုကွေ့တွင်ဖြင့်။ဘေးတွေ့စေ့ တက်တက်ကုန်။ မစုံရ သည့်

တိုင်း။ ။ရိုးသိသိ။ ငါးဝိငါးချဉ်သိပ်ပါလို့။ ထောင်းကြိတ်ချေ-ကြေအောင်ညှက်ဖေမှ။ နောက်ဆက်ခါအရေစပ်သည့်ဗြင်။ ခွေး ဖင်-ချေးပင်ဖြစ်စေရမယ်။ ငါးညစ်တလိုင်း။

၂-မာန်မလုပ်ချင်ဘူး့။ မာန်လုပ်လျှင်လွယ်သည်သာပ။ ငယ် မည်မှာ နငယ်သတ်ရုံဘဲ့။နေရပ်ကွယ်-မာန်ကျွေလည်နှင့်။ မာန် နှစ်မည်မာန်စုံကွန့်နိုင်ငဲ့။ ဘူးအညွန့်ဖုံးခေါင်းကတင်။ ။သို့ကတဲ့။ လုပ်ဘဲသမွှေဉာဉ်နှင့်။မာန်မယှဉ်-ဉာဏ်ယဉ်ကို အုပ်ပါလို့။ ထိန်း ချုပ်ခါမာန်ကိုကင်းစေရ။ ယင်းခုခေတ်ဟွင်။ ။တကယ်ဆို တ ကယ်လားပါဘဲ့။အကျယ်ဆိုကျယ်မပွါးပါဘူ့။မြတ်ဗျားရယ် စိန္တေယျာမှ။လူပြိုတ္တာပုရာဏတို့ကို။ယူမိန္ဆာ သကာကျအောင် လို့။ ဒီးရေဖြတန်းခိုးဆင်။ အရိုးပင်လာကျမ်း။ ။ထို့တူသာ။ ဆိုင်ဝံ့သူဆိုင်လာတော့။ပြိုင်လာလျှင်,ကြာမနွေးစေနှင့်။ရိုးသူဟာ နှမပေးပါလို့,။လိုသေးလျှင်ကိုယ်ပိုင်ယူမပ။နိုင်တဲ့သူ ယောက်ဖ ကြီးပါဘဲ့။ဇာတ်ပေါ်မှာဒေါက်ခွစိုးလို့ရယ်။ဒီးစုတ်ကြတမ်း။

၃-ပဒုမ။တုပကာ နှင်မယောင်နှင့်။ဆင်ဖြောင်။ခြင်ကောင်ဝါး သေသဲ့လဲ။ယားရုံမျှ ပုံပမာ။ ။ဉာဏ်အသက်ကိုလဲ့။စံဘက်သေ သ နှင်မလျော်ဘူ့။နှင့်မယ်တော်ရှင်ဇလာလျှင်။ခင်ဆရာအိမ်ထောင် ကျရလျှင်။ပဒုဆိုမောင်ကျွေမမှာ။သားငယ်မျှသာ။ ။ပညာ-ထင် ရာချင့်သေသဲ့လဲ့။အခွင့်ငယ်အရာနှင့်။ယောဇနာ သမ္ဗုန်မျိုးကို။နည်း ရိုးပင်ဘာမကျခင်ကာ။မင်းရန်စင့်ကိုရာ။ငါဘာပြုဖြုန်မည်တုန်း။။ နှစ်ဘက်ကာန်း။မျက်ခမ်းနေကိုဖြိုင်သို့။ခွင်လုံ.ပိုင်-မင့်စာမှားပြီကွဲ့။ အများလူပါယ်မကျရစေနှင့်။ သာအာယာခွင့်ပြကြအောင်ပ။ ငါ ဆရာမင့်ဘောဘကို။ဦးချလိုက်ခဲ့။

၄-မဟော်ဒိကဲ့သို့။ဗော်ဓိဉ္ဈာဏ်ဆင်ကဲ့။ နာဂဝင်ပန်ဆင် တဲ့။နာဂဝင်ပန်ဆင်ရင်းဟာဖို့။ဆရာခင်မျိုနှမသွင်းချင်ဘူ့။ကင်း စေငဲ့ရန်စကို။ ။ပြစ်မှားသူ့ငှါပဒုကိုလ။ ကရဏာ စေ တသိက် ကယ်နှင့်,ဩစိတ်ကို ကဝါချ။ဆုံးမလို့ဆို။ ။လူမှာမှ-လူတခန်း ငယ်နှင့်။ရဟန်းမှာတသဏ္ဌာန်ပ။ရှင်မင်းနံစဿာဘတို့လို,သုံးလူ့ဘ

ရှင်တော်ကို။လိုတော်ရှိ၏ဖြည့်တော်း။ ။ကျမ်းအလံ။ ဘယ်အ
ကိုးဘယ်အာသာမှ။ဘယ်ငါ့ဟာစွမ်းရှာကင်းရှာလိမ့်။မောင်မင်း
လိုအယူဖေါက်ကြလျှင်။လူတကာပါယ်ရွာရောက်သည့်ဖြင်။သာ
သနာကွယ်ခါပျောက်ဘရော့မယ်။ ထင်နောက်အောင် ဥာဏ်
ပလီနှင့်။ မောင်ကြီစည် ဖွင့်ကာထုတ်ပါတဲ့။" တောင်ပန်ခြိ"မင့်
စာအုပ်ကို။မိုးဖုတ်မှကောင်း။

"မန်လည်ဆရာတော်ဘုရား"

---

(၉) ၁၂၈၁-ခုနှစ်။ ဝါဆိုလဆုတ်(၃)ရက်။ အာဂါနေ့။ပုဆိန်ဖြို။
တာလိုင်းချောင်းရပ်နေ။ဝိသုဒ္ဓါရာမကျောင်းတကာ။သမာ
ဓိဖြို့ဝန်မင်း-ဦးတင်ဖြိုးသို့။မန်လည်ဖြို့။ဆရာတော်ဘုရား
ကြီးရေး၍ပေးတော်မူသော။

(အနုဂ္ဂဟာစာတမ်း)

သုဘကိုဏ်တိ။ရေတိထို့ဝေါက်။ ဖြိုးဖြိုးမောက်အောင်။ ဓိုး
ပေါက်ကြီးစွာ။ယူဇနာတို့ဖြင့်။စကြာဝဠာအနေ။ ကုန်ဆုံးတသိန်း။
တိုက်အကိန်းလုံး။ဟိန်း၍သွန်ကြိုး။ရွာသည့်မိုးထက်။ထံဝိုးလွင်
ကန်။ဆယ်ပြန်ဆယ်ဆ။ လွန်မကသော။ အာဒေါသမေးယာဝန်။ ချ
သွန်ဖြိုးဖြိုး။မေတ္တာဓိုးဖြင့်။ပုမ္မိုးဟူသဖွေ့။ပုမဋ္ဌေဘဲ။ ချမ်းမြေ့ခပ်
သိမ်း။ကမ္ဘာမီးငြိမ်းသကဲ့သို့။ဒေါသငြိမ်းကြည်လင်စေခြင်းအကျိုးငှာ။
မဟာဃဏရံကြီး။မြောက်ဖြိုးသက်ရှည်။ ထင်ရှားတည်သော။ မန်
ထည်မြို့မှ။ ပြာသာဒ်ကျောင်းကြီးဆရာ။စာပြန်ကာ အမိန့်ရှိလိုက်
သည်။ ပုဆိန်မြို့မဲ့။တလိုင်းချောင်းရပ်နေ။ဝိသုဒ္ဓါရာမကျောင်း တ
ကာ။သမာဓိမြို့ဝန်-မောင်တက်ဖြိုး။ ။ဆရာကမပျို့။ သက်ရှည်
တော်အိုသောကြောင့်။ တိုတိုကလေး။ မှတ်လွယ်ရုံ-ပါဠိဖေးခြ။
ပေးလိုက်တော့မည်။ဒါယကာ-နားဝေ့စေ့နာ။ ။ကလျာဏ ကာ
ရီကလျာဏံ။ပါပကာရီစပါပကံ။ ယာဒိသံဝပ္ပတေဗီဇံ။ တာဒိသံ

နိဗ္ဗတ္တေးတဖလံ။ ။ပါဠိ အနုက် အာကျဉ်းကား။ ။ကလျာဏ
ကာရီ၊ကောင်းသည့် ကိုပြု၍ သာသူသည်။ကလျာဏံ။ ကောင်းကျိုး
သည်၊နိဗ္ဗတ္တေ ကာဖြစ်ဘကိုဏ်။ပါဝကာရီစ။ မကောင်းသည့်ကိုပြု
၍ သာသူ သည်လည်း။ ပါပကံ။မေ းကောင်းကျိုးသည်။နိဗ္ဗတ္တတေ။ဖြစ်
ဘကိုဏ်၊သာဒိသံ။အကြင်သို့သတောရှိသော။ ဗိဇံ။ အစေါ်း အချို
မျိုးစေ့ ကို၊ဝပ္ပေးတာ။စိုက် ျိုးဏ်။ဘာဒိသံ။ ထိုစိုက်ပျိုသည့် မျိုးစေ့
အဘဉ္ဉ ေ၊ကာရှိ သာ။ဖလံ။အစေါ်းသီး အချို သီးသည်။ နိဗ္ဗတ္တတေ။
ဖြစ်ဘကိုဏ်။ ။ဤသုဘုန်ကိုအ ။ မြတ်စွာဘုရား အပိန့်တော်
ရင်း ကို၊နှလုံးသွင်းအာသဒ္ဓါဆား၍။ပူဇေါ်လို။ချီးမြှောက်လို၊ ကြည်
ညိုလို၊လေးမြတ်လို၍။ထိုထိုသို့သော၊ကာယကံ-ဝစီကံ မနောကံ
အမှုကို၊ ပြုသမျှစေတနာ။ ပြုသမျှဂုဏ်လိုသတ္တဝါ။ ဒါယကာ-
ဒါယိကာမ။ရဟန်း-သာမဏေ။ ရဟေ ကြီး-ဦးခန္ဓိတို့ကဲ့သို့။သ
ဘာဝပုဂ္ဂလ ကိုမှာ၊ ကလျာဏကုသိုလ်ချည်းဖြစ်သည်သာဟူ၍။
အမြဲ ဘဲဆတ်နှ ဂါ လ၊ ။ထိုမှတပြား။ရဟန္တာကြီး။မဟာ
ရေ ဂ္ဂလိ ဂုတ္တာဘိ သ -အရှင်မြတ်များတို့ကာလ။ သိရိဓမ္မာသော
ကမင်းကြီးလ သ်း။ပူဇော်လို။ချီးမြှောက်လို။ကြည်ညိုလို။ဖြတ်နိုးလို
ရေ သ ။အနုဂ္ဂ ဟစေတနာဖြင့်။ချုနစ်ပြည့်ထောင်တိုင်းပြည်က။ စေ
တီဘော် အဆူ ဂုဘို့ ကို ခွဲဖေါက်၍။ ဓါတ်တော်များကို ပင့်
ဆောင်ပြီးလျှင်၊ ၊ကာတိ ပျံဆင်၍ထားခြင်း။ မဟာဗောဓိဒက္ခိဏ
သာခ ။ ထက်ျ၊ဟော၊ငကိုင်းသို့။ ကောင်းမွန်စွာဖြတ်၍။ သိဟိုဠ်ဒွီ
ကျွန်းသို့ ပင့်ဆောင်ပူးဇော်ခြင်း စသည် များလည်း။ ထင်ရှားစွာ
ကျမ်းဂန်ဝါ သ သ်၊ ။ယင်းသို့ ဒ်၍။ယခုအခါ၊ ကျောင်းတကာ
ရေ ာဝ်ဘ ကိုပြို ကိုသ သ်း၊မြတ်နိုးကြသည်ဟု။ လွန်ပူဇော် ချီးမြှောင့်
လိုသော၊ အာတိသယ မဟုသာဟဝိဇ်သသဖြစ်သော။ အနုဂ္ဂဟ
စေတနာသူ ဖြင့်။ အ ကျ။း အလွန်။ "အမြဲမရွေ့" စေတီတော်ဖြတ်ကို
ဓါတ် ကြိုးမြုပ်သွင်း ပြုပြင်ခြင်းဖြင့် မပျ က်မယွင်းစေဘဲ။ ဝင်းဝင်း
ထိန်ရေ့ပျံ၊ခ တ်ဒီ ရောဂ်ကို ဖြင့်။အလွန်တင့်တယ်အောင်။ပူဇော်
သည်ကို၊ ကုသိုလ်အဆူးမဖြစ်ဟု။ အဖြစ်ကိုဆိုခြင်းငှါ။ပညာရှိ

သင်္ခန်း၊ပဏ္ဍိတသူတော်ကောင်းမှန်လျှင်။ ဘယ်ဥာဏ်နှင့်မျှ မစွမ်း နိုင်ရာ။ထိုကုသိုဏ်ဝိုးသဿ၏။မဟာမွတ- မဟာ နိသံသကိုကား။ သင့်ဥာဏ်တော်ဘုရားမှ။ဆင်ရှားအောင်ဟောတော်မူနိုင် တော့ ရာ၏။ဝိသုဒ္ဓါရာမကျောင်းတကာ။သမာဓိမြို့ဝန်-မောင်တက်ဖြိုး။။ တသဝေမျှယွင်းမကွာ။တောင်မစွဲက်။မြော်က်မဘက်။ လိုရာကို မထည့်စွက်။ကကြီးယပင်းကသတ်ကျက်ကဲ့သို့။အေါက်မြစ်ချက် ရှေပေါက်ခြင်း။လျှဉ်းပါးဘွယ်ကင်းသဖြင့်။ ရှင်းရှင်းကြီး။ လင်း လင်းကြီး။ကျမ်းရင်းရှိတိုင်း။ဆုံးဖြတ်ခြင်းဖြစ်ချေသည်။

"မန်လည်ဆရာတော်ဘုရား"

+ + + + +

(၁၀) ၁၂၈၁-ခု။ဝါခေါင်လဆန်း(၉)ရက်နေ့။ပုသိန်မြို့။ယိုးဒယား ကုန်းရပ်။ဒီဇွန်ဘောဆရာ-မောင်ကလေးကလည်း။ဒုတိယဆ ရာတော်ဆုံးဖြတ်ချက်ကို။သဘောမကျကြောင်း။လျှောက် လွှာတင်ဆက်သည်။

ဘုရားတပည့်တော်။ပုသိန်မြို့။ယိုးဒယားကုန်းရပ်နေ။ ဆေးဆ ရာကြီး-ဦးမောင်ကလေးက။ခြေတော်ရုံကို။ရှိခိုးဝပ်တွား၍၊လျှောံ ထားလိုက်ပါသည်။ မန်လည်မြို့။ လေးထပ်ကျောင်းကြီး- ဆရာ တော်အရှင်သူဖြတ်ဘုရား။

၁၂၈၁-ခု။ဝါခေါင်လဆန်း(၈)ရက်။တနင်္ဂနွေနေ့ အစိုးရ ဟိုက် စကူးကျောင်းကြီးနှိုက်။ကျောင်းတကာ-ဦးတက်ဖြိုးအား။ အရှင် ဘုရားရေးသား၍ပေးလိုက်သောစာကို။ကြားနာရသဖြင့်။ အလွန် ပင်နှစ်သက် ရွှင်လန်းခြင်းရှိပါကြောင်း။ ၎င်း ကျောင်းတကာ- ဦးတက်ဖြိုးကဲသို့ပင်။ ဘုရားဘပည့်တော်လျှောက်ထားသောစာ ကို။အခြေမှန်တကွ။ပြန်ပေးလိမ့်မည်ဟု။ ယုံကြည်အားထားခြင်း ရှိပါသည်။ကျေးဇူးရှင်-ဆရာတော်ဘုရားကြီးဘုရား။

ရင်းကြားနာရသောအရှင်ဘုရား၏စာနှိုက်။ ကလျာဏကာရီ ကလျာဏံ။ပါပကာရီစပါပကံ။ယာဒိသံဝပ္ပတေဖိဇံ။ တာဒိသံဟ ရထေဖလံ။ ။ဟူသော-ဓမ္မပဒပါဠိတော်တွင်။ကလျာဏကာရီ ကထျာဏံ။ဟူသော ပဋ္ဌမပိုဒ်အရ။ပုညကိရိယာ။ ဆယ်ဖြာသော ဒေးကိုပြုခြင်းနှိုက်သာဟောတော်မူသည်မဟုတ်ပါထား။ ။စေတိယံဘိန္ဒန္တို့။ဗောဓိံဆိန္ဒန္တို့။ဓာတုမှိုဉ်းကွမန္တို့၊တေသံကိံဟောတိတိ။ဘားရိယံကမ္မံဟောတိ။ အနန္တံရိယသဒ်သံ။ ။ဟူသော။ သမ္မောဟာဝိနောဒနိအဋ္ဌကထာ။ ။အရှင်ဘုရား၏သြဝါဒတော်နှိုက်။ အကုသလပက္ခ။ သာဝဇ္ဇကမ္မ အမှုမျိုးဖြစ်နေပါ သဖြင့်။ ကလျာဏကာရီပင်ဖြစ်မည်။ဒါနရှင်တို့ကဟူဇော်သကြာ၌ ပြုလိုသောအခါ။စေတိယံဘိန္ဒန္တို့သည်-ပျက်၍။ကုသလပက္ခမျိုးကိုဝင်ပါမည်လား။ ။မနုဿာစေပသဒ္ဓန်ဒု။ ဟူသောဓမ္မပဒ ပါဠိတော်သည်လည်း။သာဝဇ္ဇအမှုမျိုး။အနဝဇ္ဇအမှုမျိုးဟု-နှစ်ပါးခွဲရာ။အနဝဇ္ဇအမှုမျိုးနှိုက်သာ။စိတ်ကောင်းစိတ်မြတ်။ပသန္နစိတ္တုပ္ပါဒ်။ ဖြစ်သည်ဟု။ယုံကြည်ပါသည်။အရှင်ကိုးကားလိုက်သော ကလျာဏကာရီ။ဟူသောစကားက။ ပုညကိရိယာ။ ဆယ်ဖြာသောဝတ္ထု။ အနဝဇ္ဇကမ္မအမှုမျိုးကိုပြုခြင်း။ပါပကာရီစပါပကံဟူသောဒုတိယပိုဒ်နှိုက်။ ပါပကာရီ ဟူသောပုဒ်ဖြင့်။ အကုသလပက္ခ။ သာဝဇ္ဇအမှုမျိုးကိုပြုခြင်း ထင်ရှားပါသည်။ ယခုမှာ။ ကျောင်းတကာ-ဦးတက်ပြုံးသည်။ဓါတ်ဒီးပူဇော်လို၍။ဘုရားစေတီကြီးကို။တူးဖြိုဖေါက်ထွင်းခြင်းသည်။စေတိယံဘိန္ဒန္တို့။ဖြစ်ပါသဖြင့်။က လျာဏအမှုမျိုးပင်ဖြစ်ပါမည်လား။စေတီတော်ကို။ အကယ်စင်စစ်အရိုးအသားအားဖြင့်။ ကြည်ညိုမြတ်နိုး၍။ ဓါတ်ဒီး ပူဇော်လိုပါလျှင်။ ဘုရား ဖြစ်သော စေတီတော်ကြီးကို။ ဖေါက် ထွင်းနိုင် ခြင်း။ စိတ္တုပ္ပါဒ်ပသန္နဲ ဖြစ်လာနိုင်မည်လား။ ဘုရားတပည့်တော်သည်။ ဃရာဝါသအိမ်ယာထောင်သောလူ၏ဘောင်နှိုက်နေ၍။ အားဟာရပရိယေသနကိစ္စကိုရှာမှီးရပါသဖြင့်။အကုသလဒုစရိုက်အမှုမျိုးနှိုက်။ ကုသိုလ်စိတ်ပင်ဖြစ်ထသလား။ကုသ ထပက္ခပုညကိရိယာ

အာနဝဇ္ဇအာမှုမျိုးနိုက်လည်း။ ကုသိုလ်ဖြင့်ထေ လေးဟု။ ယုံမှားသံသယရှိခြင်း။စေတီဝင်ကိုတူးဖြိုဖေါက်ထွင်းခြင်းဝ ည်။သံဃဝဇ္ဇပက္ခ။အာနဝဇ္ဇပက္ခနှစ်မျိုးနိုက်။ ပေးဝေင်မှုအင်ဒေ ၁ကျမ်း စာများရှိသလေးဟု။ ယုံမှားသံသယရှိခြင်းပါသည်။ သို့ဖြစ်၍။ ဘုရားတရားတည့်ဒေတာ်။ဆရာ ဦးဓေါ်ကလေးဖေါ်ယုံမှားသံသယကို။ ဝရဖိန်ဥာဏ်တော်နှင့်။ ဝိုင်းဖြတ် သုတ ၁ င်ရှိ၊ ကင်းငြိနှံ အာဂမသာဓကယုတ္တိနှင့်။ပေးသနားတော်မူပ ၎င့် အရေကြာင်း ကြည်ညို ဝပ်တွားသနားတော်ခံပါသည်။ကျေးဇူးတော်ရှင်ကြီးဘုရား။

---

(၁၁) ဤမေးခွန်းစေတီတော်တွင်။ဓါတ်ကြိုးမြုပ်သွင်း ပူးစော်ခြင်းကြောင်ငြာစာ။

\+ + + + +

၁-ကျွန်တော်ပုသိန်မြို့နေ။ ဦးဘိုးလှိုင် ကုမ္ပဏီ တို့က်အုပ် ဦးဘိုးလှိုင်။ဦးမောင်ကလေးတို့က်။ အမျာ ကြာသိ၊ ရန်၊ ကြောင်ငြာလိုက်ပါသည်။ဓါတ်ဒိုးပူးစော်လိုသဖြင့်။ စေတီတောင်ကို- တူးဖြိုဖေါက်ထွင်း တူးဖြိုအပ်သေ။ ပါဠိအဋ္ဌကထာ။ ကုမ်းဂနိုက်ပြန်လျှင် ထည့်။ငွေ(၂၀၀)လွှဲဒါန်းပါမည်၊ ဂင်းပြင်လည်း။မနသာစေပသေနှ နှ။စေတနာကောင်းလျှင်။ ပျက်စီးယိုယွင်းခြင်း မရှိသော-စေတီတော်များကို။တူးဖြိုဖေါက်ထွင်းနိုင်သည်ဟူသော။ကျမ်းဂန်သာဓကပြုနိုင်ပါလျှင်လည်း။ ငွေ(၂၀၀)လွှဲဒါန်းပါမည်။ ဤသို့သော အာကြောင်းကို။အမှုးပြည်သူတို့-ကြားသိစေရန် ကြော်ငြာလိုက်ပါ

သည်။ ။ဧရတိယံဘိန္နန္တိ။ဓါတုဓိဥပက္ကမန္တိ။ကောသံကိံဟော
တိတိ။ဘာရိယံကမ္မံဟောတိ။ အနန္တရိယသဒ်သံ။ ။ဤ အဋ္ဌက
ထာကဲ့သို့။သာဓကထင်ရှားစေအောင်ပြတော်မူ၏။ဝိနိစ္ဆယဧရေးသူ-
ဘဒ္ဒန္တ-ဦးမှတပါးသော တစုံတယောက်ကိုလည်း။ ဓမ္မာဓမ္မကိုဖြေ
ဆိုရှင်းလင်းနိုင်ရန်စွင့်ပြုပါသည်။ကွယ်ရာကစိတ်မာန်မကြီးသင့်
ပါကြောင်း။ရင်းကြောင်ပြာစာကို။အာရက်-၄၀-အုပ်တွင်း။ အထက်
ကဆောက်ပြခဲ့သည့်-၃-ချက်တို့ဝင်။ တစုံတယောက်မျှမထွက်
ပေါ်ထာခဲ့ပါလျှင်။ကုန်းသာဆရာတော်ရေးသား ဆုံးဖြတ်သည့်အ
တိုင်း။မရဏဖြစ်သည်ဟု။ကျွန်တော်တို့နှင့်တကွ၊ ပြည်သူအများယုံ
ကြည်ထိုက်သင့်ကြောင်း။ကြောင်ပြာလိုက်ပါကြောင်း။

ဦးမောင်ကလေး။ ဆရာ-ဦးတိုးလှိုင်။

ဓါတ်ဖိုးအသင်းသားများဘက်က။ ဆုံးဖြတ်ရေးသားကြသော
ဝိနိစ္ဆယဆရာတော်များမှာ - အောက်ပါအတိုင်း
ဖြစ်ပါသည်။

၁ မနုလည်ဆရာဘဒ္ဒန္တဘုရားကြီး။

၂ မန္တလေးတက္ကိုပန်စ်ပါး သာသနာပြုဆရာတော်ကြီးများ

၃	၎င်း	ဧခမာသိဝံတိုက်	၎င်း
၄	၎င်း	မစိုးရိမ်တိုက်အုပ်	၎င်း
၅	၎င်း	အနောရထာဝိသုဒ္ဓါရုံဆရာတော်-ဝင်း	

၆ ရန်ကုန်မြို့။အဂ္ဂမဟာပဏ္ဍိတဘွဲ့ခံ-စံကျောင်းကြီး။

၇	၎င်း	ဦးပြားတောရ။
၈	၎င်း	မြန်မာပညာရှိအသင်း။

၉ သုံးဆယ်မြို့။မောင်းထောင်ဆရာတော်။

၁၀ ပုသိမ်နှိမ့် မောင်းသောင်ဆရာတော်။

၁၁	၎င်း	မြောင်းမြဆရာတော်။
၁၂	၎င်း	ဆရာတော်တပါး။
၁၃	၎င်း	အဝိုင်-ရွေးရွာဆရာတော်ဘုရား

(၁၂) ပုသိမ်ဂြို့။ ငွေရေငွေဝေစတိတေင်းကို။ ဓါတ်ကြိုးဖြုတ်သွင်း ခြင်းနှင့်စပ်လျဉ်း၍။ ဦးပဒုမအာသင်းက။ကုသိုထိမဖြစ်-အာ ကုသိုလ်ပင်ဖြစ်သည်ဆို၍။ မနှလည်ဆရာတော် ဘုရား ကြီး-ပဌမအပိန့်တော် ဆုံးဖြတ်စာကို- မနာယူ ပြန်ကြ သောကြောင့်။ဒုတိယတဘန်ဆုံးဖြတ်တော်မူသော။

(မနှလည်ဆရာတော်ဘုရားကြီး၏အပိန့်တော်စာတမ်း)

မာတာပိတု။ဂုရာ ထွာ။ ဒိုးဂြဟ္မာတို့သည်။ သည်းချာ ပုတ္တာ။ သိသကအာပေါင်း။ဆိုးကောင်းဝေးနိုး။ ငယ်ကြီးမဟူ။ ဟိန္နဂူတို့. အား။ ချိန်တူအလို။ ဂြဟ္မစိုရ်ဂြတ်။ ပွါးကြ တတ်ကုန်သကဲ့သို့။ နည်းမှတ်ယူသုံး။နှလုံးဆောက်တည်။ သဘောကြည်လျက်။ မန် ထည်မြို့မဟောင်း။ ပြာသာဒ် ကျောင်းကြီးဆရာ။ မဟာထေ။ ဘဒ္ဒန္တက။ ကျမ်းရိုးကျညာဏ်။ ဟုတ်မှန်သဘော။ အထွာဆို အနက်။ဒက်ဆိုဒိုး။ ကြိုးဆိုကြ။အရမက။ နည်းထိမှ တို့ကို။ အန္တောလိန။လိန္တရေစေဒနာ။အာဘော် အာကာရတို့နှင့်တကွ။ စေတော်ပရိယာ။ညာဏာပမာ။ သိတတ်သေး အရာကြောင့်။ သေ ချာ စွာစာပြန်၍။သိစေရန်ပိန့်ကြားလိုက်သည်။

အထက်မစိန်။အောက်ပုသိန်။ ရေပိန်အထယ်တွင်း-ဟူသော။ ဏ္ဍနန်းသုံး ကဝိထက္ခဏာသတ်ပုံ။ ။ဒြိုမှာပုသိန်။ ဂျင်မင်းသိန်။ သိန်ရာသီကိုနသတ်မည်ဟူသေး။နောက်ပေါ်က ဝိမျက်မှန် သတ်ပုံ။ ။စည်းစိမ်ထူပြော။ နတ်နှင့်လျော်သား။ ဂျင်စောပုတူ။လိုက်ဆူကျော်ဂိုန်။ပုသိန်မင်းဖြေး။ဟူသော-၉ ခန်း လက်ာကြိုးတို့နှင့် အညီ။သက္ကရာဇ်-၇၉၀-မက။ဂြေးအထက်ကာထကပင်။ဖြန်မဉ့ ဦးစွန်း။ထွန်းလင်းတောက်ပရ ။ သုခဝင်ရန်။ တမွှဒိပ။ ရာမညနှင့်။ ကမ္ဘောဇတိုင်း။မောကျိုင်းပတ်ခြံ။ထိုးရံနန်းရံ။နိုင်ငံခရိုင် အစိတ် နှင့်တကွ။ကျန်ရမလွတ်။ ရာဇဝတ်ဖြင့်။ ငွေလွတ်ငွေရံး။ထိုးလုံး နန်းလုံး။အမြဲသုံးလျက်။ရေးထုံးမပျက်။ ဆက်ဆက်မပြတ်။နသတ် ကာရန်။ နည်းမှန်မယွင်း။ ငွေတိုက်တော်တွင်း။· အစဉ် သွင်း၍။

သတင်းမင်္ဂလာ။ လွန်ပွင့်ထင်းသာသဖြင့်။ ခေတ်ကမ္ဘာနွယ်းမမြိန်။ တစ်သည်ရာ ထွန်းထိန်သည့်။ ပုသိန်မြို့။ ယိုးဒယားကုန်းရပ်နေ။ ဗိန္ဓောဆရာ--တကာ မောင်ကလေးနှင့်တကွ။ ငွေပေးကြော်ငြာ။ နေဝံရောံလာသော။ ကြော်ငြာစာတကာ--မောင်လှိုင်တို့။ ။ကြံ့ခိုင်ခန္ဓာ။ငါဆရာလည်း။ဖွေးခါမဆွ။ကာလကပင်။ ပုသိန်ကပေါ်လာသော်။ဆရာရော တကာရော။ သဘော်တူမကွဲ။ အာယူချင်းတွဲပြီးလျှင်။ တရားမျှားစွဲတတ်သောကြောင့်။ ခဲမှန်ဘူးသော-စာကဆေးကဲ့သို့။တအေးအေးဂိုနေရာ။ရင်ခွေနောက်မျှားမကြာ။ပေါ်ပေါ်က်၍ လါပြန်ပြီ။အလွှာအရေ။စာအရေ။အာနုတ်လျှာစတွေနှင့်။အါကကြေဘွယ်ဂိုရှိချေသည်။ မြောက်သံ။ အောက်သံ။ အထောက်သံဖြင့်။ အလံထူပြူ။ဥဇုမဟုတ်။ဝင်ဝုတ်မေး။ငွေပေးဟိတ်လုပ်။ ဆီတ်တဆုပ်။ဘိုက်တအိတ်။ဆိတ်ကိုယ်နှင့်ဆိတ်ဟာ။ ပမာဏာမမျှ။ပုသိန်သားအလွေ့။ပုသိန်မြေခါတ်ကြော။ပေါ်လာလျှင်ငေါ်ငေါ်ကြီး။ အံ့ဩသြးထောက်ဘွယ်ဂိုရှိချေသည်။ ။အာဘယ့်ကြောင့်နည်းဆိုလျှင် ဗိန္ဓောဆရာ-မောင်ကလေးက။ဘုရေးဟာနဲ့ကွ။ငါလုံးကြီးပြသည်မှာ။ကလျာထာကာရီ-ဂါထာကို၊ငါဆရာထင်လင်းအောင်။ကျမ်းရင်းကိုမပြုဘဲ။ဓမ္မပဒပါဠိတော်လာဟု။ထုတ်ဘော်ကာပြခဲ့သည်။ ပြသည့်အလို။ထိုဓမ္မပဒပါဠိတော်-၂၆-ဝဂ်တို့တွင်။ ။ဘယ်ဝဂ်တွင်သုပါ။ ၄၂၄-ဂါထာတို့တွင်။ ဘယ်ဂါထာ ဖြစ်ကြောင်း။ ဝတ္ထုပေါင်း-၃၀၀-အရတို့တွင်။ဘယ်ဝတ္ထုအထွက်။အချက်ကျပြလေ့ဆိုလျှင်။ သူဘာကိုပြမည်ဆိ၊ ဂျာတ်မဂို ဝါကြွားထတ်။ ပညာနည်းပါး။အရပ်သားတွေနှင့်။မိန်းမမျှားတို့ကဲ့သို့မှတ်၍။ကျမ်းတတ်ပင်ဆိုကြလည်း။ငါ့လိုလောက်မျှသိမထင်ဟု။တကယ်ပင်ယူစွဲ။အဆင်ခြင်ဉာဏ်မဲ့၍။ ရဲရဲကြီး ဝါကြွားလျက်။ ထင်ရှားစွာဘော်ထုတ်၍။ ဝက်ဝုတ်အောက်သံနှင့်။ထောက်ခံကာ မေးသောကြောင့်။ အဖြေပေးခက်လှသည့်မောင်ကထေးရယ်။ ။ထိုမှတရေး။ ငွေပေး၍ကြော်ငြာသည့်။ ကြော်ငြာစာ မောင်လှိုင်ဇော်။ လက်ကိုင်သည့်စာတမ်းနှိုက်လည်း။ဗောဓိရုက္ခံ ဆိန္နန္တိ။ စေတိယံဘိန္ဒိတ္ထ။

လာရှိသည့်ပါဠိအရ။ဒုဠ္ဘပဒုဋ္ဌ။အဓိကာရအရာ။ပါဠိတော်အလာ။
ရှောင်ခွါ၍မကပ်၊ 'အဠ္ဌကထာနှင့်လည်းမစပ်။ နပ်ပါးပုံဝိနိစ္ဆယ
ဆရာ။စေတနာပြဋ္ဌာန်းရင်း။ ပြုလုပ်ခြင်းအတွက်။ ပျက်စီးသည်။
ကောင်းမွန်သည်ဖြစ်အဖြစ်တို့ကို။ မစိစစ်မထောက်ရှု။ မလိုမှုအရ
နှင်။မရဓမ္မဋ္ဌ။ပသန္နအရာသွင်း။ခုံမင်းကတာဘက်ပါ။ပြစ်မှုရှိပြစ်မှု။
ပညာတော်ကဲ့ပို့။ စွပ်စွဲချက်အဆိုဖြင့်။ တကျင့်လျှို့ တက်ျင်ထိုး၊
တရားလိုစကားမျိုးတွေနှင့်၊ မရိုးသောလက္ခဏာ။မြစ်လယ် ခေါင်
မှာ။ဆင်သေကောင်ကြီးမျောသကဲ့သို့။ဘုန်ဉာဏ်။မြစ်လယ်ခေါင်မှာ
ဗျိုးဘောင်ကြီးမျောသကဲ့သို့။ ပေါလောကြီးထင်ရှားလေး ညှာ့ကြီ
ကဲ့သို့အမှုကို။မရဓမ္မဋ္ဌ။ပသန္နဆိုခဲ့လျှင်။ ထို ထိုစေတီ ရုပ်တုတော်
ဟူသမျှတို့နှိုက်။ရွှေချလို-မှန်စိလို အဆင်းဘို့ကြောင့်။ သစ်ခဲစေး။
ဟင်းသပြဒါးသုတ်လိမ်းခြင်း။ ယင်းမှတပါး။ စေတီတော်ငယ်
ငယ်ကြီးကြီးတို့နှိုက်။ထိုးတော်ကိုခိုင်ခန့်စေခြင်းငှါ။ လေးမျက်နှာ
ရှစ်မျက်နှာ။ ဆယ်မျက်နှာစသည် အရပ်တိုင်းတို့နှိုက်။ သိုးဆိုင်း
နရားထောက်တို့ကို။ လေး သစ်လောက်, တဝါးလောက်။ တဖိုက်
လောက်မက။သံမယ်နသံချွန်ဘို့ဖြင့်။နစ်ကျွံးအောင်အဖြင်း။စေတီ
တော်အတွင်းသို့။ ရိုက်သွင်း မြှုပ်နှက်ခြင်း အမှု။ ပြုကြရသည်
လည်း။မရဓမ္မဋ္ဌ။ပသန္နဖြစ်သဖြင့်။ စင်စစ်အကုသိုလ်ချည်းသာဟု။
ဝိနိစ္ဆယအရာ။ထိုဖြတ်စာတွင်။ထိုဆရာတို့ဝစနှိုက်။လင်္ခဏေါသ
ဘော်ရာသည်။ ။တဖြာထိုမှ။ ဓမ္မာသောကမင်းကြီး၏။ ဗေဒါဓိ
ပင်ကိုဖြတ်ခြင်း။စေတီတွေကိုဖေါက်ဖျက်ခြင်းတို့မှာ။ မြတ်စွာဘု
ရားအလိုတော်အရ။ အဂ္ဂဉ်မဟာကသဟ။ဗျာဒိတ်တော်ထားခြင်း
ကြောင့်။ အကုသလ-သဘာဝကင်း၍။ အဖြစ်ဂုဏ်းလွတ်ရုံလဟာန်
ကြွင်းကျန်သူ-လူအပေါင်းတို့မှာ။ မဒကောင်းမှု အကုသိုလ်သာ။
ဆိုလိုရာအနက်နှင့်တကွ။ကေန်ကာ။အကုသလသဘာဝ။သာဝဇ္ဇ
တရားကို။ မြတ်စွာဘုရားနှင့်။ ဂုဏ်မဟာကသဟတို့က။ ဓမ္မာသော
ကမင်းကိုသာ။အဖြစ်ကင်းဖြစ်ရေလျက်။ မျက်နှာကြီးရာဟင်းဖတ်
ပါ ဆိုသကဲ့သို့။ မလိုအပ်သော။အနိဋ္ဌပသင်္ဂ အနှက်လည်း။ဆက်

ဆက်ကြီး။အဆွေ ပန္နဲ အဝတ္တ သိဒ္ဓိ နည်းဖြင့် ရောက်၍။ ယွင်း ဘောက်ချွတ်လွဲ။ စွပ်စွဲရာသို့ ကျရောသည်။ ။ထိုမှတဖြာ။ စက် တော်ရာပြောင်းမှ။ဂုဏ်သုဓမ္မစာရိ။မျက်စိကွယ်ဟန်။အာကာယ်၍မှန် ခဲ့လျှင်။ကွယ်တန်ရာပေစွ။ အာဘယ် ကြောင့်နည်း။ ။သင်္ဃံကာ ယကမ္မံ။ဥာဏပုဗ္ဗင်္ဂမံ။ဥာဏာနုပရိဝတ္တံ။ နှိုင်းစံမရှိ။ ကာဆသုံး ထပ်။ခေတ်သုံးရပ်လုံး။ မလပ်အောင်သိတတ်သော။ ဝိပတိအဂ္ဂင်။ ဥာဏ်တော်ကြီး သခင်ကို။ အဖြင်တော် နည်း သက့ဲသို့။ မဆိုရာ လည်း--ဆိုရာရောက်။ပုထုဇဉ်အလျောက်။ သဒ္ဓါဟုံပိုမောက်၍။ ယွင်းဘောက်ဖြစ်မှားခြင်းဖြစ်ရာကောင်းသောကြောင့်။အလောင်း စည်သူမင်းကဲ့သို့။မျက်စိကွယ်ခြင်းတူတန်ရာ၏။ ။ဤမှာမူကား။ ဖြစ်မှားလိုခြင်း--သက်သက်ကင်းလျက်။လွန်မင်းစွာ ကြည်ညိုကြ သည့်အတွက်ဖြင့်။ရှေးကထက်လွန်ကြူး၍။ မွန်ထူးအောင် ပူဇော် ရန်။ ကြီဘန်ပြုလုပ်သည့်အကြောင်းကို။ မကောင်းမှုအကုသိုလ် ဖြစ်သည်ဟု။စင်စစ်အားဖြင့်။ပညာရှိသန္တုန်တို့။ ဝိနိစ္ဆယမပြုနိုင်ကြ ရာပေ။ ။တထွေထိုမြို့။ငါတို့အလို။သဘောဆိုလျှင်။ ထိုဗောဓိ ရုက္ခံဆိုးဆိုး။စေတိယံဘိန္ဒိတွာ။လာရှိသည့်အဋ္ဌကထာ။ ဘွင့်ဖြရာ မူလ။ အဋ္ဌာနသုတ်ပါဠိ-အာဘိဓမ္မာ ဝိဘင်္ဂကတ်နှိုက်လည်း တတန်။ သုတ္တန်ဝိဘင်္ဂကတ်နှိုက်လည်း တဋ္ဌာန။ကျမ်းဂန်နည်း။ အဓိကာရ ထည်း။လောဟိတုပ္ပါဒအရာ။မါတုဃာတကဝိတုဃာတကကံတို့ ကဲသို့။ကေန်ကာ။ အကုသလသဘာဝ။ ဒုဝဝဋ္ဌသဘောမဟုတ်။ ပဒဋ္ဌစိတ္တောလောဟိတံ။ ဥပ္ပါဒေယျဟူသော သုတ္တန်ပါဠို။ ပဒဋ္ဌ စိတ္တောတိ။တံဝဓကစိတ္တော ဟုတ္တွာ-ဟူသော။ဂုဏ်းသုတ္တန်အဋ္ဌက ထာ။ ။ဒုဋ္ဌေနစိတ္တေနလောဟိတံ ဥပ္ပါဒေယျ-ဟူသော။ အာဘိ ဓမ္မာပါဠို။ဒုဋ္ဌေနစိတ္တေနာတိ!ဒေါသသမ္ပယုတ္တေန- ဝဓကစိတ္တေန ဟူသော။ဂုဏ်းအာဘိဓမ္မာအဋ္ဌကထာတို့နှင့်အညီ။ ဂုဏ်ဒေဝဒတ်အံ့ လား။ဘုရားနှိုက်မကြည်ညို။သေစေလိုသောသဘော။ ဒေါသသမ္ပ ယုတ်။ဒုဋ္ဌပဒဋ္ဌ။ဝဓကစိတ်မျိုးဖြင့်။ ဗောဓိပင်၊စေတီ၊ ပုထိုးတို့ကို။ ချိုးဖြတ်ဖေါက်ဖျက်ခြင်းတို့ကိုသာ။ ဖြစ်မကင်းဆုံးဖြတ်ကြ လို

ကုန်သည်။လိုသို့မဟုတ်။ဒုဋ္ဌပဒုဋ္ဌမပါ။ အနုဂ္ဂဟစေတနာ။ သိရိဓမ္မာသောကမင်းကြီးတို့ကဲ့သို့။ ချီးမြှောက်လို။ကြည်ညိုလို။ပူဇော်လိုစိတ်မျိုးဖြင့်။ချီးဖြတ်ဖေါက်ဖျက်ခြင်းတို့ကိုကား။ အပြစ်ကင်းဆုံးဖြတ်ကြလိုကုန်သည်။

ဤငါတို့ဆုံးဖြတ်ခြင်းမှာ။ ပါဠိတော်အလာ။ အဋ္ဌကထာအရဖြစ်သောကြောင့်။ယဆုခေတ်အခါ။ လူပညာရှိ၊ နှုတ်ပညာရှိ။ ပဂိပဒေး။ဉာဏ်သူဌေးကြီးတို့။ မန္တလေး။ရန်ကုန်၊ အောက်ရုန် အထက်ဆန်။မကျန်မလပ်။ အရပ်ရပ်ပညာကျော်တို့ဏှိ။ အလိုတော်တူကြခြင်းသည်။ ထင်အလင်းသေအချာ။ စက်ပုံနှိပ် အကွရေး။ မောင်မင်းတို့ကြော်ငြာစာတွင်။ ငါဆရာအစ။ဦးရေပြ-၁၂။ထင်ရှားကြီးဖြစ်ချေသည်။သရုပ်စစ်ထုတ်ဆိုလျှင်။ ပုဂ္ဂိုလ်ထိပေါင်းမည်မျှရှိဟု။မသိကြနိုင်ရာ။ ကျမ်းဂန်တတ်မှန်ကြပါလျှင်။ ဤအဋ္ဌကထာ။ဤပါဠိတို့ဏှိ။ အဓိကာရနည်းအနေ။ တသဝေယ္ယင်းမကွက်။ ထင်ရာသွင်းမစွက်။ ကကြီးယပင်းကသတ်ကျက်။ အောက်မြစ်ချက်ခွေပေါက်ခြင်း။လျင်းပါးဘွယ်ကင်းသဲကဲ့သို့။ ရှင်းရှင်းကြီး။ လင်းလင်းကြီး။ကွင်းကွင်းကြီးမြင်သိတော်မူကုန်၍။ဤအတူချည်းသာ။သမာနဝါဒီ။အညီအညွတ်ဆုံးဖြတ်ကြကုန်ပေလိမ့်မည်။ ။ယင်းသို့ဖြစ်၍။စင်စစ်မရှေးက။အဟုတ်ကိုထုတ်ပြရလျှင်။ မြန်မာ့နိုင်ငံတော်ကြီးအလုံးနှိုက်။ အဝိပ်ဆုံး။ အထွတ်ဆုံး။ အခေါင်ဆုံး။ အဟျားဆုံး။အာထက်ဆုံးခေါသမုတ်သည့်။ ချိပကုက် လွှတ်တော်ကြီးက။ဧရာမပညာရှိ လူကြီးတွေတို့။ဆုံးဖြတ်ပြီး။ ကြိုးသတ်ပြီး။ မာထကရောက်ပြီးလျက်။ဧသပြီးသည့်လူ့ပမာ။မောင်မင်းတို့ဖြတ်စာ။လူသေစာ။တရွေ့စာ။ငါတို့နှင့်ကင်းစွာ။မောင်မင်းတို့ဘာသာမောင်မင်းတို့ဖြတ်စာကို။ တည့်လိုရာ အတည့်ပြု။ မှုတခု ပူမရှာ။ ၎င်း-၂၀၀-မက။ရှိသမျှတအိမ်လုံး။အသုံးကျပြုလိုရာ။ယထာသုခံ။ ပရိဘုဥ္ဇထ-ဟု။ ရေစက်ချပေးလှူလည်း။ ဘယ်သူမျှ ရေးမလုပ်။ ပုတ်ပြီးသည့် ဖြတ်တမ်းစာ။ အိုးတုတ်နှင့်ပါလေပြီ။ လူသေစာ။ တရွေ့စာ။မနေသာမနေသောင့်။ငွေပေါတိုင်းရောင့်ပါပေ့။သနောင့်

လိုက်ပါဘိ-မောင်လှိုင်ငယ်။ယာကို့ငှင့်နှင့်နိုး၍ထင့်။အံ့ကြိုးအံ့ဘွယ်။ ရှိပေသည်။ ။ပါပဓိတ္တာ။ နိဿယကြောင့်။ ဝါဒချွတ်ယွင်း။ မင်း အာဂ်တိ။ယူဒ္ဒိဋ္ဌိကို။ဗောဓိသတ္တာ။နာရဒမဟာ။ဇိုးငြိဟွာကဲ့သို့။ဆရာ တို့အလို။ တရားကိုယ်မှန်ရာ။ ဆုံးမချင်ပါလည်း။ ရုစာမင်းသမီး တည်းဟူသော။ ထောက်သူခံသူလည်းမရှိ။ ဝိပ္ပလာသဘောက်ဖြန် ကလည်း။မောဟာလွှမ်းပြီး။ အယူသိုး၍။စပါးကြိုးချက်ငြိ။ဟူတုံ့ဘိ သို့။အဓိစိသွား။အာကျင့်မှားကို။မြစ်တားမရ။ဆုံးမ-မနာ။ရှိတတ်စွာ ခဲ့။ဟူ၍ငင်း။လိပ်ခဲပမာ။မြဲမြံစွဲလျှင်။ သတ္တဝါတယောက်။ယူမှားမှောက်ကို။သိန်းလောက်ဘုရား။လှန်သေ့အားဖြင့်။တရားခြေချွတ်။ ဖြေမလွတ်ဘူး။ဟူ၍ငင်း။ ၊ဆိုအပ်ဖေသာလက်ာနှင့်အညီ။ ဝဿိ ဝါဒ။ဖြေမရက။ဆုံးမကျိုးမနပ်မည့်အတွက်ကြောင့်။သနားလျက် နေရချေတော့သည်။ ။ယသဒ္ဒ၊ခါ။မြန်မာဇကောဇ် သမ္မုတိနှတ်။ သာသနာပြုမင်းမြတ်တို့။စောင့်မှတ်ထင်ရှားရှိသည့်ဖြစ်က။စင်စစ် မလွဲတ်။ရာဇဝတ်ဘေးကြိုးသင့်ရာ၏။ထိုစကားမှန်စွ။ဝါ။ထိုစကား ကို-ထင်ရှားစိမ့်ဌာ။ ဥဒါဟရဏ်သက်သေထုတ်၍။အဟုတ်ဖြစ် ဘူးသည်ကိုပြဦးအံ့။ဒုတိယ အမရပုရမြို့ဝယ်သည်။ဣဿိဘုရင်မင်းတ ရားကြီး၏လက်ထက်အခါ။မရေမရာ။တွေ့ရွှာက။ထလာထွက် ထာ။ရောင့်တက်ထာသော။စကြာကတုံး။ ပေါသမျှအားလုံးတို့ကို။ အသက်ဆုံးကွပ်ညှပ်စိရင်ခြင်း။ယင်းမှတရေး။မည်သို့လေးရတနာပုံ ဝယ်ထမမြို့တည်နန်းတည်။ပဉ္စမသဂ်ါယနာတင်။ ဘုရင် မင်းတရား ကြီး၏ရွှေလက်ထက်ကလည်း။ဓမ္မစက်သြဝါ။သာသနာပြုဆရာ တော်ကြီးများ၏ အာဆုံးအာမကို။ မယူမနာ။ အယူသန်မာ။ သေရ ဘောင်မလိမ္မာ။ လူဖြစ်ကျိုးမနပ်စွာသော။ ဓါတ်ဆရာ-ငပိကို။တံ ကျင်လှို-ဒေဝဒတ်ကဲ့သို့။ကွပ်ညှပ်စိရင်ခြင်းတို့ကို။ပြုကြကုန်၏။ ယသဒ္ဒါမှု။ရွှေတောင်ထက်ဟုား။ ဌက်စုံနားသကဲ့သို့။ မခြားအောင် အရောင်တူသဖြင့်။ ကုက္ကုလူ-ဌက်ခင်ပုတ်တို့က။ ရွှေဌက်လုပ် ဟန်ဆောင်။ ရွှေမျက်လုံးကြီး ကြောင် တောင်တောင်နှင့်။ ရွှေ ကောင်စစ်ဟင်းသာမင်းတို့ကို။မာန်တင်းကာပြိုင်ဆိုင်နိုင်ကြသော

အခါဖြစ်ရကား။ခေတ်အလိုခါအရ။ ကာလနှင့်ကာလဝန်။ မလွန်ကြအလိုက်။ကပ်အဆိုက်။ခါတ်အကြိုက်။ နှတ်ကလည်းအတိုက်။ ကျားကိုက်သည့်ထိုပမာ။ရိုက်ဇ္ဈာဟုံမဆိုရော့။အခါနှင့်အခါ။ငွေနှင့်ဒိဝထိဆာ။ ပုံမပါ,ပတ်မပါ။ ဆိုင်းမပါသွားလိုသွား။ တိုးသမား,ကသမား၊စည်းဒုံးကိုမထား။ နောက်ပေါ်သည့်–ဒိုးပတ်သား။ ကိုးရိုးနှင့်ကားရေး။ ရိုးကြိုးနှင့်,သုံးငါး။ ကြွက်သေက, ကြောင်မခြံး။စာမသင်သည့်ခင်ကြိုးမျှား။ ဂ္ဂရကိယနှင့်ဆွဲမ်းစား။ဥပဒေသာမမှားဂေနှင့်။လိုရာသာကြွားကြပေတော့။ ကာလသားဖြစ်ကြပေသည်။ ဗိန္ဓေါဆရာ၊တကာ–မောင်ကလေး။ဥဋ္ဌေပေးကြောင်ငြာ။ ကြောင်ငြာစာတကာ–မောင်လှိုင်တို့။

"မန်လည်ဆရာတော်ဘုရား"

(၁၃) ပုဆိန်ခြွေ။ဆရာမြကာ။မန်ထည်ဆရာတော်ဘုရားထံ။ သတိပေး-ပြန်ကြား--လျှောက်ထားဂေသာ။

(မန်လည်ပြန်စာတမ်း)

နမောတဿ။ ။ပုဆိန်ခြွေ။ ဆရာ--ဦးမြကာ။ ဆေး ဆရာ--ဦးမောင်ကလေး။ ဦးဘိုးလှိုင်ကမ္ဘာကိုတို့၏ ကိုယ်စားလှယ် အဖြစ်ဖြင့်။မန်လည်ဆရာတော်ကို။ သတိပေးပြန်ကြား။ လျှောက် ထားအပ်သောစာ။

"ပုဆိမ်"ဟု--မသက်ကာရန်။ဂရေးသားကြခြင်းသည်။ ကလျာထိကျောက်စာစသည်တို့၌။ ကုသိမရ၌။ "ပုဆိမ်နဂရ" စသည်ဖြင့်။မဂဓဘာသာဆိုသည်ကို။ကုသိမနဂရ။ ပုဆိမ်-ဟု။မ သတ်အနက်ပြန်ဆို၍။မ–သတ်ကာရန်။ နိုင်ငံအားလုံး။ ရေးထုံးပြုသည့်ကို။ပညာ့ရှင်တို့ဝန်ခံကြကုန်၏။ ။ကလျာထကာရိ ကလျာထံ။ စသည်ဖြင့်။ ဒုကနိပါတ်။ ဘဒ္ဒနဒ္ဒိယစာတ်။ပဉ္စနိပါတ်။ ဂဝနသာခစာတ်တို့နှိုက်၊ လာသည်တို့ကို။ ဝမ္မပဒနှိုက် လာသည် ဟု။ သတိ

သမ္မောဟာဖြင့်-- ဆိုဓိသည်ကို။ အမှားကြီး ဘမ်းဓိဗြိဟု။ မည်တွန်
တောက်တီးသည်ကို။ပညာရှိတို့ဝန်မခံကြကုန်။အဝေကြောင်းမှကား
ရဟန္တာအာရှင်ဖြတ်သော်လည်း။ပမာဒလေခဖြစ်ရသေးဏှိ။ ။အာ
မည်နာမပင်လွဲစေကာ။ ဟောတော်မူအပ်သော။ သဒ္ဒါ,ပုဒ်,ပါဠိ,
အာကွရာဒျတ်ချော်တိမ်းပါးခြင်းမရှိပါသဖြင့်။ ဝိမုတ္တိရသာ။ မြိုက်
သြဇာသည်။ဖြည့်နှက်လျက်ပင် ရသောကြောင့်။ ဝါ။။ ကလျာဏ
ကာရိကလျာဏံ။လ။တာဒိသံ။ဟ ရတေဖလံ-ဟု။ဟောတော်မူရင်း
တိုင်းဖြစ်သောကြောင့်။သမ္မပ္ပလဲသောပကင်း၍။ အထွဓမ္မ နိရုတ္တိ ပဋိ
သမ္ဘိဒါ။ဉာဏ်ဏှိကျက်စားရာဖြစ်ပေသည်ဟု။ပညာရှင်တို့မိန့်ဆို
ကုန်ဏှိ။ ။မန်လည်ဆရာတော်သာလျှင်။ ။ယာနိ ကရောတိ
ပုရိသော။တာနိအတ္တနိပသတိ။ဟူသော-ဂြိုးနှစ်ပါဒကိုချန်ထား
၍။ ကလျာဏကာရိကလျာဏံ- က,စတင် ရေးသားပါ သဖြင့်။
သမ္မပ္ပလာပ - မဖြစ်သော်လည်း။ဖြစ်ရာဏှိဟုဆိုကုန်ဏှိ။

